ဇီးတောကျေးရွာ
ဂွမြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၁၆ - ၂၀၂၀)

ပြုစုရေးဆွဲသူ
ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
ဇီးတောကျေးရွာ၊ဂွမြို့နယ်

(မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ

မာတိကာ

မာတိကာ ၁

စကားချီး ၄

ဇီးတောကျေးရွာ အရင်းအမြစ်ပြမြေပုံ၊ မာန်အောင်မြို့နယ် ၆

အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် အစီအစဉ် ၇

(၁) နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု ၇

(က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်း ဖော်ပြချက်

(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ ၉

(က)` တည်နေရာ၊ မြေမျက်နှာသွင်ပြင် အနေအထား

(ခ) သဘာဝအရင်းအမြစ်များ

(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ ၁၀

(က) လူဦးရေဆိုင်ရာ အချက်လက်များ

(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

(ဃ) ကျန်းမာရေး နှင့် အာဟာရ

(င) ပညာရေးနှင့် ကျွမ်းကျင်မှုများ

(စ) ကျားမဆိုင်ရာ ဆက်နွယ်မှု

(၄) ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ ၁၂

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

(ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

(ဇ) အခြေခံအဆောက်အဦများအား လက်လှမ်းမှီရယူမှု- လမ်း၊ တံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး

(စျ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့်စိန်ခေါ်မှုများ ၁၇

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

(ခ) အဟန့်အတားများ နှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

(၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ ၁၈

(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များနှင့် ဗဟိုအဆင့် မူဝါဒများအကြားအစီအစဉ်ကျသော ချိတ်ဆက်မှုများ ၂၀

(၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ ၂၁
(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်နှင့် ဘဏ္ဍာငွေလျာထားရေး
(ခ) ကဏ္ဍ နှင့် ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စု သတ်မှတ်ခြင်း
(ဂ) ဦးစားပေး စီမံချက်များ
(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ် ၂၇

(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ ၂၈
(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ
(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ
(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ
(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့အစည်းဆိုင်ရာ နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ

(၁၁) စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်း နှင့် အကဲဖြတ်သုံးသပ်ခြင်း ၃၀
(က) ကြီးကြပ်စစ်ဆေးခြင်း
(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း
(ဂ) နည်းပညာဆိုင်ရာ အကူအညီ

နောက်ဆက်တွဲ

နောက်ဆက်တွဲ (၁) စီမံချက် ဇယားများ ၃၃

(၁) ရွာ၏ လူမှုစီးပွားရေး အခြေအနေ
ဇယား (၁) လူဦးရေ နှင့် လူဦးရေဆိုင်ရာ အချက်အလက်များ
ဇယား (၂) လုပ်သား အင်အား နှင့် ဝင်ငွေရ လုပ်ငန်း အမျိုးအစား
ဇယား (၃) ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု
ဇယား (၄) ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ
ဇယား (၅) ဥစ္စာဓန အဆင့် အခြေအနေ
ဇယား (၆) ကျေးရွာ၏ ဝမ်းစာဖူလုံမှု အခြေအနေ
ဇယား (၇) ကူညီ စောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ
ဇယား (၈) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ
ဇယား (၉) ထိခိုက်သက်ရောက်မှုခံရနိုင်သည့် အုပ်စု

(၂) လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ
ဇယား (၁၀) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ
ဇယား (၁၁) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ
ဇယား (၁၂) ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု
ဇယား (၁၃) ကျေးရွာ၏ ရေအရင်းအမြစ် နှင့် ရေသွင်းဧရိယာ
ဇယား (၁၄) အဓိကသီးနှံများ နှင့် အထွက်နှုန်း
ဇယား (၁၅) ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု
ဇယား (၁၆) သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ
ဇယား (၁၇) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ဇယား (၁၈) မွေးမြူရေးနှင့်ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ
ဇယား (၁၉) မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ
ဇယား (၂၀) မွေးမြူရေး နှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာ နှင့် စိန်ခေါ်မှုများ
ဇယား (၂၁) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ငန်းများ
ဇယား (၂၂) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများ အတွက် အခွင့်အလမ်း၊ ပြဿနာ နှင့် အခက်အခဲများ
ဇယား (၂၃) ကုန်စည် နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမှီမှု အခြေအနေ
ဇယား (၂၄) ငွေကြေးလက်လှမ်းမှီမှု နှင့် ဘဏ်လုပ်ငန်း
ဇယား (၂၅) သဘာဝပတ်ဝန်းကျင် နှင့် သဘာဝအရင်းအမြစ်စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့် နှင့် အခက်အခဲများ
ဇယား (၂၆) သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခက်အခဲများနှင့် သဘာဝဘေးအန္တရာယ် လျော့ချရေး အစီအမံများ
ဇယား (၂၇) မူလတန်း၊ အလယ်တန်း၊ အထက်တန်း နှင့် တက္ကသိုလ်ပညာ ပြီးစီးမှုနှုန်း
ဇယား (၂၈) ကျောင်းအပ်နှုန်း
ဇယား (၂၉) စာသင်ကျောင်းဆောင် အခြေအနေ
ဇယား (၃၀) ပညာရေး အခက်အခဲ နှင့် ပြဿနာများ
ဇယား (၃၁) အဖြစ်များသော ရောဂါများ
ဇယား (၃၂) ကျန်းမာရေး အထောက်အပံ့ နှင့် ဝန်ဆောင်မှုများ
ဇယား (၃၃) သောက်သုံးရေ ရရှိမှု
ဇယား (၃၄) သန့်ရှင်းရေး အခြေအနေ
ဇယား (၃၅) ကျေးရွာ၏ လမ်း၊ တံတားတည်ရှိမှု အခြေအနေ
ဇယား (၃၆) ရေကြောင်း သယ်ယူပို့ဆောင်ရေး
ဇယား (၃၇) သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား (၃၈) လျှပ်စစ်မီးရရှိမှု အခြေအနေ
ဇယား (၃၉) ဆက်သွယ်ရေး နှင့် သတင်းအချက်အလက် နည်းပညာ အခြေအနေ
ဇယား (၄၀) ယာဉ်ကျေးမှု နှင့် လူငယ်ဖွံ့ဖြိုးရေးအခြေအနေ
ဇယား (၄၁) ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမှီမှု
ဇယား (၄၂) မှုခင်းဖြစ်ပွားမှု အခြေအနေ

နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကိုအထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊ အဟန့်အတား နှင့် ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ ၇၂

ဇယား (၄၃) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
ဇယား (၄၄) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက်အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့်စိန်ခေါ်မှုများ

နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ) ၇၆

ဇယား (၄၅) ကျေးရွာဖွံ့ဖြိုးရေးကွင်းဆက်

ကိုးကားစာရင်း ၈၅

အပိုင်း (ခ) စီမံချက်ဆိုင်ရာ အချက်အလက် ၈၆

စီမံချက်ဆိုင်ရာ အချက်အလက်ပုံစံ

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၅/၁၆ ဘဏ္ဍာရေးနှစ်မှ ၂၀၁၉/၂၀ ခုနှစ်အထိ (၅) နှစ် ကြာအကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော ကျေးရွာသူ/သားများ ကိုယ်တိုင်ပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ဖြစ်ပါတယ်။ ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများပံ့ပိုးပေးသော မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး ဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါတယ်။ အရေးကြီးသောအချက်အလက်များနှင့် အကြံဉာဏ်များကိုတက်တက်ကြွကြွပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါတယ်။ ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများစုနှစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကိုမသိခဲ့ကြပါ။

ကျေးရွာလူထုကိုယ်တိုင် စနစ်တကျပူးပေါင်းဆောင်ရွက် နည်းကိုအသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်းတိုင်ပင် ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့်အစီအစဉ်ရေးဆွဲရေး ကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည်ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏာန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကိုသိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏာန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏာန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှရယူရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါသည်။ ယခုရေးဆွဲထားသောအစီအစဉ်ကို ထပ်မံရရှိသည့်ကိန်းဂဏာန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့်ပိုမိုကောင်းလာ မည်မှာသေချာပါသည်။

ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့်လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်းပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။ ဤဖွံ့ဖြိုးရေးအစီအစဉ်တွင်ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ရခိုင်ပြည်နယ်အစိုးရ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြို့နယ်အဆင့်အစိုးရဌာနများ၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍လည်းလုပ်ငန်းပိုင်းဆိုင်ရာ အားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာ နှင့် လုပ်ငန်းအစီအစဉ် တို့ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်းအစီအစဉ်များ၊ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို

အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာအချက်အလက်၊ အကြောင်းအရာများ ဖြစ်ပြီး အဆိုပြုစီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်အချက်အလက်များပါဝင်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
ဇီးတောကျေးရွာ၊ မာန်အောင်မြို့နယ်

ဇီးတောကျေးရွာ အရင်းအမြစ်ပြမြေပုံ၊ မာန်အောင်မြို့နယ်



အပိုင်း (က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် လုပ်ငန်းအစီအစဉ်

(၁) နိဒါန်း - ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့်လွှမ်းခြုံသက်ရောက်မှု

(က) ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်ထည်ဖော်မည့် အစီအစဉ်သစ်ဖြစ်ကြောင်း သိရှိရပါသည်။

ကျွန်ုပ်တို့၏ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူကိုယ်တိုင်တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရေး အတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ်ရေးဆွဲပြီးနောက် ကျေးရွာ၏ဖွံ့ဖြိုးဆိုင်ရာကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကို အလေးထားမိလာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများ စသည်တို့ထံမှလိုအပ်သော ကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်း အကောင်ထည်ဖော်ရန် လိုအပ်သော နည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင် ကျေးရွာ၏လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသော ပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကိုအပံ့အပိုးဖြစ်စေသောအချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလအပြီးတွင်ရရှိအောင်ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ကျေးရွာအနေနှင့်ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်းဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့် လမ်းကြောင်းများကို လည်းဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်း နှင့် ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရစေပြီးကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူမှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏အသုံးဝင်မှုများကို သိရှိစေရန်မျှော်လင့်ပါသည်။

(ခ) နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ကျေးရွာအဆင့် အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာအကူအညီများကိုစုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအား တင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင်အဖွဲ့အစည်းများသည် ကျေးရွာလူထု၏အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းများအား ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာ လိုအပ်ချက်များအတွက် သတင်းအချက်အလက်များ ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်တော်တို့ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကိုစီစဉ်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့် ပြည်သူ့အရေးရပ်တည်မှုပေးသည့်အဖွဲ့အစည်းများအနေဖြင့်ယုံကြည်ရလောက်သည့် သတင်းအချက်အလက် များကို ရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာငွေကြေးဆိုင်ရာ အဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)။ နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်း ပေါင်းစည်းဆောင်ရွက်မှုပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်းစီစဉ်မှုများ ပြုလာနိုင်ပါမည်။

(ဂ) စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်က ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင် တတ်နိုင်သော ငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှ ရနိုင်မည့်အကူအညီများကို အခြေခံကာ ဦးစားပေးစီမံကိန်းများ ချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲ ကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားခြင်းဖြစ်ပါသည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင်ရှင်းလင်းမှုရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကို အဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့်လုပ်ငန်းများကို လူထုပါဝင်၍စုစည်းခြင်း၊ ဦးစားပေးရွေးချယ်ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ဖွံ့ဖြိုးမှုကို တိတိကျကျပံ့ပိုးပေးရာ ရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာအခက်အခဲများ ရှိနေပါသည်။ သို့ဖြစ်၍ လက်တွေ့အကောင်အထည်ဖော်ရာတွင် ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေး လိုအပ်ချက်များအား အများဆုံးနှင့် အထိရောက်ဆုံးဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကို ဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏စွမ်းရည်နှင့် လိုအပ်သောအရင်းအနှီးများ ပြည့်စုံမှုပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်းတိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ်မျိုး ဖြစ်ပါသည်။

(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား

ဇီးတောကျေးရွာသည်၊ ဘင်္ဂလားပင်လယ်အတွင်းတွင်ရှိ မာန်အောင်ကျွန်းပေါ်တွင်ရှိသော ကျေးရွာတစ်ရွာဖြစ်ပြီး ကျေးရွာသည်ပင်လယ်နှင့်ထိစပ်လျက်ရှိပါသည်။ မာန်အောင်ကျွန်းသည် ရခိုင်ပြည်နယ်တောင်ဘက်အဖျားတွင်ရှိပြီး ပြည်နယ်ကမ်းရိုးတန်းမြို့တစ်မြို့ဖြစ်သော တောင်ကုတ်မြို့မှ (၄၀) မိုင်ခန့်အကွာတွင်ရှိပါသည်။ ကျွန်းသည် လိပ်ခုံးပုံသဏ္ဌာန်ရှိပြီး ကျွန်းပေါ်ရှိအမြင့်ဆုံးတောင်မှာ (၉၇၂) ပေရှိသော ပုလဲဥတောင်ဖြစ်ပါသည်။ ကျွန်းပေါ်တွင် ကျေးရွာပေါင်း (၁၃၇) ရွာဖြစ်ပြီး ရေလှောင်ဆည် (၃) ခု (ကျောက်တောင်ဆည်၊ အိုးဝဆည်၊ မိန်းမမကြွေဆည်) တို့ရှိကြပါသည်။ ကျေးရွာနှင့်မာန်အောင်မြို့ကို ကျောက်ခင်လမ်းဖြင့် ဆက်သွယ်ထားပြီး တစ်နှစ်ပတ်လုံးကား၊ ဆိုင်ကယ်များ အလွယ်တကူသွားလာနိုင်ပါသည်။

(ခ) သဘာဝအရင်းအမြစ်များ

မာန်အောင်ကျွန်းသည် ဧရိယာစတုရန်းမိုင်ပေါင်း (၁၉၇.၁၄) မိုင်ရှိပြီး မြေအမျိုးအစားမှာ သဲဆန်သောနုန်းမြေဖြစ်ပါသည်။ ဇီးတောကျေးရွာသည် မာန်အောင်မြို့မှ((၂၆) ကီလိုမီတာအကွာတွင်ရှိပြီး တစ်နှစ်လျှင်မိုးရေချိန် (၂၁၇) လက္ခ ဝန်းကျင်ရရှိပါသည်။ ကျေးရွာနှင့် (၂) ဖာလုံခန့်အကွာတွင် အကျယ် (၆) ဧက၊ အမြင့် (၁၅) ပေခန့်ရှိသော ရွှံမီးတောင်ဟောင်းတစ်ခုရှိပြီး၊ ၂၀၀၅ခုနှစ်တွင် တစ်ကြိမ်ပေါက်ကွဲခဲ့၍ အမြင့်ပေ (၁၀) ပေခန့်အထိ ချော်ရည်များပန်းထွက်ခဲ့ပါသည်။ စိုက်ပျိုးမြေများမှာ မြေဩဇာအထိုက်အလျောက် ကောင်းမွန်ကြသော်လည်း စိုက်ကွင်းများထဲတွင် ကျောက်တုံးကြီးများရှိနေခြင်းကြောင့် ထွန်ယက်စိုက်ပျိုးရာတွင် ခက်ခဲလေ့ရှိပါသည်။ ကျေးရွာနှင့် (၂) ကီလိုမီတာခန့်ဝေးသော သစ်တောထဲတွင်နေအိမ်အတွက်အသုံးပြုရန် တောသစ်များနှင့် ထင်းလောင်စာများကိုရရှိနိုင်ပါသည်။ ကျေးရွာပိုင်မြေလွတ်မြေရိုင်းများ မရှိခြင်းတို့ကြောင့် စိုက်ပျိုးမြေများ ထပ်မံတိုးချဲ့ရန်မဖြစ်သကဲ့သို့ နွေရာသီ၌စိုက်ပျိုးရေရရှိနိုင်သော ဆည်မြောင်း၊ တာတမံများလည်းကျေးရွာအနီးတွင်မရှိပါ။ ကျွဲ၊ နွား၊ ဆိတ်များအတွက် စားကျက်မြေ သတ်သတ်မှတ်မှတ်မရှိသော်လည်း လယ်ယာမြေများ အနီးအနားတွင်ရှိသော နွယ်၊ မြက်များမှာ တိရိစ္ဆာန်အစာအတွက်လုံလောက်မှုရှိပါသည်။ လမ်း၊ တံတားဆောက်လုပ်ရေးအတွက် အသုံးပြုရန်သဲကျောက်များကို ကျေးရွာနှင့်ကပ်လျက်ရှိသောပင်လယ်ကမ်းစပ်တွင် အလွယ်တကူရရှိနိုင်ပါသည်။ ထို့ပြင် ပင်လယ်ထဲတွင် ငါးအမျိုးမျိုးအပါအဝင်ရေငန်နေသတ္တဝါမျိုးစုံကို တွေ့နိုင်ပါသည်။ သဘာဝပေါက်ပင်များအနေဖြင့်မိုးသစ်တောပေါက်အပင်များ၊ ဒီရေတောသစ်ပင်များ ပေါက်ရောက်လေ့ရှိပါသည်။

(၃) ကျေးရွာ၏ လူမှုဖွဲ့ဖြိုးတိုးတက်ရေး အခြေအနေ

(က) လူဦးရေဆိုင်ရာ အချက်အလက်များ

ကျေးရွာတွင် အိမ်ထောင်စု(၁၈၇)စုရှိပြီး လူဦးရေစုစုပေါင်း (၈၉၆) ဦးရှိပါသည်။ ပျမ်းမျှ တစ်မိသားစုလျှင် (၄.၈) ဦးအထိရှိပါသည်။ အလုပ်လုပ်နိုင်သောအရွယ်တွင် အမျိုးသမီးများသည် အမျိုးသားများထက် ၃.၆% ပိုများပါသည်။ ရခိုင်/ ဗုဒ္ဓဘာသာ လူမျိုးများအများစု နေထိုင်ကြပြီး ဗမာအနည်းငယ်ရှိပါသည်။ အလုပ်လုပ်နိုင်သည့်အရွယ်သည် စုစုပေါင်းလူဦးရေ၏ ၆၈.၈ % ရှိ၍ အသက် (၁၅) နှစ်အောက်နှင့် အသက်(၆၀)အထက် လူအရေအတွက်သည် လူဦးရေစုစုပေါင်း၏ ၃၁.၂ % ရှိပြီး မှီခိုသူများဖြစ်ကြပါသည်။

(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်း (PRA) ကို အသုံးပြု၍ ကျေးရွာမိသားစုများ၏ ဥစ္စာဓနအဆင့်ခွဲခြားမှုနည်းလမ်းအရ ကျေးရွာလူထုသည် ယေဘုယျအားဖြင့် ဆင်းရဲသည်ကိုတွေ့ရှိရပါသည်။ အိမ်ထောင်စု (၁၈၇) စု၏ ၅၉.၄% သည်ဆင်းရဲသည်ဟုခံယူကြပါသည်။ ၄၀.၆ % ခန့်မှာ ချမ်းသာသူများနှင့်အလယ်အလတ် အိမ်ထောင်စုများဖြစ်သည်ဟုဆုံးဖြတ်ကြပါသည်။ အဆိုပါဆင်းရဲသည်ဟု သတ်မှတ်ထားသောသူများသည် မြေယာမဲ့များနှင့်စိုက်ပျိုးမြေ နှစ်ဧကအောက်ပိုင်ဆိုင်သောသူများ၊ ကျပန်းအလုပ်သမားများ၊ အမျိုးသမီးဦးဆောင်သော အိမ်ထောင်စုများဖြစ်ကြပါသည်။ ချမ်းသာသောမိသားစုများသည် စိုက်ပျိုးမြေ (၆) ဧက အထက်ပိုင်ဆိုင်သူများ၊ ငါးဖမ်းပိုက်၊ငါးဖမ်းလှေ၊ မော်တော်ကား၊ မော်တော်ဆိုင်ကယ်ပိုင်ဆိုင်သူများ (သို့မဟုတ်) ကျွဲ၊နွားလေးကောင်နှင့်အထက်၊ ရွှေငါး ကျပ်သားနှင့်အထက် ပိုင်ဆိုင်သူများဖြစ်ကြသည်။ ငါးဖမ်းလှေ၊ နွား၊ စိုက်ပျိုးမြေနှင့် ရွှေငွေရတနာ ပိုင်ဆိုင်မှုအနေအထားသည် စီးပွားရေးအဆင့်အတန်းနှင့် ချမ်းသာ/ဆင်းရဲမညီမျှမှု အချက်အလက်များကို ဖော်ပြပါသည်။

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

ကျေးရွာတွင်အိမ်ထောင်စု (၁၈၇) အိမ်ရှိသည့်အနက် (၁၁၁) အိမ်သည် ဥစ္စာဓနခွဲခြားမှုပြုလုပ်ရာတွင် ဆင်းရဲနှင့်အဆင်းရဲဆုံး အိမ်ထောင်စုများဖြစ်သော အဆင့် (၃နှင့်၄) များဖြစ်ကြပါသည်။ ၄င်းအိမ်ထောင်စုများမှ (၃၈%) ဖြစ်သော (၃၃) အိမ်အား လွန်ခဲ့သော(၁) နှစ်က စားနပ်ရိက္ခာဖူလုံမှုအနေအထားနှင့်ပတ်သက်၍ တွေ့ဆုံဆွေးနွေးရာတွင် အိမ်ခြေအားလုံးသည် နည်းလမ်းမျိုးစုံသုံး၍ နေ့စဉ်ထမင်းသုံးနပ်အထိ ပြည့်မှီအောင်ကြိုးစားပြီး ဈေးနှုန်းချိုသာသောဆန်များကို အဓိကထားစားသောက်ကြပါသည်။ ဝမ်းစာဖူလုံရန်အတွက် အကြွေးတင်ရှိမှုမှာ ငါးသောင်းမှလေးသိန်းအထိရှိပါသည်။ (၃၃) အိမ်အနက် အိမ်ထောင်စု (၁၉) အိမ်သည် တစ်နှစ်လျှင်အများဆုံး (၃) လခန့်အထိ၊ (၁၀) အိမ်သည် (၅) လခန့်အထိနှင့် (၄) အိမ်သည် အနည်းဆုံး (၆) လခန့်အထိ ငွေမချေးဘဲ၊ ဆန်မချေးရဘဲအခြားသူများမှ ရိက္ခာထောက်ပံ့မှုမပါဘဲ ထမင်းကိုနေ့စဉ်ပုံမှန်အတိုင်း စားသုံးနိုင်သောကာလများဖြစ်ပါသည်။ ၄င်းတို့သည် တစ်နှစ်ပတ်လုံးဝမ်းစာဖူလုံစေရန်အတွက် ဆွေမျိုးသားချင်း

များထဲတွင် ချေးယူခြင်း၊ ရာသီလိုက်လုပ်ငန်းများလုပ်ကိုင်ခြင်း စျေးဆိုင်များမှ အကြွေးယူခြင်းများ ပြုလုပ်ရပါသည်။ ဝမ်းစာအခက်ခဲဆုံး ကာလများမှာ နယုန်လမှ တော်သလင်းလအထိ ဖြစ်ပါသည်။

အမျိုးသမီးဦးဆောင်သော ဆင်းရဲသားမိသားစုများသည် စားနပ်ရိက္ခာလုံလောက်မှု မရှိခြင်း၊ လူမှုရေးနှင့် ကျန်းမာရေးပြဿနာများ ကြုံတွေ့ရနိုင်ပါသည်။ မြေယာမဲ့ဆင်းရဲသား ကျပန်းမိသားစုများသည် ရာသီအလိုက်ဝင်ငွေရလုပ်ငန်းများသာ အားထားနေရသဖြင့် ပုံမှန်ဝင်ငွေရနိုင်သောအလုပ်အကိုင်အခွင့်အလမ်းများ နည်းပါးခြင်း၊ စားနပ်ရိက္ခာလုံလောက်မှုမရှိခြင်းနှင့် ကြုံတွေ့ရနိုင်ပါသည်။ အလယ်အလတ်တန်း တောင်သူများနှင့် တောင်သူကြီးများသည် ၎င်းတို့၏လယ်ယာမြေများတွင် လေမုန်တိုင်း ကျရောက်ချိန်တွင် မိုးများစွာရွာသွန်းခြင်း၊ လယ်ကွင်းများတွင် သီးနှံပိုးမွှားရောဂါများ ကျရောက်ခြင်း ကဲ့သို့သော သဘာဝဘေးအန္တရာယ်များကြောင့် သီးနှံအထွက်နှုန်းလျော့ကျစေနိုင်မှု အခြေအနေမြင့်မားပါသည်။ တောင်သူအများစုသည် ခါတုမြေဩဇာသုံးစွဲလာကြသောကြောင့် မြေဆီလွှာအရည်အသွေးကို အတိုင်းအတာတစ်ခုအထိ ထိခိုက်လာပါသည်။ ကျွန်းပေါ်တွင်ရှိသော ကျေးရွာဖြစ်သောကြောင့် မုန်တိုင်များကျရောက်ချိန်တွင် ပင်လယ်ရေလှိုင်းများအန္တရာယ်ကြောင့် ပြည်မနှင့် အဆက်အသွယ်ပျက်တောက်ကာ ကုန်ပစ္စည်းများဈေးတတ်ခြင်း၊ ကျန်းမာရေးအရေးပေါ် အထောက်အပံ့များ လက်လှမ်းမမီခြင်းများကြုံတွေ့ရပါသည်။ ထို့ပြင်ပင်လယ်ပြင်တွင် ငါးဖမ်းသောအမျိုးသားများအဖွဲ့သည် ငါးဖမ်းနေစဉ်စက်လှေပျက်ခြင်းကဲ့သို့သော ဘေးအန္တရာယ်များတွေ့ကြုံနိုင်ပါသည်။ အချုပ်အားဖြင့် မုန်တိုင်းကျရောက်တတ်ခြင်း၊ ငါးဖမ်းနေစဉ် အသက်အန္တရာယ်ကျ ရောက်တတ်ခြင်းနှင့် ဝမ်းစာမဖူလုံမှုမှာ ကျေးရွာအတွက်ထိခိုက်လွယ်နိုင်ဆုံးသော အကြောင်းအရာများပင်ဖြစ်ပါသည်။

(ဃ) ကျန်းမာရေး နှင့် အာဟာရ

ကျေးရွာရှိကလေးငယ်အများစုသည် တာဝန်ကျသားဖွားဆရာမ၏ဂန်ဆာင်မှုဖြင့် ရောဂါကာကွယ်ဆေးများ ပြည့်မီအောင်ရရှိကြပါသည်။ ပင်လယ်ကမ်းစပ်ကျေးရွာဖြစ်ပြီး ငါး၊ ပုဇွန်များ အလွယ်တကူရရှိသောကြောင့် ကျေးရွာသူ/ သားများအားလုံး ယေဘုယျအားဖြင့် အာဟာရပြည့်ဝသည်ဟုဆိုနိုင်ပါသည်။ အဖြစ်များသောရောဂါများမှာ သာမန်ရောဂါများဖြစ်သော ဝမ်းပျက်ဝမ်းလျှောရောဂါ တုတ်ကွေး ၊ ရာသီတုတ်ကွေး၊ သံကောင်စွဲရောဂါတို့ ဖြစ်ပါသည်။

(င) ပညာရေးနှင့် ကျွမ်းကျင်မှုများ

ကျေးရွာစာသင်ကျောင်းကို ၁၉၆၅ ခုနှစ်တွင်စတင်၍ ဖွင့်လှစ်သင်ကြားခဲ့သောကြောင့် ကျေးရွာသားများအားလုံးနီးပါး အခြေခံပညာကိုတတ်မြောက်ကြပါသည်။ ကျေးရွာသားအများစုမှာ မူလတန်းအဆင့်အထိ ပညာသင်ကြားကြရပြီး (၉) နှစ်အထက် လူဦးရေစုစုပေါင်း၏ (၅၅.၂%) သည် မူလတန်းပညာပြီးဆုံး၍ (၃၆.၂%) သည် အလယ်တန်းပညာပြီးဆုံးပြီး (၂.၄%) သည် အထက်တန်းပညာရေးပြီးဆုံးကြပါသည်။ ကျေးရွာတွင်ဘွဲ့ရပြီးသူ (၁၄) ဦးရှိပြီး အစိုးရဝန်ထမ်း (၅) ဦးရှိပါသည်။ ကျေးရွာ၏ အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းမှာ လယ်ယာစိုက်ပျိုးရေးနှင့် ရေငန်ငါးဖမ်းခြင်းလုပ်ငန်းများကို အဓိကထားလုပ်ကိုင်ကြပြီး ကျွဲ၊ နွား၊ ဝက်၊ ကြက်၊ ဘဲ စသည့်တိရစ္ဆာန်များ ကို

လည်းမွေးမြူကြပါသည်။ ရေငန်ငါးဖမ်းလုပ်ငန်းကို ကိုယ်ပိုင်လုပ်ငန်းအဖြစ် ကျွမ်းကျင်စွာဖြင့် အဓိကအသက်မွေးဝမ်းကျောင်းပြုသူများ၊ ငါးဖမ်းလုပ်ငန်းတွင်နေ့စားအလုပ်သမားအဖြစ် လုပ်ကိုင်သူများနှင့် ရာသီပေါ်လုပ်ငန်များဖြစ်သည့် လမ်းခင်းခြင်း၊ ထင်းခွေခြင်းနှင့် လယ်ယာလုပ်ငန်းခွင်တွင်ကျပန်းလုပ်သားအဖြစ် လုပ်ကိုင်သူများလည်းရှိကြပါသည်။ ထို့ပြင် ပန်းရံ၊ လက်သမားဆရာ၊ ကားမောင်းဆရာ၊ ငါးဖမ်းအင်ဂျင်စက်ပြင်သူ၊ စက်ချုပ်သူများနှင့် ပုဇွန်များကိုဝယ်ယူ၍ တဆင့်ရောင်းချပြီး အသက်မွေးဝမ်းကြောင်းပြုသူများလည်းရှိကြပါသည်။

(စ) ကျား၊ မဆက်နွယ်မှု

ဇီးတောကျေးရွာ၏ လူဦးရေစုစုပေါင်းတွင် အမျိုးသမီးလူဦးရေသည်အမျိုးသား လူဦးရေထက်အနည်းငယ်ပိုပါသည်။ အမျိုးသားအများစုမှာ လယ်ထွန်ခြင်း၊ ပျိုးနှုတ်ခြင်း၊ ပင်လယ်ပြင်တွင်ကိုယ်ပိုင်စက်လှေဖြင့် ငါးဖမ်းခြင်း၊ စက်လှေပိုင်မရှိသူများ အခြားစက်လှေများတွင် ငါးဖမ်းအင်္ဂါးလိုက်ခြင်း (သို့မဟုတ်) စက်လှေတစ်စီးတွင်စုပေါင်း၍ ပင်လယ်ငါးဖမ်းထွက်ခြင်း၊စသည့် လုပ်ငန်းများတွင် အဓိကလုပ်ကိုင်ကြပြီးအမျိုးသမီးအများစုမှာ ကောက်စိုက်ခြင်း၊ လမ်းခင်းလုပ်ငန်းတွင်အင်္ဂါးလိုက်ခြင်း၊ ငါးရောင်းခြင်း၊ ငါးရွေးခြင်းစသည့် ရာသီအလိုက်ဝင်ငွေရလုပ်ငန်းအမျိုးမျိုးကိုလုပ်ကိုင်ကြပါသည်။ ကျေးရွာ၏ ရေးကြီးသော ဆုံးဖြတ်ချက်များချမှတ်ရာတွင် အမျိုးသမီးများပူးပေါင်းပါဝင်မှုအားနဲလေ့ရှိပြီး လက်ရှိအခြေအနေတွင် အရေးကြီးသောဆုံးဖြတ်ချက်များချမှတ်ရာတွင် သက်ကြီးပိုင်းအမျိုးသားများကသာ ဦးဆောင်လေ့ရှိကြပါသည်။ အချုပ်အားဖြင့်ဆိုရသော်လယ်ယာမြေများ ထွန်ယက်ခြင်း၊ ပင်လယ်ပြင်တွင် ငါးဖမ်းခြင်း၊ တိရစ္ဆာန်များ မွေးမြူ စောင့်ရှောက်ခြင်းနှင့် မိသားစုဝင်ငွေကဏ္ဍများတွင် အမျိုးသားများကဦးဆောင်လေ့ရှိပြီး ကောက်စိုက်ခြင်း၊ ငါးရောင်းခြင်း၊ အိမ်ထောင်ထိန်းသိမ်းခြင်း စသောလုပ်ငန်များတွင် အမျိုးသမီးများကသာဦးဆောင်လေ့ရှိကြပါသည်။

(၄) ကဏ္ဍ အသီးသီး၏ လက်ရှိ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေ

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

ဇီးတောကျေးရွာ၏ လူမှုရေးအဖွဲ့များတွင် ရပ်မိရပ်ဖများ၊ အမျိုးသမီး/ အမျိုးသားများနှင့် လူငယ်များပါဝင်ဖွဲ့စည်းထားပြီး လူငယ်များမှာအမြဲတက်ကြွမှုရှိကြပါသည်။ ရပ်မိရပ်ဖအဖွဲ့မှဦးဆောင်၍ (၂၀၁၀) ခုနှစ်တွင် ကျေးရွာအဝင်တံတားကို ကျေးရွာဘော်လီဘောအသင်း၊ လူပျို/ အပျိုအဖွဲ့၊ ကျောင်းကော်မတီအဖွဲ့တို့၏ စုပေါင်းရံပုံငွေများဖြင့် ကိုယ်ထူကိုယ်ထ တည်ဆောက်ခဲ့ပါသည်။ လက်ရှိကျောင်းကော်မတီတွင်ရံပုံငွေ (၃) သိန်းခန့်ရှိနေပြီး အတိုးနှုန်း (၅) ကျပ်ဖြင့် ပညာရေးကိစ္စရပ်များအတွက် ထုတ်ချေးထားပါသည်။ ကျေးရွာဆေးခန်းကော်မတီနှင့် ဘော်လီဘောအသင်းတို့တွင်လည်း ရံပုံငွေ (၂) သိန်းခန့်စီရှိပြီး အတိုးနှုန်း (၆) ကျပ်ဖြင့် ကျေးရွာအတွင်းထုတ်ချေးထားပါသည်။ ကျေလက်ဖွံ့ဖြိုရေးဦးစီးဌာန၏ပံ့ပိုးမှုဖြင့် မြစိမ်းရောင်စီမံကိန်းမှငွေ ကျပ်သိန်း (၃၀၀) ကို (၂၀၁၅) ခုစက်တင်ဘာလတွင် စိုက်ပျိုးရေး၊ မွေမြူရေး၊ ငါးလုပ်ငန်းနှင့် ကုန်ထုတ်လုပ်ငန်းများပိုမိုဖွံ့ဖြိုးတိုးတက်စေရန်အတွက် ကျေးရွာသား (၁၅၁) ဦးမှ ချေးငွေများချေးယူထားကြပါသည်။

မြစိမ်းရောင်ရန်ပုံငွေကြီးကြပ်ရေးကော်မတီ၏ ကြီးကြပ်မှုဖြင့်အကျိုးခံစားသူတစ်ဦးလျှင် အနည်းဆုံးငွေကျပ် (၁) သိန်း အများဆုံး (၄) သိန်းအထိ ချေးယူရရှိပါသည်။ အတိုးနှုန်းမှာ တစ်လ (၁) ကျပ်နှုန်းဖြစ်ပြီး တစ်နှစ်ကြာသောအခါ အကြွေဆပ်ရမည်ဖြစ်ပါသည်။ အမျိုးသမီးရေးရာ၊ မီးသတ်တပ်ဖွဲ့တို့ကို မြို့နယ်မှညွှန်ကြားမှုကြောင့်သာ ဖွဲ့ထားကြသော်လည်း အမှန်တကယ်တွင်ကျေးရွာအတွက်တက်ကြွမှု မရှိကြပါ။ကျေးရွာ ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် အုပ်ချုပ်ရေးပိုင်းမှလည်းဦးဆောင်ကာ ဆောင်ရွက်လျှက်ရှိပြီး၊ အပျိုလူပျိုအဖွဲ့သည် ကျေးရွာသာရေး၊ နာရေး၊ ဘာသာရေးလုပ်ငန်းများတွင် တက်ကြွစွာပါဝင်ဆောင်ရွက်ကြပါသည်။

(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

စပါးကိုမိုးရာသီတွင် တစ်သီးစားအဖြစ်ကုန်းတွင်း လယ်များတွင်စိုက်ပျိုးကြပြီး မိုးရေချိန်လက်မသည် တစ်နှစ်လျှင်ပျမ်းမျှ (၂၁၇) လက်မဝန်းကျင်ရရှိသောကြောင့် စိုက်ပျိုးရေလုံလောက်မှုရှိပါသည်။ စပါးအထွက်နှုန်းမှာ (၁) ဧကလျှင် (၃၀) တင်းဝန်းကျင်သာထွက်ရှိသောကြောင့် အကျိုးအမြတ်များစွာမရဘဲ မိရိုးဖလာအရသာစိုက်ပျိုးကြပါသည်။ အထွက်နှုန်းကောင်းသောပြည်မမှ စပါးမျိုးများကို စမ်းသပ်စိုက်ပျိုးကြည့်သော်လည်း မိုးများလွန်းခြင်း၊ စပါးပင်များရေနှစ်မြုပ်ခြင်းကြောင့် အောင်မြင်ဖြစ်ထွန်းမှုမရှိခဲ့ပါ။ မြေပဲကို မိုးပဲနှင့်ဆောင်းပဲဟူ၍ တစ်နှစ်လျှင် (၂) ကြိမ်စိုက်ပျိုးကြပါသည်။ မိုးပဲထက်ဆောင်းပဲကိုပို၍ အားထားစိုက်ပျိုးကြပြီး အချို့လယ်မြေများတွင် စပါးရိတ်သိမ်းပြီးကျန်ရှိသော အစိုဓါတ်ကိုအသုံးပြု၍ ဆောင်းပဲကိုစိုက်ပျိုးကြပါသည်။ တောင်သူ (၉၅) ဦးရှိ၍တစ်ဦးလျှင် ပျမ်းမျှစိုက်ပျိုးမြေဧက (၄.၆) ဧကနှုန်းခန့်ပိုင်ဆိုင်ပြီး မြေဧကစုစုပေါင်း (၄၃၆.၅၂) ဧကရှိပါသည်။ ကျေးရွာသည်ပင်လယ်နှင့်တဆက်တည်းရှိသောကြောင့် လယ်မြေဧက(၅၀)ခန့်သည် ဆားငန်ရေဝင်ရောက်မှုရှိပြီယခုအခါ စိုက်ပျိုးထုတ်လုပ်၍မရတော့ပါ။ အဓိကသီးနှံမှာ စပါးကို မိုးသီးနှံအဖြစ်စိုက်ပျိုးကြပြီး မြေပဲကိုဆောင်းသီးနှံအဖြစ် စိုက်ပျိုးကြပါသည်။ စပါးမျိုးများအဖြစ် ဒေသမျိုးများဖြစ်သော နှင်းပွင့်ခိုင်၊ ဆင်းသွယ်လတ်၊ ကြည်လေး နှင့် ၇၄၇စပါးတို့ကိုဈေးလိုင်လတွင် စိုက်ပျိုးကြပြီး နိဝင်ဘာလတွင်ရိတ်သိမ်းကြပါသည်။ ဆေးရွက်ကြီးသည် လွန်ခဲ့သော (၅)နှစ်ခန့်က ဈေးကွက်ဝင်သောသီးနှံဖြစ်သော်လည်း ယခုအခါ ပြင်ပနိုင်ငံ (ဘင်္ဂလားဒေ့ရှ်) မှဝယ်ယူမှုများစွာလျော့ကျလာ၍ အကျိုးအမြတ်နည်းပါးသောကြောင့် တောင်သူအချို့သာစိုက်ပျိုးကြပါသည်။ နွားမွေးမြူရေးလုပ်ငန်းသည် ကျေးရွာသားများအတွက် မိရိုးဖလာလုပ်ငန်းဖြစ်ပြီး အိမ်ထောင်စုမှာ (၈၇) ရှိပြီး နွားကောင်ရေစုစုပေါင်း (၃၂၂) ကောင်မွေးမြူထားပြီး အိမ်ထောင်စုမှာ (၆၉) စုမှဝက်ကောင်ရေစုစုပေါင်း (၉၈) ကောင်မွေးမြူထားပါသည်။ ကြက်ကိုအိမ်တိုင်းနီးပါးမွေးမြူကြကာ မိသားစုစားသုံးနိုင်ရန်နှင့်ရိုးရာပွဲများတွင် ဟင်းလျာအဖြစ်အသုံးပြုရန်အတွက် ရည်ရွယ်ပါသည်။ နွားများမွေးမြူ၍ ဒေသတွင်းနှင့် အခြားနိုင်ငံများအထိဈေးနှုန်းမြင့်မားစွာဖြင့် ရောင်းချသောလုပ်ငန်းသည် အကျိုးအမြတ်ဖြစ်ထွန်းသောလုပ်ငန်း ဖြစ်ပါသည်။ ဟွန်ဒါစက်လှေအသေးစားဖြင့် ကမ်းနီးငါးဖမ်းကြသောအိမ်ထောင်စု (၂၁) ရှိပြီး စက်လှေတစ်စီးတွင် ငါးဖမ်းပိုက်ပိုင်ဆိုင်သူများစုပေါင်း၍ ပင်လယ်ပြင်တွင်ငါးဖမ်းထွက်သူများ လည်းရှိကြပါသည်။

(ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

ကျေးရွာရှိကျပန်းလုပ်သားများသည် ငါးဖမ်းလုပ်ငန်းနှင့် စိုက်ပျိုးရေးလုပ်ငန်းများတွင် အငှားလိုက်ခြင်း၊ ထင်းခုတ်ခြင်း၊ ဝါးခုတ်ခြင်း၊ လမ်းခင်းခြင်း၊ မျှစ်ချိုးခြင်းစသည့် လုပ်ငန်းများကို လုပ်ကိုင်ကြပါသည်။ သို့သော် တစ်နှစ်ပတ်လုံးပုံမှန်ဝင်ငွေရသော အလုပ်အကိုင်အခွင့်အလမ်းများ နည်းပါးကြပါသည်။ဆန်စက်လုပ်ငန်း၊ ပန်းရံဆရာ၊ လက်သမားဆရာ၊ ကုန်စုံဆိုင်ငါးဖမ်း စက်လှေ အင်ဂျင်စက်ပြင်ဆရာ၊ အပ်ချုပ်လုပ်ငန်း၊ ငါး၊ ပုဇွန်များကိုဝယ်ယူ၍ တဆင့်ရောင်းချသူ၊ ကားမောင်း ဆရာများလည်းရှိကြပါသည်။ ကျေးရွာရှိလူငယ်လူရွယ်များသည် အသက်မွေးဝမ်းကျောင်းပြုနိုင်လောက်သော နည်းပညာများအားနည်းခြင်း၊ အဆက်အသွယ်များမရှိခြင်းတို့ကြောင့် ပုံမှန်ဝင်ငွေရသောလုပ်ငန်းများ မလုပ်ကိုင်နိုင်ကြပါ။ ဒေသတွင်းနွားရောင်းဝယ်ခြင်း ဈေးကွက်သည်အခွင့်အလမ်းတစ်ခုအနေဖြင့်ရှိနေသော်လည်း ကျေးရွာသားများအတွက် အရင်းအနှီး၊ ဈေးကွက်အတွေ့အကြုံနှင့် အဆက်အသွယ်မရှိခြင်း စသောအခက်အခဲများစွာ ရှိကြပါသည်။ အချုပ်အားဖြင့်ဆိုရသော်မိရိုးဖလာစိုက်ပျိုးမွေးမြူရေးလုပ်ငန်း၊ ရေငန်ငါးဖမ်းလုပ်ငန်းများမှအပ ကျေးရွာတွင် အားကိုးအားထားပြုရလောက်သော အခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ နည်းပါးသည်ကိုတွေ့ရပါသည်။

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု

ကျေးရွာသည်ပင်လယ်နှင့် နီးကပ်လွန်းသောကြောင့် လေပြင်းမုန်တိုင်းအန္တရာယ်များနှစ်စဉ်နီးပါး ကြုံတွေ့နေရသော်လည်း စနစ်ကျသောမုန်တိုင်းဒဏ် ကာကွယ်သည့်အစီအစဉ်များ ချမှတ်မထားပါ။ ထို့ပြင် ပင်လယ်ရေလှိုင်းရိုက်ခတ်မှုကြောင့် ကျေးရွာ၏အိမ်ခြံမြေများ ပြိုကျပျက်စီးနေပြီး အိမ်ထောင်စု(၇)စုခန့် ဘေးလွတ်ရာသို့ ပြောင်ရွှေ့နေရာချခဲ့ကြရပါသည်။ပင်လယ်ရေလှိုင်းခံ တာတမံကို အခိုင်အမာဆောက်လုပ်နိုင်ရန် ပင်လယ်ကမ်းစပ်တွင် ကျောက်တုံးကျောက်ခဲကြီးများ ပေါများစွာရှိကြသော်လည်း ၄င်းတို့ကိုသယ်ယူ၍နေရာချရန် စက်ယန္တရားကြီးများ ငှားရမ်းခမတတ်နိုင်သောအခက်အခဲများရှိကြပါသည်။ကျေးရွာသားများသည် လွန်ခဲ့သောနှစ်ပေါင်းများစွာကတည်းကစပြီး သစ်ပင်များခုတ်ယူ၍ ထင်းအဖြစ်အသုံးပြုရန်နှင့် အချို့ကိုရောင်းချရန်အတွက် ခုတ်ယူခဲ့ကြသော်လည်း သစ်ပင်များပြန်လည်စိုက်ပျိုးမှု အားနည်းခြင်း၊ အဆမတန်ခုတ်ယူခြင်းတို့ကြောင့် ယခုအခါသစ်တောများသိသိသာသာ ပြုန်းတီးလာသည်ကို တွေ့ရပါသည်။

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ချေးငွေရရှိမှုနှင့် ဘဏ်ဝန်ဆောင်မှုကဏ္ဍများသည် ယေဘုယျအားဖြင့် ကျေးရွာသားများ၏အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအတွက် အရေးကြီးပါသည်။ ကျေးရွာသားများအတွက် ချေးငွေရရှိနိုင်သောအသင်းအဖွဲ့များမှာ မြစိမ်းရောင်စီမံကိန်း၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ ကျောင်းကော်မတီ၊ ဆေးခန်းကော်မတီ၊ ဘော်လီဘောအသင်းနှင့် မိတ်ဆွေ/ဆွေမျိုးများတို့ ဖြစ်ကြပါသည်။ ရွှေငွေရတနာရှိသူများအတွက် မာန်အောင်မြို့နယ်ရှိ ပဂ္ဂလိကအပေါင်ဆိုင်များတွင် ချေးငွေရရှိနိုင်ပြီး

မြို့ပေါ်တွင် ပုဂ္ဂလိကအပေါင်ဆိုင် စုစုပေါင်း (၂၈) ခုအထိ ရှိပါသည်။ လယ်မြေပိုင်ဆိုင်မှုအထောက်အထား (ပုစံ-၇) ရှိသော တောင်သူများအနေဖြင့် မာန်အောင်မြို့တွင်ရှိသော မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှလယ်သမား (၈၄) ဦးအတွက် ချေးငွေများချေးယူထားကြပါသည်။ တောင်သူတစ်ဦးမှ တစ်ဧကလျှင် ငွေကျပ် (၁) သိန်းနှုန်းဖြင့် အများဆုံး (၁၀) ဧကအတွက် ချေးယူရရှိနိုင်ပါသည်။ လက်ရှိကျောင်းကော်မတီတွင် ရံပုံငွေ (၃) သိန်းခန့်ရှိနေပြီး အတိုးနှုန်း (၅) ကျပ်ဖြင့် ကျေးရွာသားများကို ထုတ်ချေးထားပါသည်။ ကျေးရွာဆေးခန်းကော်မတီနှင့် ဘော်လီဘောအသင်းတို့တွင်လည်း လက်ရှိ ရံပုံငွေ (၂) သိန်းခန့်စီရှိပြီး အတိုးနှုန်း (၆) ကျပ်ဖြင့် ကျေးရွာအတွင်းထုတ်ချေးထားပါသည်။ ကျေးလက်ဖွံ့ဖြိုးရေးဦးစီးဌာန၏ပံ့ပိုးမှုဖြင့် မြစိမ်းရောင်စီမံကိန်းမှ ငွေကျပ်သိန်း (၃၀၀) ကို ၂၀၁၅ခု စက်တင်ဘာလတွင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ငါးလုပ်ငန်းနှင့် ကုန်ထုတ်လုပ်ငန်းများအတွက် ကျေးရွာသား (၁၅၁) ဦးမှ ချေးငွေများချေးယူထားကြပါသည်။ အကျိုးခံစားသူတစ်ဦးလျှင် အနည်းဆုံးငွေကျပ် (၁) သိန်း၊ အများဆုံး (၄) သိန်းအထိချေးယူရရှိပါသည်။ အတိုးနှုန်းမှာတစ်လ (၁) ကျပ်နှုန်းဖြစ်ပြီး တစ်နှစ်ကြာသောအခါ အကြေဆပ်ရမည် ဖြစ်ပါသည်။

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျေးရွာတွင် မူလတန်းကျောင်းနေအရွယ် ကလေးငယ်များအားလုံး၏ (၁၀၀%) ကျောင်းနေကြပါသည်။ အလယ်တန်းအဆင့် ကျောင်းသား/ သူများသည် ရွာနှင့်(၁.၅) ကီလိုမီတာကွာဝေးသောအိုးဝကျေးရွာ အလယ်တန်းကျောင်းသို့ စက်ဘီး (သို့) ခြေလျင်သွား၍ ကျောင်းတက်ကြပါသည်။ အလယ်တန်းကျောင်းနှင် ကျေးရွာကြားရှိကျောင်ခင်းလမ်းမှာ ၂၀၁၄ ခုနှစ်တွင် ကျေးလက်ဦးစီးမှ ငွေကျပ်သိန်း (၆၀၀) ကျော်အကုန်အကျခံ၍ ကျောက်ချောလမ်းခင်းပေးထားသောကြောင့် တစ်နှစ်ပတ်လုံးသွားလာနိုင်ပါသည်။ ကျေးရွာတွင်လက်ရှိတက္ကသိုလ်သို့ တက်ရောက်နေသော ကျောင်းသား/သူ (၇) ဦးရှိပြီး စစ်တွေမြို့တွင်ပညာသင်ကြားနေပါသည်။ လက်ရှိမူလတန်းကျောင်းဆောင်ကို (၁၉၆၅) ခုနှစ်တွင် သစ်သားကျောင်းအဖြစ် စတင်ခဲ့ပြီး (၂၀၀၈) ခုနှစ်တွင် ကွန်ကရစ်ခင်း၊ အုတ်ကာ၊ သွပ်မိုးအဆောက်အဦအဖြစ် အစိုးရမှ ကျပ်သိန်း (၃၀) အပအဝင် ကျေးရွာရံပုံငွေဖြင့် ဆောက်လုပ်ခဲ့ပါသည်။ လက်ရှိကျောင်းဆောင်အရွယ်အစားမှာ အလျား ပေ ၆၀၊ အနံ ပေ ၃၀၊ အမြင့် ၁၅ ပေ တစ်ထပ်ကျောင်းဖြစ်ပြီး ဆရာ၊ ဆရာမ (၅) ဦးရှိပါသည်။ ကျောင်းတွင် ဗီရို၊ စာသင်ခုံ၊ စားပွဲစသောသင်ထောက်ကူပစ္စည်းများ လုံလောက်မှုမရှိသည့်အပြင် အတန်းလိုက်အခန်းများကန့်ထားခြင်းမရှိခြင်း၊ အောက်ခံအခင်းကွန်ကရစ်အခင်း အချောမသတ်နိုင်ခြင်းတို့ကြောင့် ကလေးများပညာသင်ကြားရာတွင် သက်တောင့်သက်သာမရှိကြပါ။ ကလေးများအတွက် ဘောလုံးကွင်းအဖြစ် ကျောင်းရှေ့တွင်ရှိသော မြေကွက်လပ်ကိုအသုံးပြု ကြပါသည်။

လက်ရှိကျေးရွာတွင် ကျေးလက်ကျန်းမာရေးဆေးပေးခန်းရှိပြီး သားဖွါးဆရာမ တစ်ဦးရှိပါသည်။ ကျေးလက်ကျန်းမာရေးဆေးပေးခန်းကို (၁၉၇၅) ခုနှစ်ကတည်းက အစိုးရအသိအမှတ်ပြုခဲ့ပြီး (၁၉၉၉) ခုနှစ်တွင် (၁၅) ပေပတ်လည် ပျဉ်ခင်းပျဉ်ကာ၊ သွပ်မိုး အဆောက်အဦအဖြစ်ပြုပြင်ခဲ့ပါသည်။ ဆေးပေးခန်းတွင် ကုတင်၊ ဗီရိုနှင့် အခြားအထောက်အကူပစ္စည်းများ ပြည့်စုံမှုမရှိပါ။ သား

ဖွားဆရာမသည် ကျေးရွာတွင်အမြဲတမ်းအနေထိုင်ပါသည်။ သာမန်ရောဂါများကို ကျေးရွာတွင် ကုသလေ့ရှိပြီး ရောဂါကြီးကြီးမားမား ဖြစ်ပွားပါက ရွာနှင့် (၂၆) ကီလိုမီတာကွာဝေးသော မာန်အောင်မြို့ပြည်သူ့ဆေးရုံသို့ သွားရောက်၍ဆေးကုသမှ ခံယူကြပါသည်။

ကျေးရွာတွင်ယင်လုံအိမ်သာအသုံးပြုသူ အိမ်ခြေ (၃၂) ခန့်သာရှိပြီး ကျန်အိမ်ထောင်စုများမှာ တောထိုင်ခြင်းဖြင့်သာ ဖြေရှင်းကြပါသည်။ အိမ်သာကိုလုံလောက်စွာ အသုံးမပြုရခြင်းမှာအမှုအကျင့်ကို မပြောင်းလဲနိုင်ခြင်း၊ ကျန်းမာရေးဗဟုသုတအားနည်းခြင်း၊ အလေ့အထမရှိခြင်းနှင့် ပင်လယ်နှင့် နီးကပ်လွန်းခြင်းကြောင့် ဒီရေတက်လာချိန်တွင် မစင်များပင်လယ်ထဲသို့ အလွယ်တကူ မျောပါသွားနိုင်ခြင်းတို့ကြောင့် ဖြစ်ပါသည်။ တာဝန်ကျသားဖွားဆရာမ၏ကြီးကြပ်မှုဖြင့် အိမ်တိုင်းယင်လုံအိမ်သာအသုံးပြုရေးကို ဆောင်ရွက်နေသော်လည်း ကျေးရွာသားများအနေဖြင့် လိုက်နာဆောင်ရွက်မှုအားနည်းနေသည်ကို တွေ့ရပါသည်။

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

ကျေးရွာတွင်းတွင်လူငယ်များအတွက် သီးခြားသတ်မှတ်ထားသော အားကစားကွင်းဟူ၍ မရှိပါ။ လူငယ်များအနေဖြင့် အပန်းဖြေရန်လမ်းဘေးတွင် ပိုက်ကျော်ခြင်းလုံးကစားခြင်း၊ ပင်လယ်ကမ်းစပ်သဲသောင်ပြင်နှင့် ကျေးရွာစာသင်ကျောင်းဝန်း ဘောလုံးကွင်းတို့တွင် ဘောလုံးကစားခြင်း၊ ပင်လယ်ကမ်းစပ်တွင် ရေကူးခြင်းစသည်တို့ကို ပြုလုပ်ကြပါသည်။ ကျေးရွာတွင်းရှိ လူငယ်၊ လူရွယ်များသည် ဝါတွင်းကာလနှင့် ဝါကျွတ်ကာလဆွမ်းလောင်းပွဲတော်များတွင် တက်ကြွစွာပါဝင်ကြပါသည်။ လူငယ်များအတွက် အသိပညာတိုးပွါးရေးနှင့်ဆိုင်သော စာကြည့်တိုက်၊ အင်တာနက်စသည်များအား လက်လှမ်းမှီမှုမရှိကြပါ။ အရွယ်ရောက်သောလူငယ်အများစုမှာ မိသားစုစားဝတ်နေရေးအတွက် စိုက်ပျိုးမွေးမြူရေးနှင့် ရေလုပ်ငန်းများဖြင့်သာ အချိန်ကုန်နေကာလူငယ်များဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေအနေကောင်းများနှင့် အလှမ်းကွာဝေးလျှက်ရှိနေဆဲ ဖြစ်ပါသည်။

(ဇ) အခြေခံအဆောက်အဦ - လက်လှမ်းမှီ ရယူမှု၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး

ရွာမှမြို့သို့ (၂၆) ကီလိုမီတာအရှည်ရှိပြီး ကျောက်ချောလမ်းဖြစ်ပါသည်။ (၂၆) ကီလိုမီတာအနက် (၂) ကီလိုမီတာသည် ၂၀၁၄ ခုနှစ်တွင် ကျေးလက်ဦးစီးမှ ငွေကျပ်သိန်း (၆၀၀) ကျော်အကုန်အကျခံ၍ ကျောက်ချောလမ်းခင်းပေးထားသောကြောင့် တစ်နှစ်ပတ်လုံးသွားလာနိုင်ပြီး လိုင်းကား (၂) စီး၊ သုံးဘီးဆိုင်ကယ် (၁) စီးနှင့် မော်တော်ဆိုင်ကယ် (၆၁) စီး ရှိပါသည်။ ကျေးရွာတွင် ဟွန်ဒါပဲ့ထောင်စက်လှေ (၁၂) စီး၊ (၈) ကောင်ဒီဇယ်အင်ဂျင် (၈) စီးရှိပြီး ငါးဖမ်းရန်အတွက်သာအသုံးပြုပါသည်။ ရွာမှမြို့သို့ရေကြောင်းသယ်ယူပို့ဆောင်ရေးမရှိသောကြောင့် လှေ၊ သမ္ဘာန် တစ်စင်းမျှမရှိပါ။ ကျေးရွာသည် ကျွန်းပတ်လမ်းနှင့် (၂) ကီလိုမီတာ အကွာတွင်တည်ရှိပြီး မာန်အောင်မြို့သို့ရောက်ရန် ကုန်းလမ်းခရီးကိုသာအသုံးပြုပြီး အခြားမြို့များဖြစ်သော တောင်ကုတ်နှင့် ရန်ဖြဲမြို့များသို့ရောက်ရှိရန်ပင်လယ်ရေကြောင်းကို မာန်အောင်မြို့မှတဆင့် အသုံးပြုနိုင်ပါသည်။ ပုဂ္ဂလိကလုပ်ငန်းရှင် တစ်ဦးမှ ၁၅ ကီလို မြင်းကောင်ရေ ၂၅ ကောင်အားရှိသော ဒီဇယ်အင်ဂျင်ဖြင့် ၂၀၁၂ ခုနှစ်မှစတင်ကာ လျှပ်စစ်မီးပေးခဲ့ရာ အသုံးပြုသူအိမ်ထောင်စု (၁၀၀) ခန့်မှ မီးသွယ်တန်းအသုံးပြုကြပါသည်။

မီးပေးဝေမှုအနေဖြင့် ညနေ ၆:၃၀ မှ ၉:၃၀ အထိ တစ်ရက်လျှင် (၃) နာရီခန့်ပေးဝေပြီး မီးအသုံးပြုခ အနေဖြင့်မီးချောင်းတစ်ချောင်းသာ အသုံးပြုလျှင်လစဉ် (၃၀၀၀) ကျပ်နှင့် တီဗွီကြည့်သော မိသားစုများအနေဖြင့် (၆၀၀၀) ကျပ် ပေးဆောင်ရပါသည်။ မီးတိုင်များသည် ဝါးတိုင်များဖြစ်သည့်အပြင် မီးကြိုးများသည် သံကြိုးများဖြင့်သွယ်တန်းထားသောကြောင့် ယာယီအတွက်သာ အသုံးပြုရန်ရည်ရွယ်ထားပါသည်။ထို့ပြင် ဆင်းရဲသားမိသားစုများသည် မီးကြိုး၊ မီးချောင်းနှင့် လစဉ်ကြေးပေးဆောင်ရန် အခက်အခဲများရှိနေသောကြောင့် မီးသွယ်တန်းယူခြင်းမရှိသေးပါ။

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

ယေဘုယျအားဖြင့် ကျေးရွာသည်လုံခြုံမှုရှိ၍ အေးချမ်းတည်ငြိမ်သည်ဟု ဆိုနိုင်ပါသည်။ ကျေးရွာတွင် မူခင်းဖြစ်ပွားမှုကြီးကြီးမားမားမရှိပါ။ ယခုအချိန်အထိ ဘာသာရေး၊ လူမျိုးရေး အဓိကရုဏ်းများ ဖြစ်ပေါ်ခဲ့ဖူးခြင်းမရှိသေးပါ။ ကျေးရွာဘေးကင်းလုံခြုံမှုအတွက် အဓိကအားဖြင့် ကျေးရွာအုပ်ချုပ်ရေးအဖွဲ့မှ တာဝန်ယူလေ့ရှိပါသည်။ ထို့ပြင် ကျေးရွာလုံခြုံရေးအတွက်လိုအပ်လျှင် စီဒီအမ်အေဖုန်းများကို အသုံးပြု၍ မာန်အောင်မြို့ရဲစခန်းများနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ပါသည်။

(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့်စိန်ခေါ်မှုများ

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေများ

ကျေးရွာပိုင်လယ်ယာမြေများသည် မြေဩဇာအသင့်အတင့်ကောင်းမွန်ပြီး မိုးတွင်းကာလတွင်ရေလုံလောက်စွာရရှိပါသည်။ နွေရာသီ၌ သွင်းရေရရှိအောင်ဆောင်ရွက်ပြီး တစ်နှစ်လျှင် နှစ်သီးစားစနစ် စိုက်ပျိုးရေးအကောင်အထည်ဖော်နိုင်ပါက သီးနှံထုတ်လုပ်မှုတိုးတက်လာနိုင်ပါသည်။ စိုက်ပျိုးရေးအတွက် ချေးငွေရရှိရန်မာန်အောင်မြို့ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်နှင့် အမိန့်ရအပေါင်ဆိုင်များမှ ချေးယူရရှိနိုင်ပါသည်။ စိုက်ပျိုးရေးထုတ်ကုန်များကို မာန်အောင်မြို့သို့ရောင်းချနိုင်ရန်လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ပါသည်။ မြေဩဇာအသင့်အတင့်ကောင်းမွန်ပြီး မိုးရေချိန်လုံလောက်စွာရရှိသောကြောင့် လယ်ယာသစ်တောစိုက်ပျိုးရေးစနစ် အကောင်အထည်ဖော်နိုင်ပါသည်။

ကျေးရွာသည်တစ်နှစ်လျှင် မိုးရေချိန်လက်မ (၂၁၇) ဝန်းကျင်ရရှိပြီး နွယ်မြက်သစ်ပင်များကောင်းမွန်စွာရှင်သန်ပေါက်ရောက်နိုင်၍ ကွဲ၊ နွားများအတွက်အစာအဖြစ် အလွယ်တကူရရှိနိုင်ပါသည်။ ဒေသတွင်းနွားစျေးနှုန်းများ ကောင်းမွန်သောကြောင့် နွားမွေမြူရေးလုပ်ငန်းသည် ကျေးရွာအတွက် အကျိုးအမြတ်များသောလုပ်ငန်းတစ်ခု ဖြစ်ပါသည်။ နွားတစ်ကောင်လျှင် (သုံးသိန်းကျပ်မှတစ်ဆယ်သိန်း) ကျပ်အထိအရွယ်အစားနှင့် မျိုးကောင်းမျိုးသန့်ပေါ်မူတည်၍ စျေးကောင်းရှိနိုင်ပြီးအထီးသည်အမထက် စျေးကောင်းရပါသည်။ နွားများကို ပြည်တွင်း/ ပြည်ပစျေးကွက်သို့ စျေးနှုန်းမြင့်မားစွာဖြင့် တရားဝင်နှင့်တစ်ခါတစ်ရံတွင် တရားမဝင် ရောင်းချနိုင်ပါသည်။

ကျေးရွာသည်ပင်လယ်နှင့် ကပ်လျက်ရှိသောကြောင့် ရေငန်ငါး၊ ပုဇွန်ဖမ်းခြင်းလုပ်ငန်းသည် မြေမဲ့ယာမဲ့နှင့် ကျပန်းလုပ်သားများအတွက် ပုံမှန်ဝင်ငွေရနိုင်ပြီး ငွေကြေးတတ်နိုင်သူများအတွက် လုပ်ငန်းများတိုးချဲ့လုပ်ကိုင်ပြီး ချမ်းသာကြွယ်ဝလာစေရန် အခွင့်အလမ်းတစ်ခုဖြစ်ပါ သည်။

(ခ) အဟန့်အတားများ နှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

ဇီးတောကျေးရွာပိုင် စိုက်ပျိုးမြေသည်အခြားကျေးရွာမှ ပိုင်ဆိုင်သောစိုက်ပျိုးမြေများနှင့် တစ်ဆက်တည်းရှိသောကြောင့် ထပ်မံတိုးချဲ့၍မရနိုင်တော့ပါ။ ခေတ်မီသောစိုက်ပျိုးနည်းစနစ်များ နှင့်အလှမ်းကွာဝေးပြီး မိရိုးဖလာစိုက်ပျိုးရေး နည်းစနစ်များကိုသာအသုံးပြုနေကြသောကြောင့် ဖျက် ပိုးများနှင့် ရောဂါကျရောက်မှုမှကာကွယ်ရန်အခက်အခဲများနှင့်ရင်ဆိုင်ကြရပြီး သီးနှံအထွက်နှုန်းကို ထိခိုက်စေပါသည်။ မြစိမ်းရောင်စီမံကိန်း၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ ကျောင်းကော်မတီ၊ ဆေး ခန်းကော်မတီ၊ ဘော်လီဘောအသင်းနှင့် မိတ်ဆွေ/ ဆွေမျိုးများထံမှ ချေးငွေရရှိနိုင်သော်လည်း ကျေး ရွာသားများအတွက် လုံလောက်မှုမရှိပါ။ သီးထပ်စိုက်ပျိုးနိုင်ရန်အတွက် မြေအောက်ရေကိုအင်ဂျင် ဖြင့် စုပ်တင်အသုံးပြုနိုင်သော်လည်း ငွေအရင်းအနှီးနှင့်နည်းပညာအတွက် စိန်ခေါ်မှုများရှိနိုင် ပါသည်။ ယုံကြည်စိတ်ချရလောက်သော ဈေးကွက်မရှိသောကြောင့် ထုတ်ကုန်သီးနှံများထိုက်သင့်သ လောက်အကျိုးအမြတ်မရကြပါ။ ထို့ပြင် အစိုးရတွင်လယ်သမားများအား အကာအကွယ်ပေးသော မူဝါဒနှင့် နည်းဥပဒေများမရှိသေးသောကြောင့် တောင်သူများအနေဖြင့် ကိုယ်ထူကိုယ်ထစနစ်ဖြင့် သာရုန်းကန်နေကြရပါသည်။

ကျေးရွာရှိဆင်းရဲသားမိသားစုများအတွက် တိရစ္ဆာန်များတိုးချဲ့မွေးမြူနိုင်ရန် အားထားရ လောက်သောချေးငွေစနစ်မရှိပါ။ ကျေးရွာသားများသည်မျိုးကောင်းမျိုးသန့်မွေးမြူရေး အသိပညာ၊ ဗဟုသုတနှင့်အရင်းအနှီး အားနည်းခြင်းကြောင့်ဒေသမျိုးများကိုသာ မွေးမြူနေကြရပါသည်။ နွားများကို ပြည်တွင်းဈေးကွက်သို့ ထိုက်သင့်သောဈေးနှုန်းဖြင့်တရားဝင် ရောင်းချနိုင်သော်လည်း တစ်ခါတစ်ရံ တွင်ဈေးကွက်ပျက်တတ်ခြင်း ဈေးနှိမ်၍ဝယ်ယူခြင်းများ ကြုံတွေ့ရပါသည်။ ထို့ပြင် ဆင်းရဲသားမိသားစုများအနေဖြင့် ဈေးနှုန်းမြင့်မားသောနွားမျိုးများဝယ်ယူနိုင်ရန် ငွေကြေးအရင်း အနှီးအခက်အခဲများစွာ ရှိကြပါသည်။

ကျေးရွာအနီးရှိ ပင်လယ်ပြင်တွင် ရေငန်ငါး၊ ပုဇွန်များစွာရှိပြီး ကုန်ချောထုတ်လုပ်မှုအတွက် ရင်းနှီးမြှုပ်နှံနိုင်သော်လည်း အခြားဒေသမှရေလုပ်သားများ ဂျမ်းလှေကြီးများအသုံးပြု၍ ကျေးရွာ အနီးပင်လယ်ပြင်ရှိ ကမ်းနီးငါးဖမ်းဇရိယာတွင် ရေငန်ငါးများကို ဝင်ရောက်ဖမ်းဆီးခြင်းကြောင့် ပင်လယ်ငါး၊ ပုဇွန်မျိုးများ တစ်ဖြည်းဖြည်းတိမ်ကောရှားပါးလာခြင်း၊ (၂၄) နာရီ လျှပ်စစ်မီးမရရှိ သေးခြင်း၊ နည်းပညာပိုင်းအရ လက်လှမ်းမမီခြင်းများ ကြုံတွေ့ရနိုင်ပါသည်။

(ဂ) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ

ကျွန်ုပ်တို့ဇီးတောကျေးရွာ၏ လူနေမှုဆင့်အတန်းမြင့်မားလာစေရန်အတွက် ကျေးရွာလူထု သည်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် လက်တွဲပြီးကျေးရွာတွင်ရှိသော အရင်းအမြစ် များနှင့် အခွင့်အလမ်းများပေါ်တွင်အခြေခံကာ ရေရှည်ဖွံ့ဖြိုးရေးရည်မှန်းချက် ပန်းတိုင်ကိုချမှတ်ခဲ့

ကြပါသည်။ ကျေးရွာသားများ၏ တစ်ဦးချင်းဝင်ငွေ တိုးတက်ရေး၊ လူငယ်များအပါအဝင် လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးနှင့် လူမှုအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ရည်ရွယ်၍ချမှတ်ထားသော ရည်မှန်းချက်များမှာ အောက်ပါ အတိုင်းဖြစ်ပါသည်။

(က) ရည်မှန်းချက်ပန်းတိုင်

(၁) စိုက်ပျိုးမွေးမြူရေးနှင့် အခြားဝင်ငွေရလုပ်ငန်းများ အဆင်ပြေအောင်မြင်စွာ လုပ်ကိုင်နိုင်စေခြင်းအားဖြင့် ဝင်ငွေတိုးတက်လာစေရန်။

(၂) ကမ်းနီးကမ်းဝေး ငါးဖမ်းဥပဒေများအရ ရေငန်ငါးသယ်ဓာတများ ရေရှည်တည်တံ့အောင်ထိန်းသိမ်း၍ ကျေးရွာ၏ ငါး၊ ပုဇွန်လုပ်ငန်းများ ရေရှည်ဖွံ့ဖြိုးတိုးတက်လာစေရန်

(၃) ကျေးရွာ၏ လူသားအရင်းအမြစ်များဖွံ့ဖြိုးလာစေပြီး ကျေးလက်အခြေပြုအဖွဲ့အစည်းများတွင် တက်ကြွစွာဦးဆောင်ပါဝင်၍ ဘက်စုံကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်း ဖြစ်ထွန်းလာစေရေး။

(၄) ကျေးရွာမီးလင်း၍ ကျေးလက်အဆောက်အဦများ ပြည့်စုံစွာရစေပြီး သာယာစည်ပင်သည့်ကျေးရွာဖြစ်ပေါ်လာစေရေး

(ခ) နည်းဗျူဟာ

ဖော်ပြပါပန်းတိုင်ရောက်ရှိစေရန်အတွက် အောက်ဖော်ပြပါ **ဗျူဟာများ** ချမှတ်ဆောင်ရွက်ရပါမည်။

(၁) ဒေသနှင့်ကိုက်ညီသော မျိုးကောင်းမျိုးသန့်များနှင့် ခေတ်မှီစိုက်ပျိုးရေးနည်းပညာများ ရရှိသုံးစွဲ ၍ ထုတ်လုပ်မှုတိုးတက်အောင်ဆောင်ရွက်မည်။

(၂) မွေးမြူရေးနည်းပညာနှင့် ဒေသနှင့်ကိုက်ညီသော မျိုးကောင်းမျိုးသန့်များသုံးစွဲ၍ ထုတ်လုပ်မှု တိုးတက်အောင်ဆောင်ရွက်မည်။

(၃) ဒေသတွင်း ရေငန်ငါးထုတ်လုပ်ခြင်းလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာခြင်းဖြင့် (ဥပမာ-ကုန်ချောထုတ်လုပ်ခြင်း၊ အေးခဲစနစ်တည်ထောင်ခြင်း၊ ငါးဈေးကွက်၊ သယ်ယူပို့ဆောင်ရေး) ကျေးရွာလူထုအတွက် အလုပ်အကိုင်အခွင့်အလမ်းများ မြင့်မားလာစေရန် ဆောင်ရွက်ပါမည်။

(၄) ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများတွင် ကျွမ်းကျင်ဝန်ထမ်းများအဖြစ် လူငယ်များဝင်ရောက်လုပ်ကိုင်နိုင်ရန် ကျွမ်းကျင်မှုသင်တန်းများ ထိထိရောက်ရောက်တက်ရောက်နိုင်ရန် အစီအစဉ်များ ချမှတ်ခြင်း။

(၅) ရွာသူရွာသားများအတွက်အဆင်ပြေစေသည့် ချေးငွေရရှိရေးချိတ်ဆက် ပံ့ပိုးပေးရပါမည်။

(၆) ပင်လယ်ရေလှိုင်းဒဏ်မှ ကာကွယ်ရန်ရေတားနံရံတည်ဆောက်ရေးအတွက် ဌာနဆိုင်ရာများနှင့် ချိတ်ဆက်ဆောင်ရွက်ပါမည်။

(၇) လျှပ်စစ်မီးမရသေးသော အိမ်ထောင်စုများလျှပ်စစ်မီးရရှိစေရန်နှင့် ပင်မလျှပ်စစ်လိုင်းနှင့် ချိတ်ဆက်နိုင်ရေးစီစဉ်ဆောင်ရွက်ရပါမည်။

(၈) အမျိုးသမီးများမိသားစုတွင်းကိစ္စများနှင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ထိထိရောက်ရောက် ပါဝင်နိုင်သည့် စွမ်းရည်များရလာအောင်စီစဉ်ဆောင်ရွက်ခြင်း။

(၉) လူငယ်များအချိန်ကိုအကျိုးရှိစွာအသုံးချ၍ လူ့စွမ်းရည်မြင့်စေသည့်ကျေးလက်လူငယ်သင်တန်းကဲ့သို့သောသင်တန်းများ ကျေးလက်သတင်းအချက်အလက် ကောက်ယူရေးလုပ်ငန်းများတွင်တက်ကြွစွာပါဝင်လာနိုင်ရန်စီစဉ်ဆောင်ရွက်ရပါမည်။

(၁၀) အထက်ဖေါ်ပြပါ စွမ်းရည်မြှင့်တင်မှုတည်ဆောက်ခဲ့သည့် အမျိုးသမီးများနှင့် လူငယ်ထုတို့ ကျေးရွာဘက်စုံဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာဆိုင်ရာအဆောက်အဦများ ပိုမိုကောင်းမွန်လာစေပြီး ကျန်းမာရေး၊ ပညာရေး၊ သာယာဝပြောရေးတို့တွင်အစုအဖွဲ့ ဖြင့်စံနစ်တကျဆောင်ရွက်သည့် အလေ့အကျင့်ရစေရန်စီစဉ်ဆောင်ရွက်ရပါမည်။

(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များနှင့် ဗဟိုအဆင့်မူဝါဒများအကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ

အစိုးရ၏မူဝါဒနှင့်လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာနဆိုင်ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာအကြံပေးအဖွဲ့တို့၏ အကြံပြုချက်အရဤအခန်းကို ပြုစုဖော်ပြထားပါသည်။ ဖော်ပြပါအဖွဲ့အစည်းများသည် ကျွန်ုပ်တို့ကျေးရွာ၏လိုအပ်ချက်များအား နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာအဆင့်၊ ထိုမှတစ်ဆင့်ကျွန်ုပ်တို့ ကျေးရွာအဆင့် ထိပဲ့ပိုးမှုပေးနိုင်မည့်အစိုးရဌာနများနှင့် အဖွဲ့အစည်းများကို အကြံပြုဖော်ထုတ် ပေးနိုင်ခဲ့ကြပါသည်။

(က) ကျေးရွာဖွံ့ဖြိုးရေး ရည်မှန်းချက် ရေးဆွဲခြင်းနှင့် ပုံမှန်စိစစ်ခြင်း

ဤကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်လုပ်ငန်းအား နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည် အလွန်အရေးပါပါသည်။ အနာဂါတ်တွင်လည်း ရေရှည်တည်တံ့မည့် ဖွံ့ဖြိုးရေးအစီအစဉ်များကို နိုင်ငံတော်အစိုးရ၏ဦးဆောင်မှုဖြင့် ကျေးရွာသားများအနေဖြင့် စွမ်းစွမ်းတမံဆောင်ရွက်သွားလိုပါသည်။ ကျွန်ုပ်တို့ကျေးရွာသူ/သားများ ကိုယ်တိုင်အားထုတ်လုပ်ကိုင်ရရှိခဲ့မှုများကို ပြန်လည်စိစစ်ခြင်း၊ ပြုပြင်ရေးဆွဲခြင်း၊ နောက်ဆုံးအတည်ပြုထားသည့် ဖွံ့ဖြိုးရေးအစီအစဉ်များကိုလည်း သတ်မှတ်ကာလအတိုင်း စနစ်တကျအကောင်အထည်ဖော်နိုင်ရန် စိစစ်ဆောင်ရွက်သွားနိုင်မည်ဖြစ်ပါသည်။

(ခ) ငွေကြေးဝန်ဆောင်မှု လုပ်ငန်းများ

ဇီးတောကျေးရွာသားများ၏ အဓိကလိုအပ်ချက်မှာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဝင်ငွေရ လုပ်ငန်းများအတွက် လုံလောက်သော ချေးငွေများရရှိရေးသည် အဓိကအချက်ဖြစ်ပါသည်။ စပါး စိုက်တောင်သူများအတွက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အနေဖြင့် ချေးငွေများထုတ်ချေးပေးနေ သော်လည်းထုတ်ချေးပေးသောအချိန် နောက်ကျတတ်ခြင်း၊ ချေးငွေပမာဏအကန့်အသတ်ရှိနေ ခြင်း၊ သီးနှံများပေါ်ပြီး စတင်ပြန်လည်ပေဆပ်ကြရခြင်းစသည့် အခက်အခဲများရှိနေဆဲ ဖြစ်ပါသည်။ ဒေသတွင်းကျွဲ၊ နွားစျေးနှုန်းများ ကောင်းမွန်သော်လည်း မွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်နိုင်ရန် အတွက်အရင်းအနှီးများ ထုတ်ချေးပေးသောအဖွဲ့အစည်းများမရှိဘဲ၊ မွေးမြူရေးလုပ်ငန်းများတိုးချဲ့ ရန်ခက်ခဲမှုများရှိနေကြပါသည်။ ထို့ပြင်ကျေးရွာပိုမိုဖွံ့ဖြိုးရေးအတွက် ငွေကြေးဝန်ဆောင်မှုပေး သောနိုင်ငံတကာအဖွဲ့အစည်းများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများလည်းမရှိကြပါ။ ထို့ကြောင့် ကျေးရွာ သူ /သား များ လိုအပ်သော ချေးငွေများရရှိနိုင်ရန်နှင့် အထူးသဖြင့် ဆင်းရဲသော မိသားစုများအတွက် ငွေကြေးအရင်းအနှီးများအဆင်ပြေစေရန် စည်းကမ်းသတ်မှတ်ချက်များကို ဒေသအလိုက်လိုအပ် ချက်များနှင့်အညီပြောင်းလဲသင့် ပါသည်။

(ဂ) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် အချိန်ကာလ

စီမံချက်များကို အကောင်အထည်ဖော်မည့်အချိန်ကာလက (၂၀၁၆ ခုနှစ် မှ ၂၀၂၀ ခုနှစ်) အထိ (၅) နှစ်သတ်မှတ်ထားပါသည်။ ၄င်း (၅) နှစ်တာကာလအတွင်း တစ်နှစ်ချင်းစီအလိုက် ဆောင်ရွက်မည့် စီမံချက်များကိုလည်း ချမှတ်ထားပြီးဖြစ်ပါသည်။ ထိုသို့ချမှတ်ဆောင်ရွက်ရာတွင် ကျေးရွာမှဆောင် ရွက်နိုင်သော စီမံချက်လုပ်ငန်းများ၊ အစိုးရဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့် အခြားအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်ရမည့်လုပ်ငန်းများဟူ၍ ခွဲခြားသတ်မှတ်ကာ ရေတို၊ ရေရှည်ရည်မှန်းချက်များထားရှိပြီး အကောင်အထည်ဖော် ဆောင်ရွက်သွားကြမည်ဖြစ်ပါသည်။ စီမံကိန်းငါးနှစ်တာကာပြီးဆုံးချိန်တွင် ဖော်ပြပါစီမံချက်လုပ်ငန်းများ ပြီးမြောက်စေရန်အတွက် တစ်နှစ်ချင်းစီအလိုက်ချမှတ်ထားသော စီမံချက်လုပ်ငန်းများကို အောင်မြင်အောင်ဆောင်ရွက်သွားရန် မဖြစ်မနေ လိုအပ်မည်ဖြစ်ပါသည်။

(ဃ) နှစ်စဉ်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်နှင့် ဘဏ္ဍာရေးလျာထားရေးအစီအစဉ်

ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်း (PRA) ဆွေး နွေးပွဲဆောင်ရွက်စဉ်တွင် ကျွန်ုပ်တို့ကျေးရွာအတွက် (၅) နှစ်တာစီမံကိန်းကာလအတွင်း ဆောင်ရွက် မည့်ကျေးရွာဖွံ့ဖြိုးရေးစီမံချက်များကို ဖော်ထုတ်ခြင်း၊ ဦးစားပေးအစီအစဉ်သတ်မှတ်ခြင်း၊ အကောင် အထည်ဖော်မည့် အချိန်ကာလတွက်ချက်ခြင်းများ ဆောင်ရွက်ခဲ့ကြပါသည်။ သို့သော် ရန်ပုံငွေရရှိနိုင် မှုအခြေအနေ၊ သဘာဝဘေးအန္တရာယ်ကျရောက်မှု၊ နိုင်ငံတော်အစိုးရ၏ မူဝါဒများပေါ်မူတည်ပြီး ကျေးရွာနှစ်ပတ်လည်ဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖွံ့ဖြိုးရေးစီမံချက်များထပ်မံ၍ ဖြည့်စွက်ခြင်း၊ နှစ်အ လိုက်စီမံကိန်းအချို့ကို ပြင်ဆင်ရေးဆွဲခြင်းများ ပြုလုပ်နိုင်ပါသည်။ အဓိကအချက်မှာ စီမံချက်တိုင်း

သည် နောင် (၅) ကြာသောအခါရရှိလာမည့် ကျေးရွာရေရှည်ဖွံ့ဖြိုးရေးပန်းတိုင်ကို ထိရောက်စွာပံ့ပိုးပေးနိုင်ရေးပင် ဖြစ်ပါသည်။

(ခ) ကဏ္ဍ နှင့် ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံကိန်းအုပ်စု သတ်မှတ်ခြင်း

အစီအစဉ်နှင့် စီမံချက်များအားကဏ္ဍနှင့် ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်းသည် စီမံကိန်းဆိုင်ရာအချက်အလက်များ ခွဲခြမ်းသုံးသပ်ရာတွင်များစွာ အထောက်အကူပြုပါမည်။ Functional classification သည် ဝန်ကြီးဌာန၊ ဦးစီးဌာနများအတွက် ၄င်းတို့နှင့်သက်ဆိုင်သောစီမံကိန်းများကို သိရှိနားလည်ရန်အထောက်အကူပြုပါမည်။ Economic classification သည် စီမံကိန်းလုပ်ငန်းများ၏ အကျိုးရလဒ်ဖြစ်ထွန်းမှုများအား အကဲဖြတ်သုံးသပ်ခြင်းလုပ်ငန်းများဆောင်ရွက်ရေးအတွက် လိုအပ်ပါသည်။

ကဏ္ဍကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Functional Classification)

ဆောင်ရွက်မည့်စီမံကိန်းသည်၊ စီမံကိန်းဘတ်ဂျက်သည် (က) မည်သည့် ကဏ္ဍအောက်တွင် (ဥပမာ - စိုက်ပျိုးရေး၊ လျှပ်စစ်ကဏ္ဍ စသည်)၊ (ခ) မည်သည့်ဝန်ကြီးဌာနနှင့်သက်ဆိုင်သည်စသည်ဖြင့် ခွဲခြား သတ်မှတ်နည်းဖြစ်ပါသည်။

ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic Classification)

စီမံကိန်းဘတ်ဂျက်အမျိုးအစားသည် မည်သည့်ရင်းနှီးမြှုပ်နှံမှုအမျိုးအစား ဖြစ်သည်ကိုဖော်ပြခြင်းဖြစ်ပါသည်။

(၁) သာမန်အသုံးစရိတ် (ဥပမာ) ကျေးရွာအဆောက်အဦများ ရေရှည်တည်တန့်ရန်အတွက် ပြုပြင်မွမ်းမံခြင်း

(၂) ငွေလုံးငွေရင်းအသုံးစရိတ် (ဥပမာ) ဆောက်လုပ်ရေးပစ္စည်းများနှင့် ပုံသေဝယ်ယူ၍ ရသောရင်းနှီးမြှုပ်နှံမှုများ၊

(၃) စွမ်းဆောင်ရည်မြှင့်တင်ရေးစရိတ် (ဥပမာ) ဆွေးနွေးပွဲ၊ သင်တန်းစသည့် အသုံးစရိတ်

(၄) လူသားချင်းစာနာမှုအသုံးစရိတ် (ဥပမာ) သဘာဝဘေးအန္တရာယ်ဖြစ်ပွားပြီးနောက် အထောက်အပံ့များ

(ဂ) ဦးစားပေးစီမံချက်များ

ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်း (PRA)ဆွေးနွေးပွဲမှ ကျေးရွာတွင် ဆောင်ရွက်သင့်သည့် ဖွံ့ဖြိုးရေးလုပ်ငန်းခေါင်းစဉ်များ ထွက်ရှိလာပါသည်။ ယင်းလုပ်ငန်းများအနက် တက်ရောက်သူ ကျေးရွာသား၏ဥစ္စာဓနအဆင့်အုပ်စု(၄)စု(ချမ်းသာ၊ အသင့်အတင့်၊ ဆင်းရဲ၊ အလွန်ဆင်းရဲ)ကို ကိုယ်စားပြုသော ကိုယ်စားလှယ် (၁၀) ဦးက ဦးစားပေးရမည့် စီမံချက်များကို အမှတ်ပေးကြပါသည်။ ၄င်းရမှတ်များအပေါ်မူတည်၍ ဦးစားပေးရမည့် စီမံချက်များကိုသတ်မှတ်ကြခြင်းဖြစ်ပါသည်။သို့သော် ၄င်းစီမံချက်များကို အမှန်တကယ်လက်တွေ့ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နည်းပညာဆိုင်ရာ အသေးစိတ်လိုအပ်ချက်များ၊ ရန်ပုံငွေရရှိနိုင်မှု အခြေအနေ၊ အစိုးရ၏မူဝါဒများပေါ်မူတည်ပြီး အနည်းငယ်အပြောင်းအလဲ ရှိနိုင်ပါသည်။ ထို့ကြောင့် ကျေးရွာ၏ (၅) နှစ်တာ ဖွံ့ဖြိုးရေးရည်မှန်းချက်ကို ပြည့်ပြည့်ဝဝ အကောင်အထည်ဖော်နိုင်ရန် မြို့နယ်အဆင့် အစိုးရဌာနများနှင့်အခြားအဖွဲ့အစည်းများထံမှပံ့ပိုးမှုများရရှိရန်လိုအပ်ပါသည်။

ကျေးရွာလူထု အစည်းအဝေးတွင် သဘောတူသတ်မှတ်သော ဦးစားပေး စီမံချက်လုပ်ငန်းများ

ကဏ္ဍ	စီမံကိန်း	ရမှတ်	ဦးစားပေး အဆင့်	စီမံကိန်းအကြောင်းအရာဖော်ပြချက်
ဖွံ့ဖြိုးတိုးတက်မှု ဆိုင်ရာစီမံအုပ်ချုပ်မှု	လူထုအခြေပြုအဖွဲ့အစည်းများတွင် စီမံခန့်ခွဲမှုဆိုင်ရာစွမ်းဆောင်ရည် မြင့်မားအောင်ဆောင်ရွက်ခြင်း	၃၀	၁၀	• ခေါင်းဆောင်မှုအတတ်ပညာနှင့်ငွေကြေး စီမံ ခန့်ခွဲမှုသင်တန်း • အဖွဲ့စည်းဆိုင်ရာ အခြေခံသဘောတရား နှင့် လုပ်နည်းလုပ်ထုံးများ • ရေရှည်ဖွံ့ဖြိုးရေးအ တွက်အဖွဲ့အစည်းများနှင့်နည်းပညာပူးပေါင်း ဆောင်ရွက်ရေးအစီအစဉ်
သီးနှံအထွက်တိုးရေး	စိုက်ပျိုးရေးအတွက်အရင်းအနှီး နှင့်နည်းပညာများပြည့်စုံစေရန် ဆောင်ရွက်ခြင်း	၈၄	၃	• အထွက်နှုန်းကောင်းသောသီးနှံမျိုးစေ့များရရှိစေရန်စိုက်ပျိုးရေးပညာရှင်များနှင့်လက်တွဲဆောင်ရွက်ခြင်း • စိုက်ပျိုးရေးစံပြစိုက် ကွက်များထူထောင်ခြင်း • ချေးငွေနှင့်လယ်ယာသုံးကိရိယာများရရှိနိုင်သည့်နေရာများနှင့်ချိတ်ဆက် ဆောင်ရွက်ရေး
တိရစ္ဆာန်မွေးမြူရေး	တစ်နိုင်တစ်ပိုင်နှင့်စီးပွားဖြစ်နွားမွေးမြူရေးအောင်မြင်စေရန် ဆောင်ရွက်ခြင်း	၆၃	၉	• တိရစ္ဆာန်ကာကွယ်ဆေးနှင့် နွားမွေးမြူရေးနည်းပညာသင်တန်း • ဒေသခံမွေးမြူရေးသင်တန်းသားမွေးထုတ်ခြင်း • ဦးတည်အုပ်စုများသတ်မှတ်၍ဆေးပြည့်မှီအောင်စနစ်တကျကာကွယ်ဆေးထိုးရေးအစီအစဉ်
ရေလုပ်ငန်း	ငါးလုပ်ငန်းဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ခြင်း	၉၂	၂	• စက်လှေဆိပ်ကမ်းတိုးချဲ့ခြင်း • စက်ရုံအလုပ်ရုံများ တည်ထောင်၍ ငါးရောင်း ဝယ်ရေးစျေးကွက်များ ဖန်တီးပေးခြင်း • ငါး၊ ပုဇွန် များကုန်ချောပြု လုပ်ခြင်း နည်းပညာများရယူခြင်း • မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနနှင့်ချိတ်ဆက် ဆောင်ရွက်ခြင်း • ကမ်းနီးကမ်းဝေး ငါးဖမ်းဥပဒေလိုက်နာရေး ညှိနှိုင်းဆောင်ရွက်ခြင်း
ကျေးရွာပညာရေးအရည်အသွေး	မူလတန်းကျောင်းအဆောက်အဦတိုးချဲ့ခြင်းနှင့်ကျောင်းသုံးပရိ	၇၅	၅	• မြို့နယ်ပညာရေးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်းအစီအစဉ် • ကျောင်းဆောင်တိုးချဲ့ခြင်း

ကဏ္ဍ	စီမံကိန်း	ရမှတ်	ဦးစားပေးအဆင့်	စီမံကိန်းအကြောင်းအရာဖော်ပြချက်
	ဘောဂပစ္စည်းပြည့်စုံစေရေးဆောင်ရွက်ခြင်း			• ကျောင်းသုံး ပရိဘောဂပစ္စည်းပြည့်စုံစေရေး အစီအစဉ်
ကျန်းမာရေး	အိမ်တိုင်းယင်လုံအိမ်သာအသုံးပြုရေးအစီအစဉ်	၇၄	၆	• တစ်ကိုယ်ရေသန့်ရှင်းရေးနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးအသိအမြင်မြှင့်တင်ခြင်း • ကျေးလက်ကျန်းမာရေးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း • ယင်လုံအိမ်သာဆောင်လုပ်ခြင်း
လူငယ်၊ယဉ်ကျေးမှုနှင့်အားကစား	ကျေရွာစာကြည့်တိုက် အကောင်အထည်ဖော်ခြင်း	၆၀	၈	• ကျေးရွာစာကြည့်တိုက်အကောင်အထည်ဖော်ရေးကော်မီတီကိုဖွဲ့စည်းခြင်း • ကျေးရွာစာကြည့်တိုက်အဆောက်အဦအကောင်အအထည်ဖော်ခြင်း • စာအုပ်စာတမ်းများပြည့်စုံစေရေးအတွက်ဌာနဆိုင်ရာများနှင့်ချိတ်ဆက်ခြင်း၊
အခြေခံအဆောက်အဦ	ကျေးရွာလမ်းတံတားအဆောက်အဦပြည့်စုံစေရန်ဆောင်ရွက်ခြင်း	၆၉	၇	• ကျေးရွာအခြေခံအဆောက်အဦကော်မီတီဖွဲ့စည်းခြင်း • ကျေးလက်ဦးစီးဌာန နှင့်ချိတ်ဆက် ဆောင်ရွက်ခြင်း • ရွာတွင်းလမ်းအဆင့်မြှင့်တင်ခြင်း၊ • ရွာအဝင်သံကူကွန်ကရစ်တံတားအဆင့်မြှင့်တင်ခြင်း၊ • စက်လှေဆိပ်သွားလမ်းအဆင့်မြှင့်တင်ခြင်း၊
သဘာဝဘေးအန္တရာယ်	ရေတားနံရံတည်ဆောက်ခြင်း	၈၂	၄	• ကျေးလက်ဦးစီးဌာန နှင့်ချိတ်ဆက် ဆောင်ရွက်ခြင်း • နည်းပညာနှင့်စက်ယန္တယားဝန်ဆောင်မှု ရယူခြင်း • ရေတားနံရံတည်ဆောက် ခြင်းအစီအစဉ်
ကျေးရွာမီးလင်းရေး	ကျေးရွာလျှပ်စစ်မီးလင်းရေးဆောင်ရွက်ခြင်း	၁၁၉	၁	• ကျေးရွာမီးလင်း ရေး ကော်မီတီ ဖွဲ့စည်းခြင်း • ကျေးလက်ဖွင့်ဖြိုးရေး ဦးစီးဌာန နှင့်ချိတ်ဆက် ဆောင်ရွက်ခြင်း၊ • အဆင်းရဲဆုံးမိသားစုများအတွက်ရံပုံငွေတစ်ရပ် ထူထောင်ခြင်း • (၂၄)နာရီမီးလင်းရေး အကောင်အထည် ဖော်ခြင်း

(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

ကျေးရွာရေရှည်ဖွံ့ဖြိုးရေးအတွက် ဦးစားပေးစီမံချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန်စီမံကိန်းကာလကို PRA တွင်ဆွေးနွေးချက်များပေါ်တွင် အခြေခံ၍ရေးဆွဲထားပါသည်။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကာလကို စီမံချက်လုပ်ငန်းများ ပြီးမြောက်အောင်မြင်စွာ အကောင်အထည်ဖော်နိုင်မှုပေါ်မူတည်ပြီး နှစ်စဉ်ပြုပြင်ရေးဆွဲမည်ဖြစ်ပြီး လက်ရှိအနေဖြင့်ရေးဆွဲထားသော စီမံကိန်းကာလအပိုင်းအခြားကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။

စဉ်	စီမံချက် (Project)	ဦးစားပေး အဆင့်	၂၀၁၆	၂၀၁၇	၂၀၁၈	၂၀၁၉	၂၀၂၀
၁	လူထုအခြေပြုအဖွဲ့ အစည်းများတွင် စီမံခန့်ခွဲ မှုဆိုင်ရာ စွမ်းဆောင်ရည် မြင့်မားအောင်ဆောင်ရွက်ခြင်း	၁၀	√			√	
၂	စိုက်ပျိုးရေးအတွက်အရင်းအနှီးနှင့် နည်းပညာများပြည့်စုံစေရန်ဆောင်ရွက်ခြင်း	၃		√	√		
၃	တစ်နိုင်တစ်ပိုင်နှင့်စီးပွားဖြစ်နွားမွေးမြူရေးအောင်မြင်စေရန်ဆောင်ရွက်ခြင်း	၉	√				
၄	ငါးလုပ်ငန်းဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ခြင်း	၂		√			
၅	မူလတန်းကျောင်းအဆောက်အဦး တိုးချဲ့ခြင်းနှင့်ကျောင်းသုံး ပရိဘောဂပစ္စည်း ပြည့်စုံစေရေး ဆောင်ရွက်ခြင်း	၅	√		√		√
၆	အိမ်တိုင်းယင်လုံအိမ်သာအသုံးပြုရေးအစီအစဉ်	၆				√	
၇	ကျေးရွာစာကြည့် တိုက်အကောင်အထည်ဖော်ခြင်း	၈		√	√		
၈	ကျေးရွာ လမ်းတံတား အဆောက်အဦ ပြည့်စုံစေရန်ဆောင်ရွက်ခြင်း	၇					√
၉	ရေတားနံရံတည် ဆောက် ခြင်း	၄		√			
၁၀	ကျေးရွာလျှပ်စစ်မီးလင်းရေးဆောင်ရွက်ခြင်း	၁		√			

(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ ရွေးချယ်မှုများ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲရာတွင် စီမံကိန်းတွင်ပါဝင်သော အကောင်အထည်ဖော်ဆောင်ရွက်မည့်လုပ်ငန်းများအတွက် ဦးစားပေးဆောင်ရွက်မည့်လုပ်ငန်းများကို ဖော်ထုတ်ပြီးဖြစ်ပါသည်။ စီမံကိန်းများနှင့်ဆိုင်သော အကြောင်းအရာများကို လုပ်ငန်းတစ်ခုချင်းစီအလိုက် အသေးစိတ်ဖော်ပြထားပါသည်။ ၎င်းထဲတွင်စီမံကိန်း၏ ရည်ရွယ်ချက်၊ အကျိုးခံစားသူဦးရေ၊ အကောင်အထည်ဖော်ဆောင်ရွက်မည့်ပုံစံနှင့် အစီအစဉ်၊ စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်မည့်ကာလ၊ အခြေခံအဆောက်အဦးကို ပြုပြင်ထိန်းသိန်းမည့် ဘတ်ဂျက်နှင့် ငွေရေးကြေးရေး အစီအစဉ်များ ပါဝင်ပါသည်။

အချို့သောစီမံကိန်းများကိုဆောင်ရွက်ရာတွင် နည်းပညာဆိုင်ရာ အသေးစိတ်အထောက်အပံ့များကို မြို့နယ်အဆင့်အစိုးရဌာနများနှင့် အခြားအဖွဲ့အစည်းများထံမှ ပြည့်ပြည့်ဝဝရရှိရန်လိုအပ်ပါသည်။ စီမံချက်များ အကောင်အထည်ဖော် ဆောင်ရွက်ရန် ဦးစားပေးသတ်မှတ်ရာတွင် ဘတ်ဂျက်၊ ငွေကြေး ရရှိနိုင်မှုအပေါ်အခြေခံပြီး နှစ်စဉ်ပြုပြင်ပြောင်းလဲနိုင်သည်။ ဒေသအတွင်း ဖြစ်ပေါ်လာသော ဖွံ့ဖြိုးရေး လိုအပ်ချက်၊ သဘာဝဘေးအန္တရာယ်၊ အခြားအရေးပေါ်ကိစ္စရပ်များနှင့် အစိုးရဘတ်ဂျက်များအပေါ်မူတည်၍ ဦးစားပေးအစီအစဉ်များကို ပြောင်းလဲရန်ဖြစ်ပါသည်။ ကျေးရွာလူထုမှ ငါးနှစ်တာကာလအတွက်ရေးဆွဲထားသော ဖွံ့ဖြိုးရေးရည်မှန်းချက်မူဘောင်တွင် နှစ်အလိုက်အကောင်အထည်ဖော်ဆောင်ရွက်မည့်လုပ်ငန်း အစီအစဉ်များအတွက် ပြင်ဆင်ရမည်ဖြစ်သည်။

အောက်ပါ ဇယားတွင်ဖော်ပြထားသော စီမံကိန်းအလိုက်ဘတ်ဂျက်ပမာဏများသည် ရည်ညွှန်းနမူနာ (indicative) အဖြစ် ကိုးကားရန်ပမာဏသာ ဖြစ်ပါသည်။ အမှန်တကယ် လိုအပ်သော ဘတ်ဂျက်ပမာဏတွက်ချက်နိုင်ရန် အသေးစိတ်ဆက်လက်၍ဆောင်ရွက်ရမည် ဖြစ်ပါသည်။ ယင်းသို့ဆောင်ရွက်နိုင်ရန် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီသည် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများနှင့် လုပ်ငန်းရှင်များထံမှ နည်းပညာအကူအညီများရရှိရန်လည်း လိုအပ်ပါသည်။

ဖော်ပြထားသော ရည်ညွှန်းဘတ်ဂျက်ပမာဏတွင် ကျေးရွာလူထု၏ ငွေသားမဟုတ်သော ထည့်ဝင်မှုများကို ထည့်သွင်းဖော်ပြထားခြင်း မရှိပါ။ (ငွေသားမဟုတ်သော ထည့်ဝင်မှု၊ ဥပမာ - လုပ်အား၊ သဲ၊ ကျောက်၊ ပစ္စည်းကိရိယာ၊ အချိန် စသည်)

စီမံချက် ဘတ်ဂျက်

စဉ်	စီမံချက်	ရန်ပုံငွေ	ရင်းနှီးမြှုပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း (ကျပ်)			
			သာမန်အသုံးစရိတ်	ငွေလုံးငွေရင်းအသုံးစရိတ်		လူသားချင်းစာနာမှုအထောက်အပံ့
				ငွေလုံးငွေရင်းအသုံးစရိတ်	စွမ်းဆောင်ရည်မြှင့်တင်ရေး	
၁	လူထုအခြေပြုအဖွဲ့အစည်းများတွင် စီမံခန့်ခွဲမှုဆိုင်ရာစွမ်းဆောင်ရည်မြင့်မားအောင်ဆောင်ရွက်ခြင်း				√	

စဉ်	စီမံချက်	ရန်ပုံငွေ	ရင်းနှီးမြှုပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း (ကျပ်)			
			သာမန်အသုံးစရိတ်	ငွေလုံးငွေရင်းအသုံးစရိတ်		လူသားချင်းစာနာမှုအထောက်အပံ့
				ငွေလုံးငွေရင်းအသုံးစရိတ်	စွမ်းဆောင်ရည်မြှင့်တင်ရေး	
၂	စိုက်ပျိုးရေးအတွက်အရင်းအနှီးနှင့်နည်းပညာများပြည့်စုံစေရန် ဆောင်ရွက်ခြင်း			√		
၃	တစ်နိုင်တစ်ပိုင်နှင့်စီးပွားဖြစ်နွားမွေးမြူရေးအောင်မြင်စေရန် ဆောင်ရွက်ခြင်း			√		
၄	ငါးလုပ်ငန်းဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ခြင်း			√		
၅	မူလတန်းကျောင်းအဆောက်အဦးတိုးချဲ့ခြင်းနှင့်ကျောင်းသုံးပရိဘောဂပစ္စည်းပြည့်စုံစေရေး ဆောင်ရွက်ခြင်း			√		
၆	အိမ်တိုင်းယင်လုံအိမ်သာအသုံးပြုရေးအစီအစဉ်			√		
၇	ကျေရွာစာကြည့်တိုက်အကောင်အထည်ဖော်ခြင်း			√		
၈	ကျေးရွာလမ်းတံတားအဆောက်အဦပြည့်စုံစေရန်ဆောင်ရွက်ခြင်း			√		
၉	ရေတားနံရံတည်ဆောက်ခြင်း			√		
၁၀	ကျေးရွာလျှပ်စစ်မီးလင်းရေးဆောင်ရွက်ခြင်း			√		

(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ပါဝင်သောစီမံကိန်းလုပ်ငန်းများကို အထိရောက်ဆုံးအကောင်အထည်ဖော်ရန်တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာလူထု၏တာဝန်ဖြစ်ပါသည်။ ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် ပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေးတာဝန်ကိုအဓိကယူပါမည်။ အဖွဲ့အစည်းအသီးသီး၊ ကော်မတီအသီးသီးအား တာဝန်များခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာစီမံကိန်းများဆောင်ရွက်

နိုင်ရန် ဦးဆောင်ပါမည်။ ဥပမာ-မိဘဆရာအသင်းသည်ကျေးရွာမူလတန်းကျောင်း၏ ပညာရေးအ ရည်အသွေးကောင်းမွန်တိုးတက်ရန် တာဝန်ယူဆောင်ရွက်စေ၍ လယ်သမားအဖွဲ့က ကျေးရွာလယ် ယာကုန်ထုတ်လမ်းအဆင့်မြှင့်ခြင်း လုပ်ငန်းကို တာဝန်ယူဆောင်ရွက်စေခြင်း ဖြစ်ပါသည်။

(ခ) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း

ကျွန်ုပ်တို့ကျေးရွာကော်မတီအဖွဲ့များက ဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာ တွင်ဦးဆောင်စီမံခန့်ခွဲမှု တာဝန်ယူဆောင်ရွက်သော်လည်း အခြားသောဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့များ ကိုလည်း ရှာဖွေဆက်သွယ်ပူးပေါင်းရန်လိုပါမည်။ ကျွန်ုပ်တို့ ကိုယ်တိုင်မတတ်နိုင်သော အကူအညီ များရယူဆောင်ရွက်ရန်ဖြစ်ပါသည်။ ဥပမာ-မိဘဆရာအသင်းသည် မူလတန်းပညာရေးသင်ကြားမှု အရည်အသွေး တိုးတက်ရေးဆောင်ရွက်ရန် မြို့နယ်ပညာရေးဌာနနှင့်ချိတ်ဆက်ညှိနှိုင်း ဆောင်ရွက် ရပါမည်။ လယ်သမားအဖွဲ့အစည်းကလည်း လယ်ယာကုန်ထုတ်လုပ်ငန်း အထောက်အကူပြုလမ်း အဆင့်မြှင့်တင်ရန် မြို့နယ်ဆောက်လုပ်ရေးဌာနနှင့်ဆက်သွယ်၍ အင်ဂျင်နီယာဒီဇိုင်းပုံစံနှင့် တွက် ချက်မှုဆိုင်ရာ အကူအညီများရယူရပါမည်။

(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

စီမံကိန်းလုပ်ငန်းများ၏ အသေးစိပ်လုပ်ငန်းအမျိုးအစားဖော်ပြချက်တွင် တင်ဒါခေါ်ယူ ဆောင်ရွက်ရမည့်ကိစ္စများကိုလည်း တွေ့ရပါမည်။ ဤလုပ်ငန်းအမျိုးအစားများအတွက် အောက်ပါ အဖွဲ့အစည်း/ပုဂ္ဂိုလ်များ၏ပါဝင်မှုမှာ အမှန်ပင်လိုအပ်ပါမည်။

- ဆောက်လုပ်ရေး၊ ကြီးကြပ်ရေးစသည့် လုပ်ငန်းများအတွက် ကန်ထရိုက်များ
- စိုက်ပျိုးရေး၊ မွေးမြူရေးစသည့် သင်တန်းများအတွက် နည်းပညာဆိုင်ရာနှင့် စီမံခန့်ခွဲမှု ဆိုင်ရာဝန်ဆောင်မှုပေးသည့် အဖွဲ့များ(နိုင်ငံတကာဖွံ့ဖြိုးမှု အဖွဲ့အစည်းများ၊ ဒေသဖွံ့ဖြိုးရေး အဖွဲ့ အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်များ၊ လူထုအဖွဲ့အစည်းများ)

ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများက စီမံကိန်းလုပ်ငန်းတွင် ဖေါ်ပြထား သောသတ်သတ်မှတ်မှတ်ကိစ္စများကိုသာ ကြီးကြပ်မှုပေးမည်ဖြစ်ပြီးလုပ်ငန်းတစ်ခုလုံး လွှမ်းခြုံကြီး ကြပ်ရန်တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးကော်မတီက တာဝန်ပေးထားသောအဖွဲ့၏ တာဝန်သာ ဖြစ်ပါသည်။ အချို့ကိစ္စများတွင် ကြီးကြပ်ရေးတာဝန်မှာ မြို့နယ်သက်ဆိုင်ရာဦးစီးဌာနက တာဝန်ယူ ပါမည်။ ဤကိစ္စမျိုးတွင် ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် တာဝန်ပေးထားသောကော်မတီကို ဦးဆောင်၍ မြို့နယ်ဌာနဆိုင်ရာ အဖွဲ့အစည်းများနှင့် နီးနီးကပ်ကပ်ပူးပေါင်း ဆောင်ရွက်ပါမည်။

(ဃ) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ လည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်း ဆိုင်ရာ အစီအစဉ်များနှင့် ငွေကြေးဆိုင်ရာ အစီအမံများ

ကျွန်ုပ်တို့ကော်မတီအနေဖြင့် လုပ်ငန်းတစ်ခုချင်းစီအတွက် ရေရှည်တည်တံ့ရေးအစီအစဉ် များထားရှိမည်။ ဥပမာအားဖြင့် တံတားဆောက်လုပ်ခြင်းလုပ်ငန်းတွင် အသုံးပြုသူများထံမှ အသုံး ပြုခကောက်ခံခြင်း၊ စေတနာအလျောက်ထည့်ဝင်လိုသူများထံမှ အလှူငွေကောက်ခံခြင်းတို့ ဆောင်

ရွက်မည်။ ထို့အပြင် တံတားပေါ်ဖြတ်သန်းသွားလာ သယ်ယူမည့်ပစ္စည်းများ၏ ပမာဏကိုကန့်သတ်ခြင်းကဲ့သို့သော စည်းကမ်းများသတ်မှတ်မည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများရေရှည်တည်တံ့ရေးအတွက် လုပ်ငန်းအလိုက် သက်ဆိုင်ရာကော်မတီ၊ အဖွဲ့အား တာဝန်အပ်နှင်းဆောင်ရွက်မည် ဖြစ်ပါသည်။ ဥပမာအားဖြင့် တံတားပြုပြင်ထိန်းသိမ်းရေးအတွက် လမ်းကော်မတီ၊ စာသင်ကျောင်း ပြုပြင်ထိန်းသိမ်းရေးအတွက် မိဘဆရာအသင်းစသည်ဖြင့် ဆောင်ရွက်ပါမည်။

(၁၁) စီမံကိန်းအားစဉ်ဆက်မပြတ်လေ့လာဆန်းစစ်ခြင်း နှင့် အကဲဖြတ်သုံးသပ်ခြင်း

ကျွန်ုပ်တို့၏ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖော်ရာတွင် တိုးတက်မှုအခြေအနေများအား စနစ်တကျကြီးကြပ်စစ်ဆေး အကဲဖြတ်ကြပါမည်။ အစကနဦး၌ ကြီးကြပ်စစ်ဆေးအကဲဖြတ်ခြင်းလုပ်ငန်းကို ရိုးရှင်းလွယ်ကူသော နည်းလမ်းများဖြင့်ဆောင်ရွက်ပါမည်။ သို့မှသာ ရည်ရွယ်သည့်အတိုင်း ကြီးကြပ်စစ်ဆေးအကဲဖြတ်သည့်လုပ်ငန်းကို ပြီးမြောက်အောင် ဆောင်ရွက်နိုင်ပါလိမ့်မည်။

လူထုဗဟိုပြု၍ အားလုံးပူးပေါင်းပါဝင်သော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖော်သောနည်းလမ်းကို လက်ကိုင်ကျင့်သုံးသည့်အလျောက် ကျွန်ုပ်တို့သည်ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြီကြပ်စစ်ဆေးသုံးသပ်ရာတွင် ကျေးရွာအတွင်းရှိ အဖွဲ့အစည်းများ ၊ အိမ်ထောင်စုများတက်ကြွစွာ အတူပူးပေါင်းဆောင်ရွက်ရန်ဆောင်ရွက်ပါမည်။ ဤသို့ဆောင်ရွက်နိုင်ရန် သင့်တော်သော အဖွဲ့အစည်းစနစ်၊ လုပ်ထုံးလုပ်နည်းများတည်ဆောက်ပါမည်။

(က) ကြီးကြပ်စစ်ဆေးခြင်း (Monitoring)

အထူးသဖြင့်ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်၏ လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု (physical progress) နှင့် ငွေကြေးဆိုင်ရာတိုးတက်မှု (financial progress) တို့ကို စနစ်တကျကြီးကြပ်စစ်ဆေးပါမည်။ ၄င်းစစ်ဆေးခြင်းကို (၃) လပတ်အစီအစဉ်ဖြင့် ဆောင်ရွက်ပါမည်။ ကြီးကြပ်စစ်ဆေးခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏စီစဉ်မှုဖြင့် သက်ဆိုင်ရာစီမံကိန်းလုပ်ငန်းအလိုက် တာဝန်ယူဆောင်ရွက်နေသော အဖွဲ့အသီးသီး၊ ကော်မတီအသီးသီးတို့က မိမိတို့တာဝန်ကျရာကဏ္ဍအလိုက် စစ်ဆေးသုံးသပ်ပါမည်။

အဖွဲ့အသီးသီး၊ ကော်မတီအသီးသီးသည် မိမိတို့၏စီမံကိန်းဆိုင်ရာ ကနဦးသတင်းအချက်အလက်များ (Baseline) ရရှိအောင်ဆောင်ရွက်ကြပါမည်။ ယင်းအခြေခံသတင်းအချက်အလက်များသည် စီမံကိန်း၏တိုးတက်မှုကိုတိုင်းတာမည့် အညွှန်းကိန်း (indicator)များ ဖြစ်ပါမည်။ (၃) လပတ်ကုန်ဆုံးချိန်တိုင်းတွင် ကော်မတီနှင့်အဖွဲ့အသီးသီးသည် ၄င်းတို့၏ကြီးကြပ်စစ်ဆေးတွေ့ရှိမှု အစီရင်ခံစာ (monitoring report) ကို ရွာလူထုအစည်းအဝေး၌ အစီရင်ခံတင်ပြပါမည်။ ဆက်လက်ညှိနှိုင်းဆောင်ရွက်ရမည့်ကိစ္စများကို ကျေးရွာဖွံ့ဖြိုးမှုကော်မတီမှ ဦးဆောင်ပါမည်။ (၃) လပတ် ကြီးကြပ်စစ်ဆေးမှုအစီရင်ခံစာသည် အောက်ပါအချက်များအပေါ် ဦးတည်ပါမည်။

(က) လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု (Physical progress)

- စီမံကိန်းလုပ်ငန်းများလုပ်ငန်းပိုင်းတိုးတက်မှုနှင့် ပြီးမြောက်မှုအတိုင်းအတာ
- အကောင်အထည်ဖော်ရာတွင် ကြုံတွေ့ရသောအခက်အခဲ၊ အဟန့်အတားများနှင့် ပြုပြင်သင့်သောအဆိုပြုချက်များ၊
- ပြုပြင်ပြောင်းလဲဆောင်ရွက်ရန် လိုအပ်သောဖွံ့ဖြိုးရေးဗျူဟာနှင့်စီမံကိန်းများ၊

(ခ) ငွေကြေးဆိုင်ရာတိုးတက်မှု (Financial progress)

- ငွေသားနှင့်ငွေသားမဟုတ်သောအရင်းအနှီးလိုအပ်ချက်များစုစည်းပြီးစီးမှု (မူလလျာထားချက်နှင့် နှိုင်းယှဉ်၍)၊
- (၃) လပတ်ကုန်တွင်ရှိသောငွေသားနှင့် အခြားပစ္စည်းလက်ကျန်၊
- ငွေသားနှင့် ငွေသားမဟုတ်သော အရင်းအမြစ်များစုဆောင်းရာတွင် ကြုံတွေ့နေရသော အခက်အခဲများ၊ ပြဿနာများ၊
- ငွေကြေးစုဆောင်းပြင်ဆင်မှုတိုးတက်ရန် အဆိုပြုနည်းလမ်းများ၊

ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် (၃) လပတ်ကြီးကြပ်စစ်ဆေးမှု အစီရင်ခံစာအနှစ်ချုပ်ကို ပြုစုပြင်ဆင်ပြီး သက်ဆိုင်ရာကျေးရွာအုပ်စုဥက္ကဋ္ဌနှင့် သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနများသို့ အစီရင်ခံပေးပို့ပါမည်။ အစီရင်ခံစာသည် စာမျက်နှာ ၂ မျက်နှာ ၊ ၃ မျက်နှာခန့်ပါဝင်၍ အောက်ပါအချက်များကိုအဓိကထားဖော်ပြပါမည်။ ၄င်းအစီရင်ခံစာတွင် အခက်အခဲနှင့် ရင်ဆိုင်ကျော်လွှာမှုများ၊ ကျေးရွာသူ/ သားများ ပြုပြင်ပြောင်းလဲဆောင်ရွက်မည့်အစီအစဉ်များ၊ လိုအပ်သော အကူအညီအထောက်အပံ့များ စသည်တို့ပါဝင်ပါမည်။

(ခ) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အကဲဖြတ်ပွဲ

စီမံကိန်းကာလ နှစ်တစ်နှစ်ကုန်ဆုံးချိန်တွင် စီမံကိန်း၏တိုးတက်မှုအခြေအနေကို ဘက်စုံရှုထောင့်မှ ပြန်လည်သုံးသပ်အကဲဖြတ်ကြပါမည်။ ဤနှစ်ပတ်လည် သုံးသပ်တွေ့ဆုံပွဲ၏ ရည်ရွယ်ချက်မှာ ကျွန်တို့ဆောင်ရွက်သော ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ၏ တိုးတက်မှုအခြေအနေများကို အောက်ပါ အဖွဲ့အစည်း/ ပုဂ္ဂိုလ်များအား ကျွန်ုပ်တို့ကျေးရွာကဖိတ်ကြား အသိပေးတင်ပြနိုင်သောအခွင့်အလမ်းများဖန်တီးနိုင်ရန် ဖြစ်ပါသည်။ ဖိတ်ကြားမည့်အဖွဲ့အစည်းများမှာ-

- ကျေးရွာအုပ်စုအုပ်ချုပ်ရေးအဖွဲ့
- မြို့နယ်အုပ်ချုပ်ရေးနှင့်အခြားသက်ဆိုင်ရာအဖွဲ့အစည်းများ (ငွေကြေးထည့်ဝင်သူများ၊ပုဂ္ဂလိကလုပ်ငန်းရှင်များ)
- သတင်းမီဒီယာများ
- ဖွံ့ဖြိုးရေးအဖွဲ့အစည်းများစသည်တို့ဖြစ်ပါသည်။

နှစ်ပတ်လည်သုံးသပ်ပွဲမှ ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများနှင့် အခြားပါဝင်သက်ဆိုင်သူများထံမှ အကြံပြုချက်၊ သုံးသပ်ချက်များရယူနိုင်သော အခွင့်အလမ်းကိုလည်းရရှိပါမည်။

ဤအကြံပြုချက်များဖြင့် ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို ပြန်လည်ပြုပြင်ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

(ဂ) နည်းပညာဆိုင်ရာ အကူအညီ

ယခုကဲ့သို့ ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲခြင်းနှင့် စီမံဆောင်ရွက်စဉ် အစကနဦးကာလတွင် အချိန်ပိုင်းအလိုက် လေ့လာစောင့်ကြည့်ခြင်းနှင့် အကဲဖြတ်ခြင်းဆိုင်ရာကဲ့သို့ နည်းပညာအကူအညီ များကို မြို့နယ်အဖွဲ့အစည်းများထံမှ လိုအပ်မည်ဖြစ်သည်။

(၁) ကျေးရွာလူမှုစီးပွားရေးဆိုင်ရာအချက်အလက်များ

(၁.၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်

ဇယား (၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်

အသက်အုပ်စု	ကျား	မ	စုစုပေါင်း	စုစုပေါင်း၏ %	ဖွံ့ဖြိုးရေးအမြင်အရ ခွဲခြားထားပုံ
၁ နှစ်အောက်	၃	၂	၅	၁.၅	နို့စို့အရွယ်
၁ နှစ်မှ ၅နှစ်	၇	၁၃	၂၀	၆.၃	၅နှစ်အောက်ကလေးငယ်
၅ နှစ်မှ ၉နှစ်	၁၀	၁၂	၂၂	၆.၉	မူလတန်းကျောင်းသားအရွယ်
၁၀ နှစ်မှ ၁၄နှစ်	၈	၁၂	၂၀	၆.၃	အလယ်တန်းကျောင်းသား အရွယ်
၁၅ နှစ်မှ ၆၀ နှစ်	၁၀၀	၁၂၅	၂၂၅	၇၀.၅	အလုပ်လုပ်နိုင်သည့်အရွယ်
၆၀ နှစ် နှင့်အထက်	၆	၂၁	၂၇	၈.၅	သက်ကြီးရွယ်ကြီး
စုစုပေါင်း	**၁၃၄**	**၁၈၅**	**၃၁၉**	**၁၀၀%**	
အိမ်ထောင်စုပေါင်း (၁၈၇)			**တစ်အိမ်ထောင်စု ပျမ်းမျှလူဦးရေ (၄.၈) ဦး**		

ရည်ညွှန်း.. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်း အချက် အလက်များ **(၁၄–၁၆ စက်တင်ဘာလ၊ ၂၀၁၅)**

လေ့လာတွေ့ရှိချက်။ ကျေးရွာတွင်အိမ်ထောင်စု (၁၈၇) စုရှိပြီး လူဦးရေစုစုပေါင်း (၈၉၆) ဦးရှိပါသည်။ ပျမ်းမျှတစ်မိသားစုလျှင် (၄.၈) ဦးအထိရှိပါသည်။ အလုပ်လုပ်နိုင်သောအရွယ်တွင် အမျိုးသမီးများသည် အမျိုးသားများထက် (၃.၆%) ပိုများပါသည်။ ရခိုင်/ ဗုဒ္ဓဘာသာ လူမျိုးများအများစုနေထိုင်ကြပြီး ဗမာအနည်းငယ်ရှိပါသည်။ အလုပ်လုပ်နိုင်သည့်အရွယ်သည် စုစုပေါင်းလူဦးရေ၏ ၆၈.၈% ရှိ၍ အသက် (၁၅) နှစ်အောက်နှင့် အသက် (၆၀) အထက် လူအရေအတွက်သည် လူဦးရေစုစုပေါင်း၏ ၃၁.၂ % ရှိပြီး မှီခိုသူများဖြစ်ကြပါသည်။

(၁.၂) လုပ်သားအင်အား

ဇယား (၂) လုပ်သားအင်အား

စဉ်	လုပ်ငန်းများ	အဓိကအလုပ်အကိုင် အိမ်ထောင်စု	%	တွဲဖက် အလုပ် အကိုင်	မှတ်ချက်
၁	***စိုက်ပျိုးရေး (သီးနှံထုတ်လုပ်ရေး)***				
	ကိုယ်ပိုင်လုပ်ငန်း	၆၁	၃၂.၆ %	၀	စိုက်ပျိုးမြေ(၃- ဧက)အထက် ပိုင်ဆိုင်ပြီးလယ်၊ယာစိုက်ပျိုး ရေးအဓိကလုပ်ကိုင်သောအိမ်

စဉ်	လုပ်ငန်းများ	အဓိကအလုပ်အကိုင် အိမ်ထောင်စု	%	တွဲဖက် အလုပ် အကိုင်	မှတ်ချက်
					ထောင်စုများ(၄င်းမိသားစုဝင် အချို့ရန်ကုန်၊ထိုင်းနှင့်မလေး ရှားသို့အလုပ်လုပ်ရန်သွား ရောက်)
	လုပ်သား(အင်္ဂား၊ဝန်ထမ်း)	၀	၀	၀	
	မိသားစုဝင် လုပ်အား	၀	၀	၀	
၂	***တိရစ္ဆာန် မွေးမြူရေး***				
	ကိုယ်ပိုင်လုပ်ငန်း	၆	၃.၂%	၀	နွား(၇)နှင့်အထက်ပိုင်ဆိုင် သောအိမ်ထောင်စုများ(၄င်းမိ သားစုဝင်အချို့ရန်ကုန်၊ထိုင်း နှင့်မလေးရှားသို့အလုပ်လုပ် ရန်သွားရောက်)
	လုပ်သား(အင်္ဂား၊ဝန်ထမ်း)	၀	၀	၀	
	မိသားစုဝင် လုပ်အား	၀	၀	၀	
၃	***ငါးဖမ်း လုပ်ငန်း***				
	ကိုယ်ပိုင်လုပ်ငန်း	၂၀+၁၂	၁၇.၁ %	၀	ငါး၊ပုဇွန်ဖမ်းရန်အတွက် စက်လှေပိုင်ဆိုင်သူများ+ငါး ပုဇွန်ဖမ်းသောပိုက်ပိုင်ဆိုင် သူများ(၄င်းမိသားစုဝင်အ ချို့ရန်ကုန်၊ထိုင်းနှင့်မလေး ရှားသို့အလုပ်လုပ်ရန်သွား ရောက်)
	လုပ်သား(အင်္ဂား၊ဝန်ထမ်း)	၃၄	၁၈.၂ %	၀	ငါး၊ပုဇွန်စက်လှေတွင်အလုပ် လုပ်သောနေ့စားလုပ်သား များ
	မိသားစုဝင် လုပ်အား	၀	၀	၀	
၄	***သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝအရင်းအမြစ်များ ထုတ်လုပ်ခြင်း***				
	ကိုယ်ပိုင်လုပ်ငန်း	၀	၀	၀	
	လုပ်သား(အင်္ဂား၊ဝန်ထမ်း)	၀	၀	၀	
	မိသားစုဝင် လုပ်အား	၀	၀	၀	
၅	**ထုတ်ကုန်လုပ်ငန်း**				
	ကိုယ်ပိုင်လုပ်ငန်း	၁	၀.၅%	၀	ဆန်စက်ပိုင်ဆိုင်သူ(၁)အိမ်
	လုပ်သား(အင်္ဂား၊ဝန်ထမ်း)	၀	၀	၀	

စဉ်	လုပ်ငန်းများ	အဓိကအလုပ်အကိုင် အိမ်ထောင်စု	%	တွဲဖက် အလုပ် အကိုင်	မှတ်ချက်
	မိသားစုဝင် လုပ်အား	၀	၀	၀	
၆	*လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး*				
	ကိုယ်ပိုင်လုပ်ငန်း	၀	၀	၁	အင်ဂျင်ဖြင့်လျှပ်စစ်မီးဖြန့်ဖြူးသောလုပ်ငန်းရှင်
	လုပ်သား(အငှား၊ဝန်ထမ်း)	၀	၀	၀	
	မိသားစုဝင် လုပ်အား	၀	၀	၀	
၇	*ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း*				
	ကိုယ်ပိုင်လုပ်ငန်း	၀	၀	၁၂	လက်သမားဆရာ(၆)ဦး+ပန်းရံ(၂)+ငါးဖမ်းအင်ဂျင်စက်ပြင်(၄)ဦး
	လုပ်သား(အငှား၊ဝန်ထမ်း)	၀	၀	၀	
	မိသားစုဝင် လုပ်အား	၀	၀	၀	
၈	*ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး*				
	ကိုယ်ပိုင်လုပ်ငန်း	၀	၀	၀	
	လုပ်သား(အငှား၊ဝန်ထမ်း)	၀	၀	၀	
	မိသားစုဝင် လုပ်အား	၀	၀	၀	
၉	*ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)*				
	ကိုယ်ပိုင်လုပ်ငန်း	၀	၀	၀	
	လုပ်သား(အငှား၊ဝန်ထမ်း)	၀	၀	၂	စက်ချုပ်(၂)
	မိသားစုဝင် လုပ်အား	၀	၀	၀	
၁၀	*လက်လီ-လက်ကား ရောင်းဝယ်ရေး*				
	ကိုယ်ပိုင်လုပ်ငန်း	၁၂+၂+၄	၉.၆%	၀	ဖမ်းမိသောငါးအစိုများကိုတိုက်ရိုက်ရောင်းချသူများ+ဖမ်းမိသောငါး၊ပုဇွန်များကိုဝယ်ယူ၍တဆင့်ရောင်းချသူများ+ကုန်စုံဆိုင်
	လုပ်သား(အငှား၊ဝန်ထမ်း)	၀	၀	၀	
	မိသားစုဝင် လုပ်အား	၀	၀	၀	
၁၁	*ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း*				
	ကိုယ်ပိုင်လုပ်ငန်း	၀	၀	၀	
	လုပ်သား(အငှား၊ဝန်ထမ်း)	၀	၀	၀	
	မိသားစုဝင် လုပ်အား	၀	၀	၀	

စဉ်	လုပ်ငန်းများ	အဓိကအလုပ်အကိုင် အိမ်ထောင်စု	%	တွဲဖက် အလုပ် အကိုင်	မှတ်ချက်
၁၂	*ပို့ဆောင်ရေး၊ သိုလှောင်ရေး နှင့် ဆက်သွယ်ရေး*				
	ကိုယ်ပိုင်လုပ်ငန်း	၂	၁.၁%	၀	လိုင်းကားပိုင်ရှင်များ
	လုပ်သား(အငှား၊ဝန်ထမ်း)	၀	၀	၀	
	မိသားစုဝင် လုပ်အား	၀	၀	၀	
၁၃	*ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)*				
	ကိုယ်ပိုင်လုပ်ငန်း	၀	၀	၀	
	လုပ်သား(အငှား၊ဝန်ထမ်း)	၀	၀	၀	
	မိသားစုဝင် လုပ်အား	၀	၀	၀	
၁၄	*အိမ်ခြံမြေ ရောင်းဝယ် ငှားရမ်းခြင်း နှင့် ဆက်စပ်သော လုပ်ငန်းများ*				
	ကိုယ်ပိုင်လုပ်ငန်း	၀	၀	၀	
	လုပ်သား(အငှား၊ဝန်ထမ်း)	၀	၀	၀	
	မိသားစုဝင် လုပ်အား	၀	၀	၀	
၁၅	*ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေး နှင့် ဘေးကင်းလုံခြုံရေး)*				
	ကိုယ်ပိုင်လုပ်ငန်း	၀	၀	၀	
	လုပ်သား(အငှား၊ဝန်ထမ်း)	၀	၀	၁	အုပ်ချုပ်ရေး(၁)အိမ်(ကုန်စုံဆိုင်ပိုင်ရှင်)
	မိသားစုဝင် လုပ်အား	၀	၀	၀	
၁၆	*ပညာရေး*				
	ကိုယ်ပိုင်လုပ်ငန်း	၃	၁.၆%	၀	ပညာရေး(၃)အိမ်
	လုပ်သား(အငှား၊ဝန်ထမ်း)	၀	၀	၀	
	မိသားစုဝင် လုပ်အား	၀	၀	၀	
၁၇	*ကျန်းမာရေး*				
	ကိုယ်ပိုင်လုပ်ငန်း	၀	၀	၀	
	လုပ်သား(အငှား၊ဝန်ထမ်း)	၁	၀.၅%	၀	သားဖွားဆရာမ(၁) ဦး
	မိသားစုဝင် လုပ်အား	၀	၀	၀	
၁၈	*လူမှုရေး လုပ်ငန်းများ*				
	ကိုယ်ပိုင်လုပ်ငန်း	၀	၀	၀	
	လုပ်သား(အငှား၊ဝန်ထမ်း)	၀	၀	၀	
	မိသားစုဝင် လုပ်အား	၀	၀	၀	
၁၉	*အခြားကိုယ်ပိုင်လုပ်ငန်းရှင်များ(အထက်ဖော်ပြပါလုပ်ငန်းများမှအပ)*				
	ကိုယ်ပိုင်လုပ်ငန်း	၀	၀	၀	
	လုပ်သား(အငှား၊ဝန်ထမ်း)	၂၀	၁၀.၇%	၂၀	လယ်၊ယာစိုက်ပျိုးရေးတွင် လုပ်သောနေ့စားလုပ်သားများ

စဉ်	လုပ်ငန်းများ	အဓိကအလုပ်အကိုင် အိမ်ထောင်စု	%	တွဲဖက် အလုပ် အကိုင်	မှတ်ချက်
	မိသားစုဝင် လုပ်အား	၀	၀	၀	
၂၀	*ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ*				
	ကိုယ်ပိုင်လုပ်ငန်း	၀	၀	၀	
	လုပ်သား(အင်္ဂျား၊ဝန်ထမ်း)	၉	၄.၉%	၀	ထိုင်းနှင့်မလေးရှားနိုင်ငံများသို့သွားရောက်အလုပ်လုပ်သူများမှပေးပို့သောငွေဖြင့် ရပ်တည်နေသည့်မိသားစုများ
	မိသားစုဝင် လုပ်အား	၀	၀	၀	
	စုစုပေါင်း	**၁၈၇**	**၁၀၀%**	**၃၆**	

ရည်ညွှန်း.. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်း အချက် အလက်များ **(၁၄–၁၆ စက်တင်ဘာလ၊ ၂၀၁၅)**

လေ့လာတွေ့ရှိချက်။ ကျေးရွာတွင် လယ်ယာမြေပိုင်ဆိုင်သူ (၉၅) ဦးရှိသော်လည်း လယ်၊ ယာ (၄) ဧကနှင့် အထက်ပိုင်ဆိုင်သူ (၆၁) ဦးရှိပြီး၄င်းတို့သည် စိုက်ပျိုးရေးဖြင့် အသက်မွေးသူများဖြစ်ကြပါသည်။ ကျေးရွာတွင်ပညာရေးဝန်ထမ်း (၃) ဦး၊ သားဖွားဆရာမ (၁) ဦးနှင့် အုပ်ချုပ်ရေးဝန်ထမ်း (၁) ဦးရှိကြပါသည်။ ရေလုပ်ငန်းတွင်အလုပ်ကြမ်းနှင့် ကျပန်းလုပ်သား (၃၄) အိမ်ရှိပြီး နေ့စဉ်ပျမ်းမျှဝင်ငွေတစ်ဦးလျှင် (၂၀၀၀) ကျပ် မှ (၅၀၀၀) ကျပ်အထိ အလုပ်အမျိုးအစားပေါ်မူတည်၍ ရရှိကြပါသည်။ စိုက်ပျိုးရေးလုပ်ငန်းတွင်အမျိုးသား အများစုမှာမြေပြင်ခြင်း၊ ထွန်ယက်ခြင်းနှင့် ပျိုးနှုတ်ခြင်း၊ ငါးဖမ်းအင်္ဂျားလိုက်ခြင်း လုပ်ငန်းများကိုလုပ်ကိုင်ကြပြီး၊ အမျိုးသမီးအများစုမှာ ကောက်စိုက်ခြင်း၊ လမ်းခင်းခြင်း ငါးရောင်းခြင်း၊ ငါးရွေးခြင်း လုပ်ငန်းများလုပ်ကိုင်ကြပါသည်။ ကျေးရွာတွင်နွား (၇) ကောင်အထက် မွေးမြူသော အိမ် (၆) အိမ်ရှိပြီး ၄င်းအိမ်များသည် မွေးမြူရေးကိုအဓိကလုပ်ကိုင်သူများဖြစ်ကြပါသည်။ စပါးစက်ပိုင်ဆိုင်သူ (၁) အိမ်၊ ကုန်စုံဆိုင်ပိုင်ဆိုင်သူ (၄) အိမ်ရှိပြီး ၄င်းဝင်ငွေများဖြင့် မိသားစုစားဝတ်နေရေးရပ်တည်ကြပါသည်။ ပင်လယ်ကမ်းစပ်ရွာဖြစ်သည့် အတွက် အများစုသည်ရေလုပ်ငန်းတွင် ပါဝင်လုပ်ကိုင်ကြပါသည်။ စက်လှေဖြင့် အဓိကရေလုပ်ငန်းလုပ်ကိုင်သူ အိမ်ထောင်စု (၂၀) ခန့်ရှိပြီး လယ်သမားများအပါအဝင် ကျန်အိမ်ထောင်စုများသည်လည်းငါး၊ ပုဇွန်ဖမ်းခြင်းလုပ်ငန်းများတွင် အခါအားလျော်စွာဝင်ရောက်လုပ်ကိုင်ကြပါသည်။ မိုးအကုန် ဆောင်းအကူး၊ တော်သလင်း သီတင်းကျွတ်လများသည် ရေငန်ငါး မြူးသောကာလဖြစ်ပြီးရေလုပ်သားများအတွက် အကျိုးအမြတ်ရှိသောကာလဖြစ်ပါသည်။ ကျောက်ပုဇွန်ဖမ်းသောရေလုပ်သားများအနေဖြင့် ကျောက်ပုဇွန်များမြူးသောကာလများတွင် အကျိုးအမြတ်များစွာရရှိကြပြီး ကျောက်ပုဇွန်ဖမ်းနိုင်ရန် သီခြားပိုက်များတပ်ဆင်ရ၍ အထိုက်အလျောက်ရင်းနှီးရပါသည်။ ရေလုပ်ငန်းတွင် အရင်းအနှီးများသဖြင့်အိမ်ထောင်စု (၃-၄) စုစပ်၍ စုပေါင်းလုပ်ကိုင်ကြသူများလည်းရှိပါသည်။ စက်လှေပိုင်မရှိဘဲ ကိုယ်ပိုင်ပိုက်များသာ ပိုင်ဆိုင်သောသူ(၁၂) အိမ်ရှိပြီး ၄င်းတို့အနေဖြင့်

စက်လှေပိုင်ရှင်အား မိမိတို့ဖမ်းဆီးရမိသောငါးများမှ လေးပုံတစ်ပုံကိုဝေစုအဖြစ်ပေး၍ နှစ်ဖက် သဘောတူလုပ်ကိုင်ကြရပါသည်။ ငါးအရများသောနေ့များတွင် တစ်မြို့နယ်လုံးရှိငါးအဝယ်ဒိုင်များ တွင် ငါးများစုပုံနေ၍ငါးဈေးကျတတ်ပါသည်။ ငါးများစုပေါင်းသိုလှောင်နိုင်ရန် အအေးခန်းစနစ်ဖြင့် ထားနိုင်ပါက အကောင်းဆုံးဖြစ်ပါသည်။ ယေျဘုယျအားဖြင့်ဆိုရသော် ကျေးရွာရှိမိသားစုအများစု သည်လယ်ယာစိုက်ပျိုးရေးနှင့် ရေလုပ်ငန်းများကိုအဓိကထား၍ အသက်မွေးဝမ်းကျောင်းပြုကြသူ များဖြစ်ကြပါသည်။

(၁.၃) စိုက်ပျိုးနိုင်သောမြေဧရိယာ

(၁.၃.၁) ကျေးရွာ၏စိုက်ပျိုးနိုင်သောမြေဧရိယာ

ဇယား (၃) ကျေးရွာ၏စိုက်ပျိုးနိုင်သောမြေဧရိယာ

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာအရည်အသွေးကောင်း/သင့်/ညံ့	ဆည်ရေရရှိမှု (ရ/မရ/အနည်းအကျဉ်း)	ရေအရင်းအမြစ် (ရေရရှိသည့်နေရာ/ရေပေးနိုင်သည့်ဧက)
လယ်မြေ	၄၁၁.၅၂	သင့်	မရ	မိုးရေသောက်
ကိုင်းမြေ	၂၉	ကောင်း	မရ	မိုးရေသောက်
စားကျက်မြေ	၅၀	ကောင်း	မရ	မိုးရေသောက်
စုစုပေါင်း	**၄၉၀.၅၂**			

ရည်ညွှန်း.. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်း အချက် အလက်များ **(၁၄–၁၆ စက်တင်ဘာလ၊ ၂၀၁၅)**

လေ့လာတွေ့ရှိချက်။ စိုက်ပျိုးရေးကိုအဓိကထားလုပ်ကြပြီး လယ်ယာမြေများမှာမြေသြဇာအထိုက် အလျောက်ကောင်းမွန်သော စိုက်ပျိုးမြေများဖြစ်ပါသည်။ ကျေးရွာပိုင်မြေများသည် တစ်ခြားကျေး ရွာမှပိုင်ဆိုင်သော လယ်ယာမြေများနှင့် ပင်လယ်ကြားတွင်တည်ရှိသောကြောင့် စိုက်ပျိုးမြေများထပ် မံတိုးချဲ့ရန်အခွင့်အလမ်း နည်းပါးပါသည်။ ကိုင်းမြေ (၂၉) ဧကတွင် မိုးတွင်းကာလ၌ မိုးမြေပဲကို စိုက်ပျိုးကြ၍ ကုန်းလယ် (၄၁၁.၅၂) ဧက၌မိုးစပါးကိုစိုက်ပျိုးကြပါသည်။ လယ်မြေများတွင်ဆောင်း ရာသီတွင်ကျန်ရှိသောမြေအစိုဓာတ်ကို အသုံးချ၍တစ်ချို့လယ်များ၌ မြေပဲ၊ ငရုတ်နှင့် မီးဖိုချောင်သီး နှံများကိုဆောင်တွင်းကာလတွင် စိုက်ပျိုးကြပါသည်။ ငရုတ်သီးသည် ရခိုင်လူမျိုးများအတွက် မရှိမ ဖြစ်အသုံးများသော မီးမိုချောင်သီးနှံဖြစ်ပြီး ငရုတ်နှင့်အတူ မီးဖိုချောင်သီးနှံဖြစ်သော ချဉ်ပေါင်၊ ရုံးပတီ၊ သခွား၊ ပြောင်းဖူး၊ ခရမ်းချဉ်နှင့် ခရမ်းတို့ကို တောင်သူတိုင်းနီးပါး တစ်ပိုင်တစ်နိုင်စိုက်ပျိုး ကြပါသည်။ ကျေးရွာသူ/ ရွာသားများသည် ဥယျာဉ်ခြံမြေများတွင် အုန်း၊ ကွမ်းသီးပင်၊ ဝါး၊ ငှက်ပျော နှင့်ကျွန်းပင်များကို အနည်းနှင့်အများစိုက်ပျိုးကြပါသည်။

(၁.၃.၂) ခါတ်သတ္တုနှင့်အခြားသဘာဝအရင်းအမြစ်များ

ဇယား(၄) ခါတ်သတ္တုနှင့်အခြားသဘာဝအရင်းအမြစ်များ

အမျိုးအစား	ရရှိနိုင်မှု (များ/သင့်/နည်း/ မရှိ)	လက်လှမ်းမှီနိုင်မှု (လွယ်/ခက်/လက်လှမ်းမမှီ)
ကာဗွန်(ခါတ်ငွေ့/ရေနံ) ခါတ်သတ္တု(သဲ၊ကျောက်စရစ်)	မရှိ သင့်	လက်လှမ်းမမှီ ကျောကစရစ်၊သဲများကိုပင်လယ်ကမ်းစပ် အနီးတွင် အလွယ်တကူရရှိနိုင်ပါသည်။
အခြားသဘာဝအရင်းအမြစ်		
တိရစ္ဆာန်မျိုးစိတ်များ	နည်း(လိပ်၊မြွေ၊ဖွတ်) သင့်(ရေငန်ငါးမျိုးစုံ ဂဏန်း၊ပုဇွန်၊ပင်လယ်လိပ်)	လိပ်၊ မြွေ၊ ဖွတ်များကို ခက်ခဲစွာတွေ့ရ။ ရေငန်ငါးမျိုးစုံ၊ ဂဏန်း၊ ပုဇွန်၊ ပင်လယ်လိပ်များကို လွယ်ကူစွာတွေ့ရ။
အပင်မျိုးစိတ်များ (နွားစာ၊ ဆေးဘက်ဝင်အပင်များ)	သင့်	ငှက်ပျော၊ အုန်း၊ ကွမ်းသီးပင်၊ သစ်ခွ၊ ဝါး၊ မှိုနှင့် ဒီရေတော ပေါက်ရောက်သည့် အပင်များ (ဥပမာ– လမု။ခနို)

ရည်ညွှန်း.. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်း အချက် အလက်များ **(၁၄–၁၆ စက်တင်ဘာလ၊ ၂၀၁၅)**

လေ့လာတွေ့ရှိချက်။ ကျေးရွာသည် ပင်လယ်ထဲတွင်တည်ရှိသော မာန်အောင်ကျွန်းပေါ်တွင်ရှိသော ကြောင့်မိုးသစ်တောသစ်ပင်များ၊ ဒီရေတောများ၊ သား၊ ငါး တိရစ္ဆာန်မျိုးစုံကို အနည်းငယ်တွေ့ရှိနိုင်ပါသည်။ မိုးသစ်တောသစ်ပင်များအဖြစ် ဝါးပင်၊ ငှက်ပျောပင်၊ အုန်း၊ ကွမ်းသီးပင်များကို အလွယ်တကူတွေ့နိုင်သော်လည်း သစ်ခွကဲ့သို့သောမျိုးစိတ်များကို ရှားပါးစွာတွေ့နိုင်ပါသည်။ ပင်လယ်နှင့် တဆက်တည်းတည်ရှိသောကြောင့် ရေငန်မျိုးစိတ်များဖြစ်သော ငါးလိပ်ကျောက်၊ ငါးတံခွန်၊ ငါးလိပ်စွန်၊ ငါးထောပတ်၊ ငါးဘုရင်၊ ငါးနီတူး၊ ငါးကွမ်းရှပ်၊ ငါးပါးနီနှင့် ကျောက်ငါးတို့အပြင် ငွေရောင်ပုဇွန်၊ ကျောက်ပုဇွန်၊ သံပချုပ်၊ ပင်လယ်လိပ်၊ ဂဏန်းနှင့် ကြယ်ငါးတို့ကို အလွယ်တကူတွေ့ရသော်လည်းငါးမန်းနှင့် ပင်လယ်လိပ်တို့ကို တခါတရံသာတွေ့ရပါသည်။ ကျေးရွာဝန်းကျင်တွင် မြွေ၊ ဖွတ်၊ ပုတ်သင်တို့ကို လည်းရံဖန်ရံခါတွေ့ရပါသည်။

(၁.၄) ဥစ္စာဓနအဆင့်အနေအထား

ဇယား(၅) ဥစ္စာဓနအဆင့်အနေအထား

အကြောင်းအရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	ဆင်းရဲသော အိမ်ထောင်စု	အလွန်ဆင်းရဲသော အိမ်ထောင်စု
အိမ်အခြေအနေ	• နှစ်ထပ်အိမ်ပျဉ်ခင်း၊ပျဉ်ကာ၊ သွပ်မိုး	• နှစ်ထပ်(သို့)တစ်ထပ်အိမ်၊ပျဉ်ခင်း၊ ပျဉ်ကာ(သို့)ဝါးကာသွပ်မိုး(သို့) ခနို့မိုး	• တစ်ထပ်ပျဉ်ခင်း၊ ဝါးကာ၊ ခနို့မိုး	• ဝါးခင်း၊ ဝါးကာ၊ ခနို့မိုး

အကြောင်းအရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိ သောအိမ်ထောင်စု	ဆင်းရဲသော အိမ်ထောင်စု	အလွန်ဆင်းရဲသော အိမ်ထောင်စု
အသက်မွေးမှု ကိရိယာ ပိုင်ဆိုင်မှု	• နွားး(၄)ကောင် နှင့်အထက်	• နွားး(၁–၃)ကောင်	• ဂက်(၁–၂)ကောင်	• ကြက်
လယ်ယာမြေ ပိုင်ဆိုင်မှု	• (၆) ဧက အထက်	• (၃-၅) ဧကအထိ	• (၁-၂) ဧကအထိ	• မြေယာမဲ့
ရွှေပိုင်ဆိုင်မှု	• (၅)ကျပ်သား နှင့်အထက်	• (၁-၅)ကျပ်သား	• (၁)ကျပ်သား အောက်	• မရှိ
အခြား	• ငါးဖမ်းလှေ၊ ငါးဖမ်းပိုက်၊ ကား၊မော်တော်ဆိုင်ကယ်	• ငါးဖမ်းလှေ၊ငါးဖမ်းပိုက်၊ဖုန်းမော်တော်ဆိုင်ကယ်၊	• ရေဒီယို	• အကြွေးရှိ
အိမ်ထောင်စု	**၅ (၂.၇%)**	**၇၁(၃၇.၉%)**	**၈၉(၄၇.၆%)**	**၂၂(၁၁.၈%)**

ရည်ညွှန်း.. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်း အချက် အလက်များ **(၁၄–၁၆ စက်တင်ဘာလ၊ ၂၀၁၅)**

လေ့လာတွေ့ရှိချက်။ ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်း (PRA) ကိုအသုံးပြု၍ ကျေးရွာမိသားစုများ၏ ဥစ္စာဓနအဆင့်ခွဲခြားမှုနည်းလမ်းအရ ကျေးရွာလူထုသည် ယေဘုယျအားဖြင့် ဆင်းရဲသည်ကိုတွေ့ရှိရပါသည်။ အိမ်ထောင်စု(၁၈၇)စု၏ (၅၉.၄)% သည်ဆင်းရဲသည်ဟု ခံယူကြပါသည်။ (၄၀.၆) % ခန့်မှာ ချမ်းသာသူများနှင့်အလယ်အလတ် အိမ်ထောင်စုများဖြစ်သည်ဟု ဆုံးဖြတ်ကြပါသည်။ အဆိုပါဆင်းရဲသည်ဟု သတ်မှတ်ထားသောသူများသည်မြေယာမဲ့များနှင့် စိုက်ပျိုးမြေ နှစ်ဧကအောက်ပိုင်ဆိုင်သောသူများ၊ ကျပန်းအလုပ်သမားများ၊ အမျိုးသမီးဦးဆောင်သော အိမ်ထောင်စုများဖြစ်ကြပါသည်။ ချမ်းသာသောမိသားစုများသည် စိုက်ပျိုးမြေ (၆) ဧကအထက်ပိုင်ဆိုင်သူများ၊ ငါးဖမ်းပိုက်၊ ငါးဖမ်းလှေ၊ မော်တော်ကား၊ မော်တော်ဆိုင်ကယ်ပိုင်ဆိုင်သူများ (သို့မဟုတ်) ကျွဲ၊ နွားလေးကောင်နှင့်အထက်၊ ရွှေငါးကျပ်သားနှင့်အထက်ပိုင်ဆိုင်သူများဖြစ်ကြသည်။ ငါးဖမ်းလှေ၊ နွား၊ စိုက်ပျိုးမြေနှင့် ရွှေငွေရတနာ ပိုင်ဆိုင်မှု အနေအထားသည် စီးပွားရေးအဆင့်အတန်းနှင့် ချမ်းသာ/ ဆင်းရဲမညီမျှမှု အချက်အလက်များကို ဖော်ပြပါသည်။

(၁.၅) ဝမ်းစာဖူလုံမှု၊ ဆင်းရဲနွမ်းပါးမှု နှင့် ထိခိုက်လွယ်မှုအခြေအနေ၊

(၁.၅.၁) ဝမ်းစာဖူလုံမှု

ချေးငှားခြင်းမပြုဘဲ ထမင်းပုံမှန်/နပ်မှန်အောင် စားသောက်နိုင်သည့် အိမ်ထောင်စု ဧယား(၆) ဒီးတောကျေးရွာ၏ ဝမ်းစာဖူလုံမှုအခြေအနေ

(အဆင်းရဲဆုံး(၃၇)အိမ်အား ဆန်းစစ်ခြင်း)

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	အိမ်ထောင်စု %	မှတ်ချက်
၃ လအောက်	၁၉	၅၇.၆%	အများဆုံး(၃)လခန့်အထိသာငွေမချေးဘဲ၊ဆန်မချေးရဘဲ အခြားသူများမှ ရိက္ခာထောက်ပံ့မှုမပါဘဲရပ်တည်နိုင်ကြပြီး ကျန်ကာလများအတွက်ရိက္ခာဖူလုံစေရန်ကျေးရွာရှိဈေးဆိုင်များမှအကြွေးယူရခြင်း၊ ဆွေမျိုးသားချင်းများထံမှငွေချေးငှားစားသုံးခြင်း၊နေ့စဉ်လုပ်အားဖြင့်စားနပ်ရိက္ခာအတွက်ဝယ်ယူစားသုံးခြင်းများပြုလုပ်ရပါသည်။
(၁-၅လ) အထိ	၁၀	၃၀.၃%	အများဆုံး(၅)လခန့်အထိသာငွေမချေးဘဲ၊ဆန်မချေးရဘဲ အခြားသူများမှ ရိက္ခာထောက်ပံ့မှုမပါဘဲရပ်တည်နိုင်ကြပြီး ကျန်ကာလများအတွက်ရိက္ခာဖူလုံစေရန်ကျေးရွာရှိဈေးဆိုင်များမှအကြွေးယူရခြင်း၊ဆွေမျိုးသားချင်းများထံမှငွေချေး၍စားနပ်ရိက္ခာအတွက်ဝယ်ယူစားသုံးခြင်း များပြုလုပ်ရပါသည်။
(၆)လ အထက်	၄	၁၂.၁%	အနည်းဆုံး(၆)လခန့်အထိသာငွေမချေးဘဲ၊ ဆန်မချေးရဘဲအခြားသူများမှရိက္ခာထောက်ပံ့မှုမပါဘဲ ရပ်တည်နိုင်ကြပြီး ကျန်ကာလများအတွက်ရိက္ခာဖူလုံစေရန် ကျေးရွာရှိဈေးဆိုင်များမှအကြွေးယူရခြင်း၊ဆွေမျိုးသားချင်းများထံမှချေးငှား၍စားသုံးခြင်း၊နေ့စဉ်လုပ်အားဖြင့်းစားနပ်ရိက္ခာများဝယ်ယူစားသုံးပြုလုပ်ရပါ သည်။

ရည်ညွှန်း.. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်း အချက် အလက်များ **(၁၄–၁၆ စက်တင်ဘာလ၊ ၂၀၁၅)**

လေ့လာတွေ့ရှိချက်။ ကျေးရွာတွင် အိမ်ထောင်စု (၁၈၇)အိမ်ရှိသည့်အနက် (၁၁၁)အိမ်သည် ဥစ္စာခန့ခွဲခြားမှုပြုလုပ်ရာတွင် ဆင်းရဲနွဲ့အဆင်းရဲဆုံး အိမ်ထောင်စုများဖြစ်သော အဆင့်(၃နှင့်၄)များ ဖြစ်ကြပါသည်။ ၄င်းအိမ်ထောင်စုများမှ (၃၀%)ဖြစ်သော(၃၃)အိမ်အား လွန်ခဲ့သော(၁)နှစ်က စားနပ်

ရိက္ခာဖူလုံမှု အနေအထားနှင့်ပတ်သက်၍ တွေ့ဆုံဆွေးနွေးရာတွင် အိမ်ခြေအားလုံးသည် နည်းလမ်းမျိုးစုံသုံး၍ နေ့စဉ်ထမင်းသုံးနပ်အထိ ပြည့်မှီအောင်ကြိုးစားပြီး ဈေးနှုန်းချိုသာသော ဆန်များကို အဓိကထားစားသောက်ကြပါသည်။ ဝမ်းစာဖူလုံရန်အတွက် အကြွေးတင်ရှိမှုမှာ ငါးသောင်းမှလေးသိန်းအထိ ရှိပါသည်။ (၃၃)အိမ်အနက် အိမ်ထောင်စု(၁၉)အိမ်သည် တစ်နှစ်လျှင် အများဆုံး (၃)လခန့်အထိ၊ (၁၀) အိမ်သည်(၅)လခန့် အထိနှင့် (၄)အိမ်သည်အနည်းဆုံး(၆)လခန့်အထိ ငွေ မချေးဘဲ၊ ဆန်မချေးရဘဲ အခြားသူများမှရိက္ခာထောက်ပံ့မှုမပါဘဲ ထမင်းကိုနေ့စဉ် ပုံမှန်အတိုင်းစားသုံးနိုင်သောကာလများဖြစ်ပါသည်။ ၄င်းတို့သည်တစ်နှစ်ပတ်လုံးဝမ်းစာ ဖူလုံစေရန်အတွက် ဆွေမျိုးသားချင်းများထံတွင် ချေးယူခြင်း၊ ရာသီလိုက်လုပ်ငန်းများလုပ်ကိုင်ခြင်း ဈေးဆိုင်များမှ အကြွေးယူခြင်းများပြုလုပ်ရပါသည်။ ဝမ်းစာအခက်ခဲဆုံးကာလများမှာ နယုန်လမှ တော်သလင်းလအထိဖြစ်ပါသည်။

(၁.၅.၂) ထိခိုက်လွယ်သောလူပုဂ္ဂိုလ်အုပ်စု

ဇယား(၇) ထိခိုက်လွယ်သောလူပုဂ္ဂိုလ်အုပ်စု

အကြောင်းအရာ	ရှင်းလင်းချက်/ဖော်ပြချက်	ကျား	မ	ပေါင်း
သက်ကြီးရွယ်အို ဖိဝနှစ် နှင့် အထက်	မိသားစုစောင့်ရှောက်မှုမရှိ	၁	၁	၂
မသန်စွမ်းသည့် ပုဂ္ဂိုလ်	မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိ		၁	၁
			အိမ်ထောင်စုအရေအတွက်	
အမျိုးသမီးဦးဆောင်သောအိမ်ထောင်စု	ဆင်းရဲ၍မိသားစုဦးရေများ		၂	
မုဆိုးဖို / တစ်ခုလပ်	ဆင်းရဲ၍မိသားစုဦးရေများ		၁	
ဆင်းရဲသည့် အိမ်ထောင်စု	အခြားဒေသသို့ကြာမြင့်စွာသွားရောက်နေထိုင်လုပ်ကိုင်နေသူ			

ရည်ညွှန်း.. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်း အချက်အလက်များ **(၁၄–၁၆ စက်တင်ဘာလ၊ ၂၀၁၅)**

လေ့လာတွေ့ရှိချက်။ အသက် (၆၀) နှင့်အထက် အဖိုးအဖွား (၂) ဦးအနက် အဖိုးမှာအလွန်အိုမင်းနေပြီးကျေးရွာရှိ ဘာသာရေးအဖွဲ့အစည်းမှ စောင့်ရှောက်ထားရပြီးအခြား (၁) ဦးမှာလည်း အလွန်ဆင်းရဲပြီးအသက်ကြီးရင့်ကာ ကျောထောက်နောက်ခံမရှိဘဲကျေးရွာမှဝိုင်းဝန်း စောင့်ရှောက်ကြရပါသည်။မသန်စွမ်းသည့် ပုဂ္ဂိုလ်များအဖြစ်ကလေးငယ်တစ်ဦးရှိသော်လည်း မိဘများနှင့်အတူနေပါသည်။ ကျေးရွာတွင်အမျိုးသမီးဦးဆောင်သော အိမ်ထောင်စု (၂) စုနှင့်မုဆိုးဖို ဦးဆောင်သော အိမ်ထောင်စု (၁)စုရှိပါသည်။

(၁.၅.၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၈) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

စဉ်	ဘေးအန္တရာယ် အမျိုးအစား	အန္တရာယ် ကျရောက်နိုင်ခြေ အဆင့်	မှတ်ချက်
	စီးပွားရေး		
၁	စားနပ်ရိက္ခာမဖူလုံခြင်း	အသင့်အတင့်	အလုပ်အကိုင်အခွင့်အလမ်းနည်းပါးခြင်း ကြောင့်မြေယာမဲ့နှင့်ဆင်းရဲသားတောင်သူများသည် စားနပ်ရိက္ခာမဖူလုံမှုကို ကြုံတွေ့ရနိုင်ပါသည်။
	ကျန်းမာရေး		
၂	ငှက်ဖျား	အနည်းငယ်	ငှက်ဖျားဖြစ်ပွားလေ့ရှိသောဧရိယာတွင်မကျရောက်သောဧရိယာတွင်ဖြစ်ပွားနိုင်ခြေနည်း၊ရောဂါဖြစ်လျှင်လည်းထိရောက်စွာဆေးကုသမှုခံယူနိုင်ခြင်း
၃	တီဘီရောဂါ	အနည်းငယ်	အခြားဒေသသို့သွားရောက်လုပ်ကိုင်သည့် သူများသောကြောင့်ကူးစက်ခံရနိုင်ခြေရှိသော်လည်းကျန်းမာရေးဗဟုသုတရှိပြီးထိရောက်စွာကုသနိုင်
၄	ခုခံအားကျဆင်းမှုရောဂါ	အနည်းငယ်	ခုခံအားကျဆင်းမှုရောဂါအန္တရာယ်ကူးစက်နိုင်ခြေများသောပတ်ဝန်းကျင်တွင်အလုပ်လုပ်ခြင်းမဟုတ်သောကြောင့်ကူးစက်မှုခံရနိုင်ခြေနည်းပြီးကာကွယ်သောနည်းလမ်းများအကြောင်းကောင်းစွာသိခြင်း
၅	ဝမ်းပျက်ဝမ်းလျော	အသင့်အတင့်	ရွာတွင်ယင်လုံအိမ်သာသုံးစွဲသူနည်းပါးသောကြောင့်ဝမ်းပျက်ဝမ်းလျောရောဂါဖြစ်ပွားနိုင်
	လူမှုရေး		
၆	လူကုန်ကူးခြင်း	အသင့်အတင့်	ရန်ကုန်နှင့်အခြားနိုင်ငံသို့သွားရောက်အလုပ်လုပ်ကိုင်သူ(၁၀၄)ဦးရှိပြီးအများစုမှာတရားမဝင်သွားရောက်သူများဖြစ်သဖြင့်လူကုန်ကူးမှုများဖြစ်နိုင်ခြေရှိသည်။
	ပတ်ဝန်းကျင်နှင့်သဘာဝဘေးအန္တရာယ်		
၇	လေပြင်းမုန်တိုင်းနှင့် မိုးများလွန်းခြင်း	များ	မာန်အောင်ကျွန်းပေါ်တွင်တည်ရှိပင်လယ်နှင့်တဆက်တည်းရှိသောကြောင့်ဘင်္ဂလားပင်လယ်အော်တွင်ဖြစ်ပေါ်လေ့ရှိသောမုန်တိုင်းနှင့်ဆက်စပ်အန္တရာယ်ကြုံများတွေ့ရနိုင်ပါသည်၊

စဉ်	ဘေးအန္တရာယ် အမျိုးအစား	အန္တရာယ် ကျရောက်နိုင်ခြေ အဆင့်	မှတ်ချက်
၈	မီးဘေး	အနည်းငယ်	နွေရာသီတွင်အန္တရာယ်ရှိနိုင်ပါသည်။
၉	မြေဆီလွှာဆုတ် ယုတ်ခြင်း	အသင့် အတင့်	ဓါတ်မြေဩဇာကိုတိုင်းအတာတစ်ခုအထိအ သုံးစွဲလာကြသောကြောင့်မြေဆီလွှာအရည် အသွေးကို ထိခိုက်လာပါသည်။

ရည်ညွှန်း.. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်း အချက် အလက်များ **(၁၄–၁၆ စက်တင်ဘာလ၊ ၂၀၁၅)**

လေ့လာတွေ့ရှိချက်။ ဆင်းရဲသောမိသားစုအများစုသည် မြေယာ၊ ပုံမှန်ဝင်ငွေနှင့် အလုပ်အကိုင် အခွင့်အလမ်းနည်းပါးခြင်းကြောင့် စားနပ်ရိက္ခာမဖူလုံမှုကိုကြုံတွေ့ရနိုင်ပါသည်။ အလယ်အလတ် တန်းတောင်သူများနှင့် တောင်သူကြီးများသည် ၎င်းတို့၏လယ်ယာမြေများတွင် လေမုန်တိုင်းကျ ရောက်ချိန်တွင် မိုးများစွာရွာသွန်းခြင်းနှင့်သီးနှံဖျက်ပိုးကဲ့သို့သော သဘာဝဘေးအန္တရာယ်များ ကြောင့်သီးနှံအထွက်နှုန်းလျော့ကျစေနိုင်မှု အခြေအနေမြင့်မားနေပါသည်။ ထို့ပြင် တောင်သူအများ စုသည် ဓါတ်မြေဩဇာသုံးစွဲလာကြသောကြောင့် မြေဆီလွှာအရည်အသွေးကို အတိုင်းအတာတစ်ခု အထိထိခိုက်လာပါသည်။ ရန်ကုန်နှင့် အခြားနိုင်ငံသို့သွားရောက် အလုပ်လုပ်ကိုင်သူ (၁၀၄) ဦးရှိပြီး အများစုမှာတရားမဝင် သွားရောက်သူများဖြစ်သဖြင့် လူကုန်ကူးမှုများဖြစ်နိုင်ခြေရှိပြီး ကျေးရွာတွင် အလုပ်အကိုင်အခွင့်အလမ်းနည်းပါးသောကြောင့် ရွှေ့ပြောင်းလုပ်သားများ အခြားဒေသများသို့သွား ရောက်အလုပ်လုပ်ကိုင်သူဦးရေ ဆက်လက်ရှိနေနိုင်ပါသည်။ရွှေ့ပြောင်းလုပ်သားများ အချုပ်အားဖြင့် မုန်တိုင်းကျရောက်နိုင်မှုနှင့်ဝမ်းစာမဖူလုံမှုမှာ ကျေးရွာအတွက်ထိခိုက်လွယ်နိုင်ဆုံးသော အန္တရာယ် များပင်ဖြစ်ပါသည်။

(၁.၅.၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့် အုပ်စု

ဇယား (၉) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့် အုပ်စု

စဉ်	အဖွဲ့	အန္တရာယ်ဖြစ်နိုင် ခြေအဆင့်	မှတ်ချက်
၁	အမျိုးသမီးဦးဆောင် သောဆင်းရဲသားအဖွဲ့	များ	စားနပ်ရိက္ခာလုံလောက်မှုမရှိခြင်းနှင့်ကျန်းမာ ရေး၊ လူမှုရေးပြဿနာများ ကြုံတွေ့ရနိုင်
၂	မြေယာမဲ့ဆင်းရဲသား ကျပန်းမိသားစုများ	အသင့်အတင့်	ရာသီအလိုက်ဝင်ငွေရလုပ်ငန်းများသာအားထား နေရသဖြင့်ပုံမှန်ဝင်ငွေရနိုင်သောအလုပ်အကိုင် အခွင့်အလမ်းများနည်းပါးခြင်း၊စားနပ်ရိက္ခာလုံ လောက်မှုမရှိခြင်းနှင့် ကြုံတွေ့ရနိုင်
၃	ဆင်းရဲသားတောင် သူများအဖွဲ့	အသင့်အတင့်	မိုးရေချိန်များလွန်းခြင်း၊ရေကြီးခြင်း၊သီးနှံနှင့် တိရစ္ဆာန်ရောဂါ၊စားနပ်ရိက္ခာလုံလောက်မှုမရှိ ခြင်းနှင့် ကြုံတွေ့ရနိုင်

စဉ်	အဖွဲ့	အန္တရာယ်ဖြစ်နိုင်ခြေအဆင့်	မှတ်ချက်
၄	လူငယ်အဖွဲ့	အသင့်အတင့်	အခြားဒေသသို့သွားရောက်လုပ်ကိုင်ကြသဖြင့် မူးယစ်ဆေးဝါးနှင့်အခြားကူးစက်ရောဂါများ အန္တရာယ်ကြုံရနိုင်
၅	ပင်လယ်ပြင်တွင်ငါးဖမ်းသောအမျိုးသားများအဖွဲ့	များ	ပင်လယ်ပြင်တွင်ငါးဖမ်းကြသဖြင့်မုန်တိုင်းအပြင်စက်လှေပျက်ခြင်း၊အနုကြမ်ဆီးခံရခြင်းစသောဘေးအန္တရာယ်များတွေ့ကြုံနိုင်
၆	အမြန်ရေယဉ်ဖြင့်ခရီးသွားသောကျေးရွာသားများ	များ	ကျေးရွာသားများမာန်အောင်မြို့မှ တောင်ကုတ်(သို့မဟုတ်)ရမ်းဗြဲမြို့သို့ရောက်ရှိရန်အမြန်ရေယဉ်ဖြင့်ပင်လယ်ကိုဖြတ်၍ခရီးသွားရသောကြောင့် ရေယဉ်နစ်မြုပ်ခြင်းနှင့် ကြုံတွေ့ရနိုင်

ရည်ညွှန်း.. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်း အချက် အလက်များ **(၁၄–၁၆ စက်တင်ဘာလ၊ ၂၀၁၅)**

လေ့လာတွေ့ရှိချက်။ မြေယာမဲ့ဆင်းရဲသား ကျပန်းမိသားစုများသည် ရာသီအလိုက်ဝင်ငွေရလုပ်ငန်းများသာအားထားနေရသဖြင့်ပုံမှန်ဝင်ငွေရနိုင်သော အလုပ်အကိုင်အခွင့်အလမ်းများ နည်းပါးခြင်း၊ စားနပ်ရိက္ခာလုံလောက်မှုမရှိခြင်းနှင့် ကြုံတွေ့ရနိုင်ပါသည်။ လူငယ်များအဖွဲ့သည် အခြားဒေသသို့သွားရောက်လုပ်ကိုင်ကြသဖြင့် မူးယစ်ဆေးဝါးနှင့် အခြားကူးစက်ရောဂါများအန္တရာယ်နှင့် လူကုန်ကူးမှုများကြုံတွေ့နိုင်ပါသည်။ ထို့ပြင် ပင်လယ်ပြင်တွင်ငါးဖမ်းသော အမျိုးသားများအဖွဲ့သည် ပင်လယ်ပြင်တွင် ငါးဖမ်းရင်းမုန်တိုင်းအပြင် စက်လှေပျက်ခြင်း၊ အနုကြမ်ဆီးခံရခြင်းစသောဘေးအန္တရာယ်များတွေ့ကြုံနိုင်ရနိုင်ပြီး၊ အမြန်ရေယဉ်ဖြင့်ရပ်ဝေးခရီးသွားသော ကျေးရွာသားများအနေဖြင့်မာန်အောင်မြို့မှတောင်ကုတ် (သို့မဟုတ်) ရမ်းဗြဲမြို့သို့ရောက်ရှိရန် အမြန်ရေယာဉ်ဖြင့်ပင်လယ်ကိုဖြတ်၍ ခရီးသွားရသောကြောင့် ရေယာဉ်နစ်မြုပ်ခြင်း အန္တရာယ်နှင့် ကြုံတွေ့ရနိုင်ပါသည်။

၂. ကျေးရွာ၏လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

၂.၁။ ဖွံ့ဖြိုးရေးအဖွဲ့အစည်းများအခြေအနေ

၂.၁.၁။ ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ

ဇယား(၁၀) ကျေးရွာတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်း အမည်	အဖွဲ့ဝင်ဦးရေ			အဓိကဆောင်ရွက်သောလုပ်ငန်း	စတင်ဖွဲ့စည်းသည့်ပုဂ္ဂိုလ်
		ကျား	မ	ပေါင်း		
၁	နာရေးကူညီမှုအသင်း	၃၅	-	၃၅	လူမှုရေးလုပ်ငန်း	ကျေးရွာမှ ဖွဲ့စည်း
၂	ပညာရေးကော်မတီ	၉	-	၉	ကျေးရွာပညာရေး	ပြင်ပမှဖွဲ့စည်းပေး
၃	ဂေါပကအဖွဲ့	၁၅	-	၁၅	ဘာသာရေးကိစ္စ	ပြင်ပမှဖွဲ့စည်းပေး
၄	လူပျို/အပျိုအဖွဲ့	၃၀	၂၀	၅၀	လူမှုရေးအဖွဲ့	ကျေးရွာမှဖွဲ့စည်း
၅	မီးသတ်အဖွဲ့	၉	-	၉	မီးဘေးအန္တရာယ်လျော့ချရေး	ပြင်ပမှ ဖွဲ့စည်းပေး

စဉ်	အဖွဲ့အစည်း အမည်	အဖွဲ့ဝင်ဦးရေ			အဓိကဆောင်ရွက်သောလုပ်ငန်း	စတင်ဖွဲ့စည်းသည့်ပုဂ္ဂိုလ်
		ကျား	မ	ပေါင်း		
၆	အမျိုးသမီးရေးရာ	-	၁၀	၁၀	အမျိုးသမီးရေးရာကိစ္စများ	ပြင်ပမှဖွဲ့စည်းပေး
၇	ကျေးလက်ဆေးပေးခန်းကော်မတီ	၅	-	၅	ကျေးလက်ဆေးပေးခန်းရေရှည်တည်တံ့ရေး	ကျေးရွာမှဖွဲ့စည်း
၈	ကျေးလက်လူငယ်	၅	-	၅	ကျေးလက်ဖွံ့ဖြိုးရေးအတွက်ဒေသခံမွေးထုတ်ခြင်း	ပြင်ပမှဖွဲ့စည်းပေး
၉	မြစိမ်းရောင်ရန်ပုံငွေကြီးကြပ်ရေးကော်မတီ	၆	၃	၉	အသက်မွေးဝမ်းကျောင်းဖွံ့ဖြိုးရေး	ပြင်ပမှဖွဲ့စည်းပေး
၁၀	ဘေလီဘောအသင်း	၇	-	၇	လူမှုရေး	ကျေးရွာမှဖွဲ့စည်း

ရည်ညွှန်း.. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်း အချက် အလက်များ **(၁၄–၁၆ စက်တင်ဘာလ၊ ၂၀၁၅)**

လေ့လာတွေ့ရှိချက်။ လူမှုရေးအဖွဲ့များတွင် ရပ်မိရပ်ဖများ၊ အမျိုးသမီး/ အမျိုးသားများနှင့် လူငယ်များပါဝင်ဖွဲ့စည်းထားပြီး လူငယ်များမှာအမြဲတက်ကြွမှုရှိကြပါသည်။ ရပ်မိရပ်ဖအဖွဲ့မှဦးဆောင်၍ ၂၀၁၀ ခုနှစ်တွင် ကျေးရွာအဝင်တံတားကို ဘော်လီဘောအသင်းအဖွဲ့၊ လူပျို/ အပျိုအဖွဲ့၊ ကျောင်းကော်မတီအဖွဲ့တို့၏ စုပေါင်းရံပုံငွေများဖြင့်ကျေးရွာမှ ကိုယ်ထူကိုယ်ထတည်ဆောက်ခဲ့ပါသည်။ လက်ရှိကျောင်းကော်မတီတွင် ရံပုံငွေ (၃) သိန်းခန့်ရှိနေပြီး အတိုးနှုန်း (၅) ကျပ်ဖြင့် ထုတ်ချေးထားပါသည်။ ကျေးရွာဆေးခန်းကော်မတီနှင့် ဘော်လီဘောအသင်းတို့တွင်လည်း လက်ရှိရံပုံငွေ (၂) သိန်းခန့်စီရှိပြီး အတိုးနှုန်း(၆)ကျပ်ဖြင့် ကျေးရွာအတွင်းထုတ်ချေးထားပါသည်။ ကျေးလက်ဖွံ့ဖြိုးရေးဦးစီးဌာန၏ပံ့ပိုးမှုဖြင့် မြစိမ်းရောင်စီမံကိန်းမှငွေ ကျပ်သိန်း (၃၀၀) ကို ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလတွင်စိုက်ပျိုးရေး၊ မွေးမြူရေး၊ ငါးလုပ်ငန်းနှင့် ကုန်ထုတ်လုပ်ငန်းများအတွက် ကျေးရွာသား (၁၅၁) ဦးမှ ချေးငွေများချေးယူထားကြပါသည်။ မြစိမ်းရောင်ရန်ပုံငွေ ကြီးကြပ်ရေးကော်မတီ၏ ကြီးကြပ်မှုဖြင့်အကျိုးခံစားသူတစ်ဦးလျှင် အနည်းဆုံးငွေကျပ် (၁) သိန်း အများဆုံး (၄) သိန်းအထိ ချေးယူရရှိပါသည်။ အတိုးနှုန်းမှာတစ်လ (၁) ကျပ်နှုန်းဖြစ်ပြီး တစ်နှစ်ကြာသောအခါ အကြေဆပ်ရမည်ဖြစ်ပါသည်။ အမျိုးသမီးရေးရာ၊ မီးသတ်တပ်ဖွဲ့တို့ကို မြို့နယ်မှဖွဲ့ခိုင်းသောကြောင့်သာ ဖွဲ့ထားကြသော်လည်းအမှန်တကယ်တွင် ကျေးရွာအတွက်တက်ကြွမှုမရှိကြပါ။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် အုပ်ချုပ်ရေးပိုင်းမှလည်း ဦးဆောင်ကာဆောင်ရွက်လျှက်ရှိပြီး၊ အပျို၊ လူပျိုအဖွဲ့သည်ကျေးရွာသာရေး၊ နာရေး၊ဘာသာရေးလုပ်ငန်းများတွင် တက်ကြွစွာပါဝင်ဆောင်ရွက်ကြပါသည်။

၂.၁.၂။ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

ဇယား(၁၁) ဖွံ့ဖြိုးရေးအထောက်အပံ့များအတွက် ပြင်ပအဖွဲ့အစည်းများ၏ အခြေအနေ

စဉ်	အမည်	အဖွဲ့အစည်းအမျိုးအစား (၁/၂/၃/၄/၅/၆/၇)	အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ်
၁	မရှိ		

ရည်ညွှန်း.. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်း အချက် အလက်များ **(၁၄–၁၆ စက်တင်ဘာလ၊ ၂၀၁၅)**

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင်ဖွံ့ဖြိုးရေးအထောက်အပံ့များအတွက် မည်သည့် ပြင်ပအဖွဲ့အစည်းများ မရှိပါ။

၂.၂။ စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ

၂.၂.၁။ သီးနှံထုတ်လုပ်ရေး

၂.၂.၁.၁။ စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား(၁၂) စိုက်ပျိုးမြေပိုင်ဆိုင်မှု

စဉ်	မြေယာပိုင်ဆိုင်မှုပမာဏ	အိမ်ခြေ	စုစုပေါင်းအိမ်ထောင်စု %
၁	မြေမဲ့ယာမဲ့	၉၂	၄၉.၂%
၂	၀-၂ ဧကအောက် (၁ ဟတ်တာ)	၁၃	၆.၉%
၃	၂- ၃ ဧကကြား(၁-၂ ဟတ်တာ)	၄၂	၂၂.၅%
၄	(၃- ၁၂) ဧကအထက်(၂-၅ ဟတ်တာ)	၄၀	၂၁.၄%
၅	(၁၂) ဧကအထက်(၅ ဟတ်တာအထက်)	-	
	စုစုပေါင်း	**၁၈၇**	**၁၀၀%**

ရည်ညွှန်း.. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်း အချက် အလက်များ **(၁၄–၁၆ စက်တင်ဘာလ၊ ၂၀၁၅)**

လေ့လာတွေ့ရှိချက်။ ကျေးရွာအိမ်ထောင်စုများ၏ ၄၉.၂ % သည် မြေယာမဲ့များဖြစ်သည်ဟု ဖော်ပြထားပြီးဆင်းရဲ၊ ချမ်းသာအဆင့်ခွဲခြားမှုနည်းလမ်းတွင်လည်း ယေဘုယျအားဖြင့် ဆင်းရဲသည်ဟုဖော်ပြထားပါသည်။ ကျေးရွာလူဦးရေ၏ ၆.၉ %သည် မြေယာ(၂.၅)ဧက အောက်ပိုင်ဆိုင်သူများနှင့် ၂၂.၅ %သည် မြေယာ (၂.၅) ဧကနှင့် (၅) ဧကနှင့်ကြားပိုင်ဆိုင်သူများ ဖြစ်ကြပါသည်။ ၁၂%သည် မြေယာ (၅) ဧကနှင့် (၂၁.၄) ဧကကြား ပိုင်ဆိုင်သူများဖြစ်ကြပြီး ၂.၄ % သည်မြေယာ(၁၂.၅) ဧက အထက်ပိုင်ဆိုင်သူများဖြစ်ကြပါသည်။

၂.၂.၁.၂။ အစိုးရနှင့်ပုဂ္ဂလိက ရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့်ဧရိယာ

ဇယား(၁၃) အစိုးရနှင့်ပုဂ္ဂလိက ရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့်ဧရိယာ

စဉ်	အရင်းအမြစ်	အစိုးရနှင့် ပုဂ္ဂလိက	ရေသောက်ဧက	ရရှိနိုင်မှု (တနှစ်ပတ်လုံး/ ရာသီအလိုက်)

ရည်ညွှန်း.. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ **(၁၄–၁၆ စက်တင်ဘာလ၊ ၂၀၁၅)**

လေ့လာတွေ့ရှိချက်။ ကျေးရွာတွင် စိုက်ပျိုးရေရှိနိုင်သော ရေအရင်းအမြစ်များမရှိပါ။ မြေအောက်ရေအလွယ်တကူတူးဖော်နိုင်သော်လည်း မြေအောက်ရေကိုစုပ်တင်ရန်အတွက် အင်ဂျင်စက်ဝယ်ရခြင်း၊ စက်သုံးဆီအတွက် ငွေကုန်ကျေးကျများခြင်း၊ သီးနှံများဝေးကွက်မခိုင်မာခြင်းတို့ကြောင့် အရင်းအနှီးနှင့် အကျိုးအမြတ်တွက်ချေမကိုက်ပါ။

၂.၂.၁.၃။ အဓိကသီးနှံများနှင့်အထွက်နှုန်း

ဇယား(၁၄) အဓိကသီးနှံများနှင့် အထွက်နှုန်း

သီးနှံ	ဧက	ယူနစ်	သီးနှံထွက်မှု			သီးနှံစိုက်ပျိုးသည့်ကာလ	သွင်းအားစုလိုအပ်ချက်(နိမ့်/လတ်/မြင့်)	အမြတ်ရရှိနိုင်မှု (နိမ့်/လတ်/မြင့်)	မှတ်ချက်
			အနည်းဆုံး	အများဆုံး	ပျမ်းမျှ				
စပါး	၄၁၁.၅၂	တင်း	၂၅	၃၅	၃၀	ဝါဆို - သီတင်းကျွတ်	အလယ်	နိမ့်	
မြေပဲ	၂၅	တင်း	၃၅	၄၅	၄၀	ဝါဆို-တော်သလင်း သီတင်းကျွတ်–ပြသို	အလယ်	နိမ့်	မိသားစုစားသုံးရန်
ငရုတ်	၄	ပိဿာ	၁၃၀၀	၁၄၀၀	၁၃၅၀	သီတင်းကျွတ်–ပြသို	အလယ်	နိမ့်	မိသားစုစားသုံးရန်

ရည်ညွှန်း.. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ **(၁၄–၁၆ စက်တင်ဘာလ၊ ၂၀၁၅)**

လေ့လာတွေ့ရှိချက်။ မြေပဲသည် တစ်ဧကလျှင် ၃၀ တင်းဝန်းကျင် ထွက်ပါသည်။ မျိုးဖိုး ငွေပမာဏများခြင်း၊ပေါင်းမြက်များကို (၃)ကြိမ်အထိ သုတ်သင်ရခြင်း၊ အလုပ်သမားခ ဈေးကြီးခြင်းတို့ကြောင့် တွက်ချေမကိုက်သော်လည်း မြေပဲဆီကိုမိသားစုစားသုံးရန်အတွက် စိုက်ပျိုးကြပါသည်။ မိုးနှင့်ဆောင်းရာသီတွင် ချဉ်ပေါင်၊ ခရမ်း၊ ပဲတောင့်ရှည်၊ သခွားစသည့် ဟင်းသီးနှံများကို အိမ်သုံးအဖြစ် စိုက်ပျိုးကြပါသည်။ စပါးကိုမိုးရာသီတွင် တစ်သီးစားအဖြစ်ကုန်းတွင်းလယ်များတွင် စိုက်ပျိုးကြပြီး

မိုးရေချိန်လက်မသည် တစ်နှစ်လျှင်ပျမ်းမျှ (၂၁၇)လက်မဝန်းကျင်ရရှိသောကြောင့် ရေလုံလောက်မှု ရှိပါသည်။ စပါးအထွက်နှုန်းမှာ (၁) ဧကလျှင် (၃၀) တင်းဝန်းကျင်သာထွက်ရှိသောကြောင့် အကျိုး အမြတ်များစွာမရဘဲ မိသားစုစားသုံးနိုင်ရန်အတွက် စိုက်ပျိုးကြပါသည်။ အထွက်နှုန်းကောင်းသော ပြည်မမှစပါးမျိုးများကို စမ်းသပ်စိုက်ပျိုးကြည့်သော်လည်း မိုးများလွန်းခြင်း၊ စပါးပင်များရေနှစ်မြုပ် ခြင်းကြောင့် အောင်မြင်ဖြစ်ထွန်းမှုမရှိခဲ့ပါ။ မြေပဲကို မိုးပဲနှင့်ဆောင်းပဲဟူ၍ တစ်နှစ်လျှင် (၂) ကြိမ် စိုက်ပျိုးကြပါသည်။ မိုးပဲထက် ဆောင်းပဲကို ပို၍ အားထားစိုက်ပျိုးကြပြီး အချို့လယ်မြေများတွင် စပါးရိတ်သိမ်းပြီး ကျန်ရှိသောအစိုဓါတ်ကိုအသုံးပြု၍ ဆောင်းပဲကို စိုက်ပျိုးကြပါသည်။ ငရုတ်သည် ရခိုင်ပြည်နယ်အတွက် မရှိမဖြစ်သီးနှံဖြစ်ပြီး စိုက်ပျိုးမြေပိုင်ဆိုင်သူများနှင့် အိမ်ခြံဝန်းကျယ်ဝန်းစွာ ရှိသူများသည် တစ်ပိုင်တစ်နိုင် စိုက်ပျိုးလေ့ရှိကြပါသည်။ တောင်သူ (၉၅) ဦးရှိ၍ တစ်ဦးလျှင်ပျမ်းမျှ စိုက်ပျိုးမြေဧက (၄.၆) ဧကနှုန်းခန့်ပိုင်ဆိုင်ပြီး မြေဧကစုစုပေါင်း (၄၃၆.၅၂)ဧကရှိပါသည်။ ကျေးရွာ သည်ပင်လယ်နှင့်တဆက်တည်းရှိသောကြောင့် တစ်ချို့လယ်မြေဖြစ်သောဧက (၅၀) ခန့်သည် ဆား ငန်ရေဝင်ရောက်မှုရှိပြီး ယခုအခါစိုက်ပျိုး၍မရတော့ပါ။ အဓိကသီးနှံမှာ စပါးကိုမိုးသီးနှံအဖြစ်စိုက် ပျိုးကြပြီး မြေပဲကိုဆောင်းသီးနှံအဖြစ် စိုက်ပျိုးကြပါသည်။ စပါးမျိုးများအဖြစ်ဒေသမျိုးများဖြစ် သောနှင်းပွင့်ခိုင်၊ ဆင်းသွယ်လတ်၊ ကြည်လေးနှင့် ၇၄၇ စပါးတို့ကို ဇူလိုင်လတွင်စိုက်ပျိုးကြပြီး နိုဝင်ဘာလတွင်ရိတ်သိမ်းကြပါသည်။ ဆေးရွက်ကြီးသည် လွန်ခဲ့သော (၅)နှစ်ခန့်က ဈေးကွက်ဝင် သောသီးနှံဖြစ်သော်လည်း ယခုအခါပြင်ပနိုင်ငံများမှဝယ်ယူမှုလျော့ကျလာ၍ အကျိုးအမြတ်နည်း ပါးသောကြောင့် တောင်သူအချို့သာ စိုက်ပျိုးကြပါသည်။

၂.၂.၁.၄။ လယ်ယာသုံးစက်ကိရိယာများ

ဇယား(၁၅) လယ်ယာသုံးစက်ကိရိယာများ

(လယ်ယာသုံးစက်ကိရိယာပိုင်ဆိုင်သောအိမ်ထောင်စုများ)

စက်အမျိုးအစား	အိမ်ထောင်စု အရေအတွက်	ရွာပိုင်ဆိုင်မှု	မှတ်ချက်/အခြေအနေ
လက်တွန်းထွန်စက်	မရှိ		

ရည်ညွှန်း..... ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်း အချက်အလက်များ **(၁၄–၁၆ စက်တင်ဘာလ၊ ၂၀၁၅)**

လေ့လာတွေ့ရှိချက်။ ကျေးရွာတွင်လယ်ယာလုပ်ငန်းတွင်အသုံးပြုရန်အတွက် နွား(၃၂၂)ကောင်ပြီး လယ်ယာမြေများတွင် ကျောက်တုံးများပေါများစွာရှိခြင်းကြောင့် လယ်သမားများအနေဖြင့် စက်ကိရိ ယာများသုံးစွဲရန် မဖြစ်နိုင်ကြပါ။

၂.၂.၁.၅။ သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား(၁၆) သီးနှံထုတ်လုပ်မှုတိုးတက်စေနိုင်သည့်အခွင့်အလမ်းများ

စဉ်	အခွင့်အလမ်း	ရှိ/မရှိ	ဖော်ပြချက်/ရှင်းလင်းချက်
၁	စိုက်ပျိုးမြေ(မြေဩဇာအတင့်အသင့်ကောင်း)	ရှိ	တစ်ဧကလျှင်စပါးတင်း(၃၀)ခန့်ထွက်ရှိသော်လည်းဒေသနှင့်ကိုက်ညီသောနည်းပညာနှင့်မျိုးကောင်းမျိုးသန့်ရရှိပါကပိုမိုအကျိုးဖြစ်ထွန်းနိုင်ပါသည်။
၂	ချောင်ရေရှိမှု	ရှိ	မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် နှင့် မြစိမ်းရောင်စီမံကိန်းမှသတ်မှတ်ထားသော ပမာဏအတိုင်းချေးယူနိုင်
၃	သွင်းအားစုလက်လှမ်းမှီမှု	ရှိ	မြို့နယ်တွင်အလွယ်တကူဝယ်ယူသုံးစွဲနိုင်
၄	စိုက်ပျိုးရေးထုတ်ကုန်နှင့်ကုန်စည်ရောင်းဝယ်မှု	ရှိ	မာန်အောင်မြို့နယ်နှင့်အနီးအနားကျေးရွာများသို့အလွယ်တကူ ရောင်းချနိုင်ပါသည်။
၅	လမ်းပန်းဆက်သွယ်ရေး	ရှိ	လမ်းပန်းဆက်သွယ်ရေးကောင်းမွန်၍အလွယ်တကူစျေးကွက်သို့ရောင်းချနိုင်

ရည်ညွှန်း.. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်း အချက် အလက်များ **(၁၄–၁၆ စက်တင်ဘာလ၊ ၂၀၁၅)**

လေ့လာတွေ့ရှိချက်။ ကျေးရွာတွင် လယ်ယာမြေများသည် မြေဩဇာအတင့်အသင့် ကောင်းမွန်ပြီး မိုးတွင်းကာလတွင် ရေလုံလောက်စွာရရှိပါသည်။ ထုတ်ကုန်ပိုမိုထွက်ရှိစေရန်အလို့ငှာ တစ်နှစ်လျှင် နှစ်သီးစားစိုက်ပျိုးရေး ပြုလုပ်နိုင်ရန်နိုင်ရန်အတွက် နွေရာသီ၌သွင်းရေလိုအပ်ပါသည်။ မြေအောက်ရေအလွယ်တကူ တူးဖော်နိုင်သော်လည်း မြေအောက်ရေကိုစုပ်တင်ရန်အတွက် အင်ဂျင်စက်ဝယ်ရခြင်း၊ စက်သုံးဆီအတွက်ငွေကုန်ကျးကျများခြင်း၊ သီးနှံများစျေးကွက်မခိုင်မာခြင်းတို့ကြောင့် အရင်းအနှီးနှင့် အကျိုးအမြတ်တွက်ချေမကိုက်ပါ။ ချောင်ရေအတွက်မာန်အောင်မြို့ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်နှင့် မြစိမ်းရောင်စီမံကိန်းအဖွဲ့ထံမှ ချေးယူရရှိနိုင်ပါသည်။ စိုက်ပျိုးရေးထုတ်ကုန်များကိုမာန်အောင်မြို့သို့ရောင်းချနိုင်ရန် လမ်းပန်းဆက်သွယ်ရေး၏ကောင်းမွန်၍ အလွယ်တကူစျေးကွက်သို့တင်ပို့နိုင်ပါသည်။ ကျေးရွာရေရှည်ဖွံ့ဖြိုးရေးအတွက် သီးနှံနှစ်သီးစားစနစ်ဖြင့် စျေးကွက်ဝင်သီးနှံများ စိုက်ပျိုးထုတ်လုပ်နိုင်ရန်လိုအပ်ပါသည်။

၂.၂.၁.၆။ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့်စိန်ခေါ်မှုများ

ဇယား(၁၇)သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့်စိန်ခေါ်မှုများ

စဉ်	ပြဿနာနှင့်စိန်ခေါ်မှုများ	ဖော်ပြချက်/ရှင်းလင်းချက်
၁	မြေယာအသုံးချနိုင်မှု	စိုက်ပျိုးမြေ ထပ်မံတိုးချဲ့၍မဖြစ်နိုင်ခြင်း
၂	ငွေကြေးအရင်းအနှီးလက်လှမ်းမီမှု	မျှတသောအတိုးနှုန်းဖြင့် လိုအပ်သလောက်ချေးငွေမရရှိနိုင်

စဉ်	ပြဿနာနှင့်စိန်ခေါ်မှုများ	ဖော်ပြချက်/ရှင်းလင်းချက်
၃	သွင်းအားစုတတ်နိုင်မှု	လိုအပ်သောသွင်းအားစုများကိုလိုအပ်သလောက်အချိန်မီမြှုပ်နှံရန် လယ်သမားများတွင် အရင်းအနှီးမရှိ
၄	စိုက်ပျိုးရေရရှိမှု	နွေရာသီ ရေသွင်းစိုက်ပျိုးရေးစနစ်အတွက် အရင်းအမြစ်မရှိ
၅	မိုးရေချိန်မလုံလောက်မှု	တစ်ချို့နှစ်များတွင်မိုးဦးကျချိန်နောက်ကျတတ်ပါသည်။
၆	ကြွက်၊ဖျက်ပိုးနှင့်ရောဂါကျရောက်မှု	စပါး၊မြေပဲတွင်ကျရောက်တတ်ပြီးတောင်သူများတွင်ကြွက်၊ဖျက်ပိုး နှင့်သီးနှံရောဂါကာကွယ်ခြင်းနှင့်ဆိုင်သော အသိပညာနည်းပါးခြင်း
၇	နည်းပညာရရှိနိုင်မှု	သက်ဆိုင်ရာအစိုးရဌာနမှ လုံလောက်သော ပံ့ပိုးမှုမရခြင်း
၈	ဈေးနှုန်းမတည်ငြိမ်မှု၊ ငွေကြေးဖောင်းပွမှုနှင့် ဈေးကွက်မငြိမ်သက်မှု	သီးနှံဈေးကွက်အတက်အကျဖြစ်ခြင်း၊စိုက်ပျိုးရေထွက်ကုန်များပြည်မကိုတင်ပို့ရန်ပင်လယ်ရေလှိုင်းကြီးချိန်တွင်ကြန့်ကြာတတ်ခြင်း
၉	အစိုးရမူဝါဒနှင့် ပံ့ပိုးပေးမှု	လယ်သမားများအားအကာအကွယ်ပေးသောမူဝါဒအစိုးရတွင်မရှိသေးခြင်း(ဥပမာ-ဘာဝဘေးကြောင့်သီးနှံများပျက်စီးဆုံးရှုံးချိန်တွင်အစိုးရပိုင်းမှလုံလောက်သောအကူအညီမရရှိခြင်း)
၁၀	လယ်ယာမြေများတွင် ကျောက်တုံးများပေါများခြင်း	လယ်ယာမြေများတွင်ကျောက်တုံးများပေါများစွာရှိခြင်းကြောင့်လယ်သမားများအနေဖြင့်စက်ကိရိယာများသုံးစွဲရန် အသုံးမပြုနိုင်ကြပါ။

ရည်ညွှန်း..ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှရရှိသောသတင်းအချက်အလက်များ **(၁၄–၁၆ စက်တင်ဘာလ၊ ၂၀၁၅)**

လေ့လာတွေ့ရှိချက်။ ကျေးရွာပိုင်စိုက်ပျိုးမြေသည် ပင်လယ်နှင့် အခြားကျေးရွာမှပိုင်ဆိုင်သော စိုက်ပျိုးမြေများကြားတွင် တည်ရှိသောကြောင့်ထပ်မံတိုးချဲ့၍မရနိုင်တော့ပါ။ ခေတ်မှီသော စိုက်ပျိုးနည်းစနစ်များနှင့် အလှမ်းကွာဝေးလွန်းပြီး မိရိုးဖလာစိုက်ပျိုးရေးနည်းစနစ်များကိုသာ အသုံးပြုစိုက်ပျိုးနေခြင်းကြောင့်သီးနှံအထွက်နှုန်း မကောင်းပါ။ သီးထပ်စိုက်ပျိုးနိုင်ရန်အတွက် ရေအရင်းအမြစ်မရှိသောကြောင့် တစ်သီးစားစနစ်ကိုသာ ကျင့်သုံးနေရပါသည်။ နည်းပညာ နှင့်ပတ်သက်၍ ဗဟုသုတနည်းပါးသောကြောင့် သီးနှံဖျက်ပိုးများနှင့် ရောဂါကျရောက်မှုမှကာကွယ်ရန် အခက်အခဲများနှင့်ရင်ဆိုင်နေရပါသည်။ မိုးစပါးများရင့်မှဲ့ချိန်သည် မိုးတွင်ကာလဖြစ်သောကြောင့် လယ်ကွင်းများစိုစွတ်နေတတ်ပြီး စပါးခြွေလျှံရန်တလင်းမြေမရှိခြင်းကြောင့် စပါးများကိုရိပ်ပြီးလယ်ကန်သင်းရိုးပေါ်တွင်စုပုံကာ ခြောက်သွေ့အောင် (၂) လခန့်စောင့်စားကြရ၍ စပါးများလေလွင့်မှုများနှင့် ကြုံတွေ့ကြရပါသည်။ လယ်ယာမြေများတွင် ကျောက်တုံးများပေါများစွာရှိခြင်းကြောင့် လယ်သမားများအနေဖြင့် စက်ကိရိယာများသုံးစွဲရန်အသုံးမပြုနိုင်ကြပါ။ ထို့ပြင်အစိုးရတွင် လယ်သမားများအားအကာအကွယ်ပေးသော မူဝါဒနှင့်နည်းဥပဒေများမရှိသေးသောကြောင့် တောင်သူများအနေဖြင့် ကိုယ်ထူကိုယ်ထစနစ်ဖြင့်သာ ရုန်းကန်နေရပါသည်။

၂.၂.၂။ မွေးမြူရေးလုပ်ငန်း

၂.၂.၂.၁။ မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ

ဇယား(၁၈) မွေးမြူရေးပိုင်ဆိုင်မှုနှင့်ငါးမွေးမြူရေးလုပ်ငန်း(အိမ်ထောင်စု)

မွေးမြူရေးနှင့်ငါးလုပ်ငန်း	အိမ်ထောင်စု	မှတ်ချက်/အခြေအနေ
မွေးမြူရေး		
နွား	၈၇	(၈၇)အိမ်ထောင်စုမှ(၃၂၂)ကောင်မွေးမြူထားပါသည်။
ဝက်	၆၉	(၆၉)အိမ်ထောင်စုမှ(၉၈)ကောင်ကိုမိသားစုစားသုံးရန်နှင့် ရောင်းချရန်အတွက်မွေးမြူထားပါသည်။
ကြက်	၈၈	(၈၈)အိမ်ထောင်စုမှ(၅၁၀)ကောင်မွေးမြူထားပါသည်။
ဘဲ	၂၄	(၂၄)အိမ်ထောင်စုမှ(၉၂)ကောင်မွေးမြူထားပါသည်။
ငါးဖမ်းခြင်း	၂၁	ဟွန်ဒါစက်လှေအသေးစားဖြင့်ငါးဖမ်းကြပါသည်။

ရည်ညွှန်း..ကျေးရွာအခြေအနေကိုကျေးရွာသူ/ရွာသားများကိုယ်တိုင်ဆန်းစစ်အကဲဖြတ်ခြင်းမှရရှိသော သတင်း အချက်အလက်များ **(၁၄–၁၆ စက်တင်ဘာလ၊ ၂၀၁၅)**

လေ့လာတွေ့ရှိချက်။ ဝက်မွေးမြူရေးသည် ဆင်းရဲသောအိမ်ထောင်စုများအတွက် အကျိုးရှိသော လုပ်ငန်းဖြစ်သောကြောင့် (၆၉) အိမ်ထောင်စုသည်ဝက်မွေးကြပါသည်။ နွားများမွေးမြူ၍ဒေသတွင်းနှင့် အခြားဒေသများသို့ ရောင်းချခြင်းသည်လည်း အကျိုးဖြစ်ထွန်းသောလုပ်ငန်းဖြစ်ပါသည်။ နွားပိုင်ဆိုင်သည့် အိမ်ထောင်စုမှာ (၈၇) ရှိပါသည်။ နွားမွေးမြူရေးသည် ကျေးရွာသားများအတွက် အကျိုးအမြတ်များသော လုပ်ငန်းဖြစ်သော်လည်း ဆင်းရဲသားအိမ်ထောင်စုများအတွက် အခက်အခဲမှာနွားဝယ်ယူရန် အရင်းအနှီးမတတ်နိုင်ခြင်းနှင့် နွားရောဂါရံဖန်ရံခါကျရောက်တတ်ခြင်း ဖြစ်ပါသည်။ ဘဲကိုအိမ်ထောင်စု (၂၄) အိမ်မှမွေးမြူပြီး အဓိကအားဖြင့်အသားအတွက် မွေးမြူကြပါသည်။ ကြက်မွေးမြူရေးလုပ်ငန်းကို အိမ်တိုင်နီးပါးမွေးမြူကာ အများဆုံးအကောင် (၈၈) အထိမွေးမြူသော အိမ်ထောင်စုများရှိပါသည်။ ဟွန်ဒါစက်လှေအသေးစားဖြင့် ကမ်းနီးငါးဖမ်းကြသော အိမ်ထောင်စု (၂၁) ရှိပါသည်။ အချုပ်အားဖြင့်ဆိုရသော်ကျေးရွာသည် မွေးမြူရေး၊ စိုက်ပျိုးရေးနှင့် ကမ်းနီးငါးဖမ်းခြင်းလုပ်ငန်းများကို အဓိကအားထားသော ကျေးရွာဖြစ်ပါသည်။

၂.၂.၂.၂။ မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ

ဇယား(၁၉) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုတိုးတက်စေနိုင်သည့် အခွင့်အလမ်းများ

စဉ်	အခွင့်အလမ်းများ	ဖော်ပြချက်/ရှင်းလင်းချက်
၁	တိရစ္ဆာန်အစားအစာ	တိရစ္ဆာန်များအတွက်ကောက်ရိုးနှင့်ရွာအနီးအနားတွင်ပေါက်ရောက်သောအပင်များပေါများစွာရှိခြင်းကြောင့်အစားအစာ ဖူလုံမှုရှိခြင်း၊
၂	သွင်းအားစုဈေးကွက်	တိရစ္ဆာန်အတွက်လိုအပ်သောဆေး/အစာများကိုမာန်အောင်မြို့ တွင်ရရှိနိုင်ခြင်း

စဉ်	အခွင့်အလမ်းများ	ဖော်ပြချက်/ရှင်းလင်းချက်
၃	ဝန်ဆောင်မှုဆိုင်ရာစျေးကွက်	မာန်အောင်မြို့နယ် တိမွေး/ကုဦးစီးဌာန၊
၄	ထုတ်ကုန်စျေးကွက်	ပွဲစားထံအလွယ်တကူရောင်းချနိုင်ခြင်း၊နိုင်ငံခြားသို့ရောင်းချနိုင်ခြင်း၊ (သို့) မာန်အောင်မြို့သို့သွားရောက် ရောင်းချနိုင်ခြင်း။
၅	ချေးငွေရရှိနိုင်မှု	မာန်အောင်မြို့ရှိအပေါင်ဆိုင်များနှင့်ကျေးရွာမြစိမ်းရောင်းကော်မီတီ
၆	လမ်းပန်းဆက်သွယ်ရေး	နေ့စဉ်ပုံမှန်မော်တော်ဆိုင်ကယ်၊ကားများပြေးဆွဲသဖြင့်စျေးကွက်သို့ အချိန်မှီတင်ပို့နိုင်
၇	ရေငန်ငါးစျေးကွက်	ကျေးရွာတွင်ငါးအစိုအဝယ်ဒိုင်များရှိနေသောကြောင့်ရေငန်ငါးများ အလွယ်တကူရောင်းချနိုင်

ရည်ညွှန်း.. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်း အချက် အလက်များ **(၁၄–၁၆ စက်တင်ဘာလ၊ ၂၀၁၅)**

လေ့လာတွေ့ရှိချက်။ ကျေးရွာသည် မာန်အောင်ကျွန်းပေါ်တွင် တည်ရှိသောကြောင့် တစ်နှစ်လျှင် မိုးရေချိန်လက်မ (၂၁၇) ဝန်းကျင်ရရှိပြီး နွယ်မြက်သစ်ပင်များ ကောင်းမွန်စွာရှင်သန် ပေါက်ရောက်နိုင်၍နွားများအတွက် အစာအဖြစ်အလွယ်တကူ ရရှိနိုင်ပါသည်။ မွေးမြူရေးလုပ်ငန်းတွင် နွားမွေးမြူရေးလုပ်ငန်းတစ်ခုသည် ကျေးရွာအတွက် ဖွံ့ဖြိုးတိုးတက်နိုင်မည့် အကျိုးအမြတ်များသော လုပ်ငန်းတစ်ခုဖြစ်ပါသည်။ နွားတစ်ကောင်လျှင် (သုံးသိန်းကျပ် မှ တစ်ဆယ်တစ်သိန်း)ကျပ် အထိ အရွယ်အစားနှင့် မျိုးကောင်းမျိုးသန့်ပေါ်မူတည်၍စျေးကောင်းရှိနိုင်ပြီး အထီးသည် အမထက် စျေးကောင်းရပါသည်။ နွားကိုပင်လယ်ရေလမ်းမှတဆင့် ဘင်္ဂလားဒေ့ရှ်နှင့် အခြားနိုင်ငံများသို့ ပွဲစားများမှတဆင့် တရားဝင်နှင့် တစ်ခါတစ်ရံတရားမဝင် တင်ပို့ရောင်းချကြပါသည်။ ထို့ပြင် ကျေးရွာတွင် ငါးအစိုအဝယ်ဒိုင်များ ရှိနေသောကြောင့်ရေငန်ငါးများ အလွယ်တကူရောင်း ချနိုင်ပါသည်။

၂.၂.၂.၃။ မွေးမြူရေးနှင့်သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ဇယား(၂၀) မွေးမြူရေး နှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာ နှင့် စိန်ခေါ်မှုများ

စဉ်	အခက်အခဲနှင့် ပြဿနာများ	ဖော်ပြချက်/ရှင်းလင်းချက်
၁	နည်းပညာအား နည်းခြင်း	စီးပွားဖြစ်တိရစ္ဆာန်မွေးမြူရေး၊စီမံခန့်ခွဲမှုစသည့်နည်းပညာနှင့်ဗဟုသုတတို့ အားနည်းခြင်း
၂	မျိုးကောင်းမျိုးသန့်	နွားမျိုးကောင်းမျိုးသန့်ဝယ်ယူမွေးမြူရန်အရင်းအနှီးများခြင်း၊ၜင်းမျိုးကောင်းနွားများသည်ဒေသရေမြေရာသီနှင့်မကိုက်ညီဟုအထင်ရှိနေကြခြင်း
၃	ရောဂါကျရောက်တတ်ခြင်း	တိရစ္ဆာန်အသိပညာနည်းပါးခြင်းနှင့်ကာကွယ်ဆေးပြည့်မီစွာထိုးနှံလေ့မရှိခြင်း

စဉ်	အခက်အခဲနှင့် ပြဿနာများ	ဖော်ပြချက်/ရှင်းလင်းချက်
၄	ချေးငွေ	တိရစ္ဆာန်တိုးတက်မွေးမြူရန်အတွက်လိုအပ်သောချေးငွေဝန်ဆောင်မှုများလက်လှမ်း မမှီခြင်း
၅	ငါး၊ ပုဇွန်ရှားပါးလာခြင်း	ကမ်းနီးငါးဖမ်းဧရိယာတွင်ဂျမ်းလှေကြီးများဖြင့်ဝင်ရောက်ဖမ်းဆီးခြင်းကြောင့်ပင်လယ်ငါး၊ပုဇွန်မျိုးများတစ်ဖြည်းဖြည်းတိမ်ကောရှားပါးလာခြင်း၊
၆	အအေးခန်းစနစ်မရှိခြင်း	ငါးရရှိမှုများသောနေ့များတွင်တစ်မြို့နယ်လုံးရှိငါးအဝယ်ဒိုင်များ၌ငါးများစုပုံနေ၍ငါးများအချိန်ကြာကြာသိုလှောင်ရန်အအေးခန်းစနစ်မရှိခြင်းကြောင့် ငါးဈေးကျတတ်ပါသည်။
၇	ပြည်မနှင့်လမ်းပန်းဆက်သွယ်ရေးအခက်အခဲရှိခြင်း	သီးခြားရပ်တည်နေသောကျွန်း ဖြစ်သောကြောင့်တစ်ပတ်လျှင်စက်လှေအသွားအပြန် (၃) ခေါက်မှအပပြည်မနှင့်လမ်းပန်း ဆက်သွယ်ရေးအခက်အခဲရှိပါသည်။

ရည်ညွှန်း..ကျေးရွာအခြေအနေကိုကျေးရွာသူ/ရွာသားများကိုယ်တိုင်ဆန်းစစ်အကဲဖြတ်ခြင်းမှရရှိသော သတင်းအချက်အလက်များ **(၁၄–၁၆ စက်တင်ဘာလ၊ ၂၀၁၅)**

လေ့လာတွေ့ရှိချက်။ ကျေးရွာတွင်ဆင်းရဲသား မိသားစုများအတွက် တိရစ္ဆာန်များကိုစီးပွားဖြစ်မွေးမြူနိုင်ရန် လုံလောက်သော ချေးငွေစနစ်မရှိပါ။ ကျေးရွာသားများသည် မျိုးကောင်းမျိုးသန့်မွေးမြူရေးအတွက် အသိပညာဗဟုသုတ အားနဲခြင်းနှင့် ၄င်းမျိုးကောင်း နွားများသည် ဒေသရေမြေရာသီနှင့် မကိုက်ညီဟုအထင်ရှိနေကြခြင်းတို့ ကြောင့် ဒေသမျိုးများကိုသာ မွေးမြူနေကြရပါသည်။ တစ်ခါတရံ ရောဂါဆိုးဆိုးရွားရွားကျရောက်ချိန်တွင် ကာကွယ်ကုသသောနည်းပညာများအလှမ်းကွာဝေးခြင်းနှင့် မိမိတို့ဘာသာဆေးမီးတိုများဖြင့်ကုသခြင်း၊ တိရစ္ဆာန်ကျန်းမာရေးအသိပညာနှင့် ပတ်သက်၍တိမွေးကုဌာနနှင့် ချိတ်ဆက်ဆောင်ရွက်သော အတွေ့အကြုံအားနည်းခြင်းတို့ကြောင့် မလိုအပ်ဘဲ တိရစ္ဆာန်များဆုံးရှုံးမှုများနှင့် ကြုံတွေ့ရင်ဆိုင်နေရပါသည်။ နွားများကို ပြည်တွင်းပြည်ပသို့ ဈေးနှုန်းမြင့်မားစွာဖြင့်ရောင်းချနိုင်သောလည်း တစ်ခါတစ်ရံ တွင်ဈေးကွက်ပျက် ခြင်းဈေးနှိမ်၍ဂယ်ယူခြင်းများကြုံတွေ့ရပါသည်။ အကောင်းဆုံးမှာ နွားများတင်ပို့ ရောင်ချရန် တိကျသေချာသောနည်းဥပဒေများတရားဝင်ပြဋ္ဌါန်းပေးနိုင်ပါက နွားမွေးမြူသူများအတွက် အကျိုးဖြစ်ထွန်းနိုင်ပါသည်။ နွားမွေးမြူသူအများစုသည် ဈေးနှုန်းမြင့်မားသောကြောင့် ၄င်းတို့ပိုင်ဆိုင်သောနွားများကိုတဖြည်း ဖြည်းခြင်းရောင်းထုတ်ကြရာကျေးရွာတွင် နွားဦးရေသည်တဖြည်းဖြည်း လျော့နည်းလာပါသည်။ ဆင်းရဲသားမိသားစုများအနေဖြင့် ဈေးနှုန်းမြင့်မားသော နွားမျိုးများဂယ်ယူနိုင်ရန်အခက်အခဲများစွာရှိကြပါသည်။ ငါးလုပ်ငန်းနှင့်ပတ်သတ်၍ ကမ်းနီးငါးဖမ်းဧရိယာတွင် ဂျမ်းလှေကြီးများဝင်ရောက်ဖမ်းဆီးခြင်းကြောင့် ပင်လယ်ငါး၊ ပုဇွန်မျိုးများ တဖြည်းဖြည်းတိမ်ကောရှားပါးလာခြင်းနှင့် တစ်မြို့နယ်လုံးရှိ ငါးအဝယ်ဒိုင်များ၌ငါးများ စုပုံနေသောနေ့များတွင် အချိန်ကြာကြာသိုလှောင်ရန်အအေးခန်းစနစ်မရှိခြင်းကြောင့် ငါးဈေးကျတတ်ပါသည်။

၂.၂.၃။ စိုက်ပျိုးမွေးမြူရေးမဟုတ်သောအသက်မွေးလုပ်ငန်းများ

၂.၂.၃.၁။ စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းအမျိုးအစားများ

ဇယား(၂၁) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းအမျိုးအစားများ

စဉ်	လုပ်ငန်းများ (ထုတ်ကုန်လုပ်ငန်းနှင့် ဝန်ဆောင်မှု)	လုပ်ငန်း အရေအတွက်	ဝန်ထမ်း / အလုပ်သမားအရေအတွက်	မိသားစုဝင်လုပ်အား	ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက်
၁	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေးနှင့်သဘာဝအရင်းအမြစ်များထုတ်လုပ်ခြင်း	-	-	-	
၂	ထုတ်ကုန်လုပ်ငန်း	၁	၁	၁	(လတ်)ဆန်စက်လုပ်ငန်း
၃	လျှပ်စစ်၊ဓာတ်ငွေ့နှင့်ရေပေးဝေရေး		၁	၁	အင်ဂျင်ဖြင့်လျှပ်စစ်မီးဖြန့်ဖြူးသောလုပ်ငန်း
၄	ဆောက်လုပ်ရေး၊လက်သမား၊ ပန်းရံလုပ်ငန်း		၈	၂	(နိမ့်)ပန်းရံ+လက်သမား(၈)၊ နောက်လိုက်(၂)
၅	ယာဉ်၊စက်ကိရိယာ၊အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး		၄	-	(လတ်)ငါးဖမ်းလိုက်ရင်းအင်ဂျင်စက်ပြင်သူများ
၆	ကျွမ်းကျင်ပညာရှင်များ(ဆံပင်၊အလှပြင်၊အပ်ချုပ်၊အင်ဂျင်နီယာ၊သင်တန်းပေးသူ)		၂	-	(နိမ့်)စက်ချုပ်(၂)
၇	လက်လီ-လက်ကား ရောင်းဝယ်ရေး	၁၈		၃၆	(လတ်)ဖမ်းမိသောငါးအစိုများကိုတိုက်ရိုက်ရောင်းချသူ(၁၂)+ဖမ်းမိသောငါး၊ပုဇွန်များကိုဝယ်ယူ၍ တဆင့်ရောင်းချခြင်း(၂)+ကုန်စုံဆိုင်(၄)
၈	ဟိုတယ်နှင့်စားသောက်ဆိုင်လုပ်ငန်း	-	-	-	
၉	ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး	၂	၂	၂	(မြင့်)လိုင်းကားလုပ်သား
၁၀	ငွေချေးဝန်ဆောင်မှုလုပ်ငန်း(ဘဏ်၊ငွေချေးခြင်းလုပ်ငန်းအပါအဝင်ငွေကြေးဝန်ဆောင်မှုလုပ်ငန်း)	-	-	-	
၁၁	အိမ်ခြံမြေရောင်းဝယ်ငှားရမ်းခြင်း နှင့် ဆက်စပ်သောလုပ်ငန်းများ	-	-	-	

စဉ်	လုပ်ငန်းများ (ထုတ်ကုန်လုပ်ငန်းနှင့် ဝန်ဆောင်မှု)	လုပ်ငန်း အရေအတွက်	ဝန်ထမ်း / အလုပ်သမား အရေအတွက်	မိသားစု ဝင်လုပ်အား	ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက်
၁၂	ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး)		၁	-	(လတ်)အုပ်ချုပ်ရေးဝန်ထမ်း
၁၃	ပညာရေး	၃		-	(လတ်)မူလတန်းပညာရေးဝန်ထမ်း
၁၄	ကျန်းမာရေး	၁		-	(လတ်)ကျန်းမာရေးဝန်ထမ်း
၁၅	လူမှုရေး လုပ်ငန်းများ	-	-	-	
၁၆	အခြားကိုယ်ပိုင်လုပ်ငန်းရှင်များ (အထက်ဖော်ပြပါလုပ်ငန်းများမှအပ)	၂၀		၂၀	(လတ်)ရာသီအလိုက်လုပ်ငန်းများဖြစ်သည့်လယ်ယာလုပ်ငန်းခွင်တွင်အင်္ဂါလိုက်ခြင်း၊လမ်းခင်းခြင်း၊ဥယျဉ်ခြံပေါင်းရှင်းခြင်း၊ငါးဖမ်းလိုက်ခြင်း၊ထင်းရှာခြင်း လုပ်ငန်းများလုပ်ကိုင်သူများ
၁၇	ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင်လုပ်ကိုင်သူများ	၉	၅၂+၁၀၄	-	(လတ်)ရန်ကုန်သို့(၈)ဦး သည်ရွှေပန်းတိမ်အပါအဝင် ကုမ္ပဏီများတွင်အလုပ်လုပ်ရန်၊ထိုင်းနိုင်ငံသို့(၁၃)ဦး နှင့်မလေးရှားသို့(၇)ဦး သည်အလုပ်ကြမ်းလုပ်ကိုင်ရန်သွားရောက်
	စုစုပေါင်းအသက်မွေးလုပ်ငန်း လုပ်ကိုင်သူဦးရေ	**၅၄**	**၁၇၅**	**၆၂**	

ရည်ညွှန်း.. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ **(၁၄–၁၆ စက်တင်ဘာလ၊ ၂၀၁၅)**

လေ့လာတွေ့ရှိချက်။ ကျေးရွာရှိကျပန်းလုပ်သားများသည် ထင်းခုတ်ခြင်း၊ လမ်းခင်းခြင်း၊ မျှစ်ချိုးခြင်း၊ ဝါးခုတ်ခြင်း၊ ငါးဖမ်းခြင်းလုပ်ငန်းများကိုလုပ်ကိုင်ကြလည်း ပုံမှန်ဝင်ငွေရသော အလုပ်အကိုင်အခွင့်အလမ်းများ တစ်နှစ်ပတ်လုံးအနေဖြင့်နည်းပါးနေသည်ကို တွေ့ရှိရပါသည်။ ကျေးရွာတွင်စိုက်ပျိုးရေးထုတ်ကုန်နှင့် ငါးပုဇွန်များကိုသယ်ယူ၍ မာန်အောင်မြို့သို့ရောင်းချနိုင်ရန် လိုင်းကား (၂) စီးရှိပါသည်။ ထိုင်းနှင့်မလေးရှားသို့ သွားရောက်လုပ်ကိုင်သူ (၁၀၄) ဦး၊ ရန်ကုန်မြို့တွင် ရွှေပန်းတိမ်များ၊ ကုမ္ပဏီများနှင့် စက်ရုံများတွင်အလုပ်လုပ်ကိုင်သူ (၅၂) ဦးရှိပါသည်။ ပင်လယ်ကမ်းစပ်ရွာဖြစ်သည့်အတွက် အများစုသည်ရေလုပ်ငန်းတွင် ပါဝင်လုပ်ကိုင်ကြပါသည်။ စက်လှေဖြင့် အဓိကရေ

လုပ်ငန်းလုပ်ကိုင်သူများရှိသကဲ့သို့ စက်လှေတစ်စင်းတွင် ငါးဖမ်းသူ (၃-၄) ဦးစပ်၍စုပေါင်း လုပ်ကိုင်ကြသူများလည်းရှိကြပါသည်။ လယ်သမားများအပါအဝင် လူငယ်လူရွယ်များသည်လည်း ငါး၊ ပုဇွန်ဖမ်းခြင်းလုပ်ငန်းများတွင် အခါအားလျော်စွာ ဝင်ရောက်လုပ်ကိုင်ကြပါသည်။ ငါးအစိုများကိုတိုက်ရိုက်ရောင်းချသူ (၁၂) ဦးရှိပါသည်။ စက်လှေမရှိဘဲ ငါးဖမ်းပိုက်များရှိသောသူများအနေဖြင့် ကိုယ်ပိုင်စက်လှေရှိသူများနှင့် လက်တွဲ၍လုပ်ကိုင်ရပါသည်။

စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်း၊ ပြဿနာနှင့် အခက်အခဲများ

ဇယား(၂၂) စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် အခွင့်အလမ်းများ၊ ပြဿနာနှင့်အခက်အခဲများ

အခွင့်အလမ်းများ	ပြဿနာနှင့်အခက်အခဲများ
ကျေးရွာသည်ပင်လယ်နှင့်တစ်ဆက်တည်း တည်ရှိသောကြောင့်ကျေးရွာရှိအိမ်ထောင်စုတိုင်းအတွက်ရေငန်ငါးဖမ်းလုပ်ငန်းများလုပ်နိုင်ခြင်း	ဆင်းရဲသောမိသားစုများအတွက်ငါးဖမ်းစက်လှေ ငါးဖမ်းပိုက်များဝယ်ရန်အရင်းအနှီးမရှိခြင်း
ငါးနှင့်ပုဇွန်များကိုဈေးကွက်ဝင်အောင်ထုတ်ပိုးခြင်း၊ကုန်ချောပြုလုပ်ခြင်းဖြင့်ဈေးကွက်သို့တင်ပို့ရောင်းချနိုင်	နည်းပညာ၊အရင်းအနှီးနှင့်အဆက်အသွယ်လိုအပ်ခြင်း
နွားများကို ဝယ်ယူ၍ အခြားဒေသများသို့သွားရောက်ရောင်း ချနိုင်ခြင်း	အရင်းအနှီးမရှိခြင်း၊အတွေ့အကြုံမရှိခြင်း၊ အဆက်အသွယ်မရှိခြင်း

ရည်ညွှန်း..ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှရရှိသော သတင်းအချက်အလက်များ **(၁၄–၁၆ စက်တင်ဘာလ၊ ၂၀၁၅)**

လေ့လာတွေ့ရှိချက်။ ကျေးရွာသည်ပင်လယ်နှင့် တစ်ဆက်တည်းတည်ရှိသောကြောင့် ရေငန်ငါးဖမ်းခြင်းလုပ်ငန်းသည် ကျေးရွာသူကျေးရွာသားအားလုံးအတွက် ဝင်ငွေကောင်းနိုင်သောလုပ်ငန်းဖြစ်သော်လည်းဆင်းရဲသော မိသားစုများအတွက် ငါးဖမ်းစက်လှေ၊ ငါးဖမ်းပိုက်များဝယ်ရန်ငွေကြေးခက်ခဲသောကြောင့် လူတိုင်းမလုပ်နိုင်ပါ။ကျေးရွာတွင် နေ့စဉ်ငါးများစွာထွက်ရှိနေပြီး ဈေးကွက်ဝင်အောင်ထုတ်ပိုးခြင်း၊ ကုန်ချောပြုလုပ်ခြင်းဖြင့် ဈေးကွက်သို့တင်ပို့ရောင်းချနိုင်သော်လည်း နည်းပညာနှင့် အဆက်အသွယ်လိုအပ်ခြင်ကြောင့် ကျေးရွာတွင် ငွေကြေးအသင့်အသင့်ရှိသူများသည်ပင်လျှင် ငါးပုဇွန်ထုတ်ပိုးခြင်းလုပ်ငန်းကို မလုပ်နိုင်ကြပါ။ ဒေသတွင်းနွားရောင်းဝယ်ခြင်း ဈေးကွက်သည်အခွင့်အလမ်းတစ်ခုအနေဖြင့်ရှိနေသော်လည်း ကျေးရွာသားများသည် အရင်းအနှီးမရှိခြင်း၊ အတွေ့အကြုံနှင့် အဆက်အသွယ်မရှိခြင်းတို့ကြောင့် မာန်အောင်နှင့်ကျောက်ဖြူမြို့များမှ ပွဲစားများမှတဆင့်ရောင်းချနေကြရပါသည်။

၂.၃။ ကုန်စည်နှင့်ဝန်ဆောင်မှုဈေးကွက်

ဇယား(၂၃) ကုန်စည်နှင့်ဝန်ဆောင်မှုဈေးကွက်

စဉ်	ဈေးကွက်လက်လှမ်းမီမှု	အနီးဆုံးဈေး	အကြီးစားဈေးကွက်
၁	ကျေးရွာမှအကွာအဝေး (ကီလိုမီတာ)	မာန်အောင်မြို့နယ်ဈေးသို့ (၂၆)ကီလိုမီတာ	မာန်အောင်မြို့နယ်ဈေးသို့(၂၆) ကီလိုမီတာ
၂	သယ်ယူပို့ဆောင်ရေး လမ်းကြောင်း	လိုင်းကား၊မော်တော်ဆိုင်ကယ်	လိုင်းကား၊မော်တော်ဆိုင် ကယ်
၃	ရရှိနိုင်သောကုန်ပစ္စည်း နှင့်ဝန်ဆောင်မှုများ	အမယ်မျိုးစုံ(အစားအစာ၊အ ဝတ်အစား၊ဆောက်လုပ်ရေး ပစ္စည်း၊ငါးဖမ်းပိုက်၊ကျားပိုက်၊ စက်လှေသုံးအပိုပစ္စည်းအမျိုး မျိုးသယ်ယူပို့ဆောင်ရေးပစ္စည်း	အမယ်မျိုးစုံ(အစားအစာ၊အ ဝတ်အစား၊ဆောက်လုပ်ရေး ပစ္စည်း၊ငါးဖမ်းပိုက်၊ကျားပိုက်၊ စက်လှေသုံးအပိုပစ္စည်းအမျိုး မျိုးသယ်ယူပို့ဆောင်ရေးပစ္စည်း
၄	ဈေးအဆောက်အဦနှင့် ဝန်ဆောင်မှု	ဈေးအဆောက်အဦးအသင့်အ တင့်ကောင်းမွန်ပါသည်။ပုံမှန် ဈေးဖြစ်ပြီးဆိုင်ကယ်၊ကား၊ လိုင်းကား ဖြင့်သွားနိုင်၊	ဈေးအဆောက်အဦးအသင့်အ တင့်ကောင်းမွန်ပါသည်။ပုံမှန် ဈေးဖြစ်ပြီး ဆိုင်ကယ်၊ ကား၊ လိုင်းကား ဖြင့်သွားနိုင်၊

ရည်ညွှန်း.... ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ **(၁၄–၁၆ စက်တင်ဘာလ၊ ၂၀၁၅)**

လေ့လာတွေ့ရှိချက်။ ကျေးရွာသည် မာန်အောင်မြို့နှင့် (၂၆) ကီလိုမီတာဝေးကွာသော်လည်း တစ်နှစ်ပတ်လုံးကျောက်ခင်းလမ်းကိုအသုံးပြု၍ ကား၊ ဆိုင်ကယ်များဖြင့် သွားရောက်နိုင်ပါသည်။ မာန်အောင်မြို့တွင် အိမ်ဆိုင်များနေ့စဉ်ဖွင့်လှစ်ခြင်း မြို့မဈေးရှိခြင်းတို့ကြောင့် ကျွန်းပေါ်ရှိကျေးရွာ (၁၃၇) ရွာစလုံး၏ ကုန်စည်များဖလှယ်ရာ အဓိကနေရာတစ်ခုဖြစ်ပါသည်။ မြို့ပေါ်တွင် ဆန်ပွဲရုံများ၊ ငါးပုဇွန်အဝယ်ဒိုင်များ၊ စားသောက်ဆိုင်များ၊ ဆောက်လုပ်ရေးပစ္စည်းအရောင်းဆိုင်များ၊ ဆက်သွယ်ရေးပစ္စည်းများ၊ ဆေးဆိုင်များ၊ ငါးဖမ်းပိုက်၊ ကျားပိုက်၊ စက်လှေသုံး အပိုပစ္စည်းအမျိုးမျိုးများကို အလွယ်တကူဝယ်ယူနိုင်ပါသည်။ မြို့ပေါ်တွင်တည်းခိုခန်း (၃) ခုရှိသော်လည်း ဟိုတယ်များ၊ လယ်ယာသုံးစက်ပစ္စည်း (ဥပမာ–လက်တွန်းထွန်စက်) အရောင်းဆိုင်များနှင့် အထူးကုဆေးခန်းများမရှိကြပါ။ မြို့မဈေးသည် တစ်ထပ်ဆိုင်ခန်းတွဲများနှင့်ဖွဲ့စည်းထား၍ ကုန်စိမ်းတန်း၊ သားငါးတန်း၊ ကုန်ခြောက်တန်း၊ အဝတ်အထည်တန်းနှင့် စက်ချုပ်ဆိုင်တန်းများရှိကြပြီး အဆောက်အဦ၏အရည်အသွေးမှာ အလယ်အလတ်အဆင့်ရှိပါသည်။

၂.၄။ ငွေကြေးလက်လှမ်းမှီမှုနှင့် ဘဏ်လုပ်ငန်း

ဇယား(၂၄) ငွေကြေးလက်လှမ်းမှီမှုနှင့် ဘဏ်လုပ်ငန်း

စဉ်	ချေးငွေ/အကြွေးရနိုင်သောနေရာ	ငွေကြေးအထောက်အပံ့	ပြန်လည်ပေးဆပ်မည့်ကာလ	အတိုး နှုန်း (တစ်နှစ်)	အပေါင်ခံပစ္စည်း	လက်လှမ်းမီမှုအနေအထား
၁	မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်	စိုက်ပျိုးရေးချေးငွေ	၆ လ	၄.၈%	မလို	မြေယာအသုံးချခွင့်ပုံစံ(၇)လို
၂	မြစိမ်းရောင်စီမံကိန်း (အစိုးရ)	အသက်မွေးဝမ်းကျောင်း	၁၂ လ	၁၂ %	မလို	အသိသက်သေလို
၃	ငွေချေးစားသူ	ချေးငွေ	၁–၁၂ လ	၆၀–၁၂၀%	မလို	လိုသလောက်မရနိုင်
၄	ကျောင်းကော်မတီ	ပညာရေးချေးငွေ	၁-၃လ	၆၀%	မလို	အဖွဲ့စည်းမျဉ်း
၅	ဆေးခန်းကော်မတီ	ချေးငွေ	၁-၅လ	၇၂%	မလို	အဖွဲ့စည်းမျဉ်း
၆	ဘော်လီဘောအသင်း	ချေးငွေ	၁-၅လ	၇၂%	မလို	အဖွဲ့စည်းမျဉ်း
၇	အပေါင်ဆိုင်	ချေးငွေ	၃ လ	၃၆%	လိုအပ်	ပုံသေစည်းမျဉ်း

ရည်ညွှန်း..ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှရရှိသောသတင်းအချက်အလက်များ **(၁၄–၁၆ စက်တင်ဘာလ၊ ၂၀၁၅)**

လေ့လာတွေ့ရှိချက်။ ချေးငွေရရှိမှုနှင့် ဘဏ်ဝန်ဆောင်မှုကဏ္ဍများသည် ယေဘုယျအားဖြင့် ကျေးရွာသားများ၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအတွက် အရေးကြီးပါသည်။ ကျေးရွာသားများအတွက် ချေးငွေရရှိနိုင်သောအသင်းအဖွဲ့များမှာ မြစိမ်းရောင်စီမံကိန်း၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ ကျောင်းကော်မတီ၊ ဆေးခန်းကော်မတီ၊ ဘော်လီဘောအသင်းနှင့် မိတ်ဆွေ/ ဆွေမျိုးများတို့ဖြစ်ကြပါသည်။ ရွှေငွေရတနာရှိသူများအတွက် မာန်အောင်မြို့နယ်ရှိ ပုဂ္ဂလိကအပေါင်ဆိုင်များတွင် ချေးငွေရရှိနိုင်ပြီးမြို့ပေါ်တွင် ပုဂ္ဂလိကအပေါင်ဆိုင်စုစုပေါင်း (၂၈) ခုအထိရှိပါသည်။ လယ်မြေပိုင်ဆိုင်မှု အထောက်အထား (ပုစံ-၇) ရှိသော တောင်သူများအနေဖြင့် မာန်အောင်မြို့တွင်ရှိသော မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ လယ်သမား (၈၄) ဦးအတွက် ချေးငွေများချေးယူထားကြပါသည်။ တောင်သူတစ်ဦးမှ တစ်ဧကလျှင် ငွေကျပ် (၁) သိန်းနှုန်းဖြင့် အများဆုံး (၁၀) ဧကအတွက် ချေးယူရရှိနိုင်ပါသည်။ လက်ရှိကျောင်းကော်မတီတွင် ရံပုံငွေ (၃) သိန်းခန့်ရှိနေပြီး အတိုးနှုန်း (၅) ကျပ်ဖြင့် ကျေးရွာသားများကို ထုတ်ချေးထားပါသည်။ ကျေးရွာဆေးခန်းကော်မတီနှင့် ဘော်လီဘောအသင်းတို့တွင်လည်း လက်ရှိရံပုံငွေ (၂) သိန်းခန့်စီရှိပြီး အတိုးနှုန်း (၆) ကျပ်ဖြင့် ကျေးရွာအတွင်းထုတ်ချေးထားပါသည်။ ကျေးလက်ဖွံ့ဖြိုးရေးဦးစီးဌါန၏ပံ့ပိုးမှုဖြင့် မြစိမ်းရောင်စီမံကိန်းမှငွေ ကျပ်သိန်း (၃၀၀) ကို ၂၀၁၅ ခုနှစ် စက်တင်ဘာလတွင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ငါးလုပ်ငန်းနှင့် ကုန်ထုတ်လုပ်ငန်းများအတွက် ကျေးရွာသား (၁၅၁) ဦးမှ ချေးငွေများချေးယူထားကြပါသည်။ အကျိုးခံစားသူတစ်ဦးလျှင်အနည်းဆုံးငွေကျပ် (၁) သိန်း အများဆုံး (၄) သိန်းအထိ ချေးယူရရှိပါသည်။ အတိုးနှုန်းမှာတစ်လ (၁) ကျပ်နှုန်းဖြစ်ပြီး တစ်နှစ်ကြာသောအခါ အကြေဆပ်ရမည် ဖြစ်ပါသည်။

၂.၅။ သဘာဝဘေးအန္တရာယ်လျှော့ချခြင်းအပါအဝင် ပါတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များ စီမံခန့်ခွဲမှု

၂.၅.၁။ သဘာဝပတ်ဝန်းကျင်နှင့်သဘာဝအရင်းအမြစ်စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့်နှင့် အခက်အခဲများ

ဇယား(၂၅) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့်နှင့် အခက်အခဲများ

စဉ်	ပြဿနာ	အန္တရာယ်အဆင့် သတ်မှတ်ချက်	ဖြေရှင်းချက်/ရှင်းလင်းချက်
သဘာဝသယံဇာတများစီမံခန့်ခွဲခြင်း			
၁	မြေဆီဩဇာ	အသင့်အတင့်	မြေဆီလွှာထိန်းသိမ်းသည့်စနစ်များ ကျင့်သုံးသည့် အလေ့အထမရှိသေးပါ
၂	သီးနှံဖျက်ပိုးနှင့် ရောဂါနှင့်ကြွက်များနှိမ်နင်းသော အလေ့အကျင့်များ	မြင့်	ဘက်စုံသီးနှံဖျက်ပိုးကာကွယ်နှိမ်နင်းသောနည်းစနစ်များနှင့်အကျွမ်းတဝင်မရှိခြင်းနှင့်ဓါတုပိုးသတ်ဆေးများကိုသာ အသုံးပြုလေ့ရှိခြင်း
၃	ရေထွက်သယံဇာတ	မြင့်	ကမ်းနီးငါးဖမ်းဧရိယာတွင်ဂျမ်းလှေကြီးများဖြင့်ပင်လယ်ကြမ်းပြင်အထိကြမ်းတိုက်၍ဖမ်းဆီးခြင်းကြောင့်ငါး၊ပုဇွန်မျိုးစိတ်များတစ်ဖြည်းဖြည်းတိမ်ကော ရှားပါးလာခြင်း၊
ရာသီဥတုပြောင်းလဲခြင်းကြောင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာကိစ္စရပ်များ			
၄	သစ်တောများပြုန်းတီးလာခြင်း	မြင့်	ထင်းအပါအဝင်သစ်တောထွက်ပစ္စည်းများအလွန်အကျွံထုတ်ယူအသုံးပြုခြင်း
၅	အအေးလွန်ကဲခြင်း	နိမ့်	ပင်လယ်နှင့်နီးသောကြောင့်အပူအအေးလွန်ကဲမှုမရှိပါ
၆	မိုးသည်းထန်စွာရွာသွန်းခြင်း	အသင့်အတင့်	မုန်တိုင်းဖြစ်ပေါ်ချိန်တွင်မိုးများသည်းဆက်တိုက်သည်းထန်စွာရွာသွန်းခြင်းကြောင့်သီးနှံများပျက်စီးမှုရှိတတ်ပါသည်။

ရည်ညွှန်း....ကျေးရွာအခြေအနေကိုကျေးရွာသူ/ရွာသားများကိုယ်တိုင်ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်း အချက်အလက်များ **(၁၄–၁၆ စက်တင်ဘာလ၊ ၂၀၁၅)**

လေ့လာတွေ့ရှိချက်။ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များ စီမံခန့်ခွဲမှုနှင့်ပါတ်သက်၍ အောက်ဖော်ပြပါ အကြောင်းအရာ (၃)မျိုးကို ကျေးရွာအတွင်းတွေ့ကြုံနေရပါသည်-

(၁) **သီးနှံဖျက်ပိုးနှင့် ရောဂါနှိမ်နင်းသောအလေ့အကျင့်များ။** စိုက်ပျိုးသီးနှံများတွင် ရောဂါနှင့်ပိုးမွှားကျရောက်လာပါက ဓါတုပိုးသတ်ဆေးများကို မဆင်မခြင်သုံးစွဲခြင်းတို့ကြောင့်ဆေးယဉ်ပါးပိုးမွှားနှင့်ရောဂါများကို နှိမ်နင်းနိုင်ရန်နည်းပညာများ အားနည်းခြင်းကြောင့် တချို့နှစ်များတွင် သီးနှံများများစွာ ပျက်စီးဆုံးရှုံးကြရပါသည်။

(၂) **ရေထွက်သယ်ဇာတများရှားပါးလာခြင်း။** ကမ်းနီးငါးဖမ်းဧရိယာတွင်ဂျမ်းလှေကြီးများဖြင့် ပင်လယ်ကြမ်းပြင်အထိ ကြမ်းတိုက်၍ဖမ်းဆီးခြင်းကြောင့် ငါး၊ ပုဇွန်မျိုးစိတ်များ တစ်ဖြည်းဖြည်း တိမ်ကောရှားပါးလာပါသည်။

(၃) **သစ်တောများပြုန်းတီးလာခြင်း။** ကျေးရွာအနီးတွင်ထင်းစိုက်ခင်းများမရှိခြင်းနှင့် မလှမ်းမကမ်းရှိ သဘာဝသစ်တောမှဝါးအပါအဝင် သစ်တောထွက်ပစ္စည်းများ အလွန်အကျွံထုတ်ယူအသုံးပြုခြင်းကြောင့် သစ်တောများပြုန်းတီးလာပါသည်။

၂.၅.၂။ သဘာဝဘေး အန္တရာယ်ဆိုင်ရာအခက်အခဲများနှင့် သဘာဝဘေးအန္တရာယ် လျှော့ချရေး အစီအမံများ

ဇယား(၂၆) သဘာဝဘေးအန္တရာယ်လျှော့ချခြင်း

အမျိုးအစား	အန္တရာယ်ဖြစ်နိုင်ခြေ (နည်း/ လတ်/များ)	ဖော်ပြချက် ရှင်းလင်းချက်	လက်ရှိဘေးအန္တရာယ်လျှော့ချရေး အလေ့အကျင့်များ
ရေလွှမ်းမိုးခြင်း	အလယ်အလတ်	မိုးရေချိန်လက္ခဏာများ ချိန်တွင်လယ်ကွင်းများတွင်ရေမြှုပ်ခြင်းများတွေ့ရ	လယ်ကွင်းများဘေးတွင်ရေထုတ်မြောင်းများကိုကောင်းစွာဖောက်လုပ်ထားခြင်း
မုန်တိုင်း	မြင့်	နှစ်စဉ်နီးပါးကြုံတွေ့နေရ	ပင်လယ်အတွင်းကျွန်းပေါ်တွင်တည်ရှိသောကြောင့်လေပြင်းမုန်တိုင်းနှင့် နှစ်စဉ်နီးပါးကြုံတွေ့နေရသော်လည်းတိကျသေချာသောမုန်တိုင်းဒဏ်ကာကွယ်သည့်အစီအစဉ်များချမှတ်မထားပါ
တိရစ္ဆာန်ရောဂါဖြစ်ပွါးမှု	အလယ်အလတ်	ဒေါင့်တန်းရောဂါနှင့် ခွါနာလျှာနာရောဂါများရံဖန်ရံခါကျရောက်မှုရှိပါသည်။	ရံဖန်ရံခါကာကွယ်ဆေးထိုးခြင်းနှင့် အခါအားလျော်စွာတိမ်မွေးကုနှင့်ချိတ်ဆက်ဆောင်ရွက်ခြင်း

ရည်ညွှန်း..ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်း အချက်အလက်များ **(၁၄–၁၆ စက်တင်ဘာလ၊ ၂၀၁၅)**

လေ့လာတွေ့ရှိချက်။ ပင်လယ်အတွင်းကျွန်းပေါ်တွင် တည်ရှိသောကြောင့်လေပြင်းမုန်တိုင်းနှင့် နှစ်စဉ်နီးပါး ကြုံတွေ့နေရသော်လည်း စနစ်ကျသော မုန်တိုင်းဒဏ်ကာကွယ်သည့် အစီအစဉ်များ မရှိသေးပါ။

၂.၆။ ပညာရေး

၂.၆.၁။ ပညာတတ်မြောက်မှု

ဇယား(၂၇) အတန်းပညာတက်ရောက်မှု

ပညာရေး	ကျား	မ	ပေါင်း	၉ နှစ်နှင့် အထက် ကျောင်းနေအရွယ်လူဦးရေ၏ %
လုံးဝကျောင်းမနေသူများ	၀	၀	၀	
ဘာသာရေးအခြေပြုပညာရေး	၀	၀	၀	
မူလတန်းပညာရေးမပြီးဆုံးမီ ကျောင်းထွက်သူများ	၃၁	၇	၃၈	၄.၅%
မူလတန်းပညာရေးပြီးဆုံးသူများ	၂၂၃	၂၃၉	၄၆၂	၅၅.၂%
အလယ်တန်းပညာရေးပြီးဆုံးသူများ	၁၄၃	၁၅၉	၃၀၂	၃၆.၂%
အထက်တန်းပညာရေးပြီးဆုံးသူများ	၇	၁၃	၂၀	၂.၄%
တက္ကသိုလ်ပညာပြီးဆုံးသူများ	၄	၁၀	၁၄	၁.၇%
၉နှစ်အထက်လူဦးရေပေါင်း	**၄၀၈**	**၄၂၈**	**၈၃၆**	၁၀၀%

ရည်ညွှန်း.. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်း အချက် အလက်များ **(၁၄–၁၆ စက်တင်ဘာလ၊ ၂၀၁၅)**

လေ့လာတွေ့ရှိချက်။ ကျေးရွာသားများအားလုံး အခြေခံအားဖြင့် ရေးနိုင်ဖတ်နိုင်ကြပါသည်။ ကျေးရွာစာသင်ကျောင်းကို ၁၉၆၅ ခုနှစ်တွင်စတင်၍ ဖွင့်လှစ်သင်ကြားခဲ့သောကြောင့် ကျေးရွာသားများအားလုံးနီးပါးအခြေခံပညာကို တတ်မြောက်ကြပါသည်။ ကျေးရွာသားအများစုမှာ မူလတန်းအဆင့် အထိပညာသင်ကြားကြရပြီး (၉) နှစ်အထက် လူဦးရေစုစုပေါင်း၏ (၅၅.၂%) သည် မူလတန်းပညာပြီးဆုံး၍ (၃၆.၂%)သည် အလယ်တန်းပညာပြီးဆုံးပြီး၊ (၂.၄%)သည် အထက်တန်းပညာ ပြီးဆုံးကြပါသည်။ ကျေးရွာတွင်ဘွဲ့ရပြီးသူ (၁၄) ဦးရှိပြီး အစိုးရဝန်ထမ်း(၅) ဦးရှိပါသည်။

၂.၆.၂ ကျောင်းတက်နှုန်း

ဇယား (၂၈) ကျောင်းတက်နှုန်း

ပညာရေးအဆင့်အတန်း	ကျား	မ	ပေါင်း	စုစုပေါင်းကျောင်းနေအရွယ် လူဦးရေ၏ %
မူလတန်း(၅-၉နှစ်)	၄၀	၃၂	၇၂	၁၀၀%
အလယ်တန်း (၁၀-၁၄နှစ်)	၂၇	၃၅	၆၂	၉၁.၂%
အထက်တန်း (၁၅-၁၆နှစ်ကြား)	၇	၁၅	၂၂	
တက္ကသိုလ်ကျောင်းသား၊သူ	၄	၃	၇	

ရည်ညွှန်း.. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်း အချက်အလက်များ **(၁၄–၁၆ စက်တင်ဘာလ၊ ၂၀၁၅)**

လေ့လာတွေ့ရှိချက်။ ကျေးရွာတွင် မူလတန်းကျောင်းနေအရွယ်ကလေးငယ်များအားလုံး၏ (၁၀၀%) ကျောင်းနေကြပါသည်။ အလယ်တန်းအဆင့် ကျောင်းသား/ သူများသည် ရွာနှင့်(၁.၅) ကီလိုမီတာကွာဝေးသော အိုးဝကျေးရွာအလယ်တန်းကျောင်းသို့ စက်ဘီး(သို့) ခြေလျင်သွား၍ ကျောင်းတက်ကြပါသည်။ အလယ်တန်းကျောင်းနှင့် ကျေးရွာကြားရှိလမ်းမှာ ၂၀၁၄ခုနှစ်တွင် ကျေးလက်ဦးစီးမှ ငွေကျပ်သိန်း (၆၀၀) ကျော်အကုန်အကျခံ၍ ကျောက်ချောလမ်းခင်းပေးထားသောကြောင့် တစ်နှစ်ပတ်လုံးသွားလာနိုင်ပါသည်။ ကျေးရွာတွင် လက်ရှိတက္ကသိုလ်သို့ တက်ရောက်နေသော ကျောင်းသား/သူ (၇)ဦးရှိပြီး စစ်တွေမြို့တွင်ပညာသင်ကြားနေပါသည်။

၂.၆.၃။ စာသင်ကျောင်းဆောင်အခြေအနေနှင့် လက်လှမ်းမှီမှု

ဇယား(၂၉) စာသင်ကျောင်းဆောင်အခြေအနေနှင့် လက်လှမ်းမှီမှု

အကြောင်းအရာ	မူလတန်းကျောင်း			အလယ်တန်းကျောင်း		
ရွာမှအကွာအဝေး(ကီလိုမီတာ)	ကျေးရွာတွင်း			အိုးဝကျေးရွာနှင့်၁.၅ ကီလိုမီတာကွာဝေး		
သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှု	လမ်းလျှောက်၊			လမ်းလျှောက်၊စက်ဘီး၊ မော်တော်ဆိုင်ကယ်		
စာသင်ကျောင်းအရွယ်အစား (အလျား၊အနံ၊အမြင့်)	အလျားပေ၆၀၊ အနံပေ၃၀၊ အမြင့် ၁၅ပေတစ်ထပ်ကျောင်း			အလျားပေ၉၀၊ အနံပေ၃၅၊အမြင့် ၂၀ ပေ နှစ်ထပ်ကျောင်း		
အမိုး၊နံရံ၊အခင်းအရည်အသွေး	ကွန်ကရစ်ခင်း၊အုတ်ကာ၊ သွပ်မိုး			သွပ်မိုး၊ အုတ်ကာ ၊အုတ်ခင်း		
ကျောင်းသုံးပရိဘောဂ (လုံလောက်မှုရှိ/မရှိ)	မလုံလောက်			လုံလောက်မှုရှိ		
ကျောင်းဆရာဦးရေ	**ကျား**	**မ**	**ပေါင်း**	**ကျား**	**မ**	**ပေါင်း**
	၃	၂	၅	၄	၉	၁၃

ရည်ညွှန်း.. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်း အချက် အလက်များ **(၁၄–၁၆ စက်တင်ဘာလ၊ ၂၀၁၅)**

လေ့လာတွေ့ရှိချက်။ လက်ရှိမူလတန်းကျောင်းဆောင်ကို (၁၉၆၅) ခုနှစ်တွင် သစ်သားကျောင်းအဖြစ်စတင်ခဲ့ပြီး(၂၀၀၈)ခုနှစ်တွင် ကွန်ကရစ်ခင်း၊ အုတ်ကာ၊ သွပ်မိုးအဆောက်အဦးအဖြစ် အစိုးရမှ ကျပ်သိန်း(၃၀)အပအဝင် ကျေးရွာရံပုံငွေဖြင့် ဆောက်လုပ်ခဲ့ပါသည်။ လက်ရှိ ကျောင်းဆောင် အရွယ်အစားမှာ အလျားပေ ၆၀၊ အနံပေ ၃၀၊ အမြင့် ၁၅ ပေ တစ်ထပ်ကျောင်း ဖြစ်ပြီးဆရာ၊ ဆရာမ (၅) ဦးရှိပါသည်။ ကျောင်းတွင် ဗီရို၊ စာသင်ခုံ၊ စားပွဲစသော သင်ထောက်ကူပစ္စည်းများ လုံလောက်မှုမရှိသည့်အပြင် အတန်းလိုက်အခန်းများ ကန့်ထားခြင်းမရှိခြင်း၊ အောက်ခံအခင်းကွန်ကရစ်အခင်းအချောမသတ်နိုင်ခြင်းတို့ကြောင့် ကလေးများပညာသင်ကြားရာတွင် သက်တောင့်သက်သာမရှိကြပါ ။ ကလေးများအတွက် ဘေးလုံးကွင်းအဖြစ် ကျောင်းရှေ့တွင်ရှိသော မြေကွက်လပ်ကိုအသုံးပြုကြပါသည်။

၂.၆.၄။ ပညာရေးအခက်အခဲနှင့် ပြဿနာများ

ဇယား(၃၀) ပညာရေးအခက်အခဲနှင့်ပြဿနာများ

အခက်အခဲ/ ပြဿနာ	ရှင်းလင်းချက်
ကျောင်းဆရာ/မ ဦးရေ	ဆရာ/မလုံလောက်မှုရှိ။
တပည့် ဆရာအချိုး	၁၄:၁(မူလတန်းပညာရေး)
မူလတန်းပညာ ကျောင်းထွက်နှုန်း	-
မသန်စွမ်းသူများအတွက် ပညာရေး အထူးအစီအစဉ်	မရှိသေးပါ ။
ကျောင်းသုံးစာအုပ်နှင့်စာရေးကိရိယာ	နိုင်ငံတော်မှကျောင်းသုံးပုံနှိပ်များပံ့ပိုးပေးထားသည့်အတွက်လုံလောက်မှုရှိပါသည်။
မိဘဆရာအသင်း၏အခန်းကဏ္ဍ (ပညာရေးကော်မတီ)	ပညာရေးကော်မတီကို(၉)ဦးဖြင့်ဖွဲ့စည်းထားပါသည်။ လက်ရှိကော်မတီတွင်ရံပုံငွေ(၃)သိန်းခန့်ရှိနေပြီးကျောင်းသားမိဘများအတွက်ပညာရေးကဏ္ဍအတွက်(၅)ကျပ်အတိုးဖြင့် ချေးယူအသုံးပြုနိုင်ပါသည်။

ရည်ညွှန်း.. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်း အချက် အလက်များ **(၁၄–၁၆ စက်တင်ဘာလ၊ ၂၀၁၅)**

လေ့လာတွေ့ရှိချက်။ လက်ရှိစာသင်ကျောင်းတွင် ဆရာ/ ဆရာမ (၅) ဦးရှိပြီး မူလတန်းအဆင့် ကျောင်းသား/သူ (၇၂) ဦးရှိသောကြောင့် ဆရာမများလုံလောက်မှုရှိပါသည်။ ကျောင်းများစတင်ဖွင့်လှစ်ချိန်တွင် နိုင်ငံတော်မှ ကျောင်းသုံးပုံနှိပ်စာအုပ်များ ပံ့ပိုးပေးထားသည့်အတွက် လုံလောက်မှုရှိပါသည်။ ကျေးရွာစာသင်ကျောင်းတွင် မသန်စွမ်းသူများအတွက် အထူးပညာရေးအစီအဉ်များမရှိသေးပါ။ ပညာရေးကော်မတီကို (၉) ဦးဖြင့်ဖွဲ့စည်းထားပြီး ကျောင်းနေအရွယ်ကလေးများအားလုံးအချိန်မှီကျောင်းအပ်နှံရေး၊ ကျောင်းအားကစားပွဲများကို အောင်မြင်စွာကျင်းပနိုင်ရန်ဦးဆောင်၍ ဆောင်ရွက်ပါသည်။ လက်ရှိကော်မတီတွင် ရံပုံငွေ (၃) သိန်းခန့်ရှိနေပြီး ကျောင်းသားမိဘများအတွက် ပညာရေးကဏ္ဍအတွက် (၅) ကျပ်အတိုးဖြင့် ချေးယူအသုံးပြုနိုင်ပါသည်။

၂.၇။ ကျန်းမာရေးနှင့်အာဟာရ

၂.၇.၁။ အဖြစ်များသောရောဂါများ

ဇယား(၃၁) အဖြစ်များသောရောဂါများ

၁.သန်ကောင်စွဲရောဂါ	၂.ဝမ်းပျက်ဝမ်းလျော	၃.သွေးလွန်တုပ်ကွေး	၄.ရာသီတုပ်ကွေး
၅.	၆.	၇.	၈.

ရည်ညွှန်း.. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်း အချက် အလက်များ **(၁၄–၁၆ စက်တင်ဘာလ၊ ၂၀၁၅)**

လေ့လာတွေ့ရှိချက်။ ကျေးရွာရှိကလေးငယ်အများစုသည် ကာကွယ်ဆေးကို သားဖွားဆရာမ၏ဝန်ဆောင်မှုဖြင့် ပြည့်မီအောင်ရရှိကြပါသည်။ ကျေးရွာသည် ပင်လယ်နှင့် နီးကပ်စွာတည်ရှိသောကြောင့် ငါးပုဇွန်များအလွယ်တကူနိုင်ပြီး ယေဘူယျအားဖြင့် အာဟာရပြည့်ဝသည်ဟု ဆိုနိုင်ပါသည်။

အဖြစ်များသောရောဂါများအနေဖြင့် သာမန်ရောဂါများဖြစ်သော ကလေးများသံကောင်စွဲရောဂါ၊ နှာစေးချောင်းဆိုး၊ တုတ်ကွေး၊ ဝမ်းပျက်ဝမ်းလျှောရောဂါတို့ ဖြစ်ပါသည်။ ယခင်ကငှက်ဖျားရောဂါသည် ကျေးရွာတွင် အဖြစ်များပြီးလူသေဆုံးမှုများခဲ့သော်လည်း ဆေးစိမ်ခြင်ထောင်အသုံးပြုခြင်း၊ ကျန်းမာရေးအသိမြင့်မားလာခြင်းတို့ကြောင့် ယခုအခါရောဂါဖြစ်ပွားမှု တဖြည်းဖြည်းချင်းလျော့နည်းလာပါသည်။

၂.၇.၂ ကျန်းမာရေးအထောက်အပံ့များ (ဆေးရုံ/ဆေးခန်းများ)

ဇယား(၃၂) ကျန်းမာရေးအထောက်အပံ့နှင့်ဝန်ဆောင်မှုများ(ဆေးရုံ/ဆေးပေးခန်းများ)

ကျန်းမာရေး ဝန်ဆောင်မှု	ခရီးအကွာအဝေး(ကီလို)	အခန်း/ကုတင် (လုံလောက်မှုရှိ /မရှိ)	ကျန်းမာရေး ဝန်ထမ်းဦးရေ	ဆေးနှင့်ပတ် သက်သောအသုံး အဆောင်ပစ္စည်းများ (လုံလောက်မှု/ မလုံလောက်မှု)	မှတ်ချက်
ကျေးလက် ကျန်းမာရေး ဌာန	ရွာတွင်း၊	လုံလောက်မှုမရှိ	သားဖွားဆရာမ (၁)ဦး	လုံလောက်မှုမရှိ	ကျေးရွာတွင်းနေထိုင်
ဆေးရုံ	တိုက်နယ်ဆေးရုံ (၂၆) ကီလိုမီတာ မာန်အောင်မြို့	လုံလောက်မှုရှိ	ဆရာဝန် ရှိ သူနာပြု ရှိ သားဖွားဆရာမ ရှိ ကျန်းမာရေး လုပ်သား ရှိ	လုံလောက်မှုရှိ	
ဆေးဆိုင်	(၂၆) ကီလိုမီတာ မာန်အောင် မြို့	လုံလောက်မှုရှိ	ဆေးရောင်း ဝန်ထမ်း	လုံလောက်မှုရှိ	

ရည်ညွှန်း..ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှရရှိသော သတင်းအချက်အလက်များ **(၁၄–၁၆ စက်တင်ဘာလ၊ ၂၀၁၅)**

လေ့လာတွေ့ရှိချက်။ လက်ရှိကျေးရွာတွင် ကျေးလက်ကျန်းမာရေး ဆေးပေးခန်းတည်ရှိပြီးသားဖွါးဆရာမတစ်ဦးရှိပါသည်။ ကျေးလက်ကျန်းမာရေး ဆေးပေးခန်းကို (၁၉၇၅) ခုနှစ်ကတည်းက အစိုးရအသိအမှတ်ပြုခဲ့ပြီး (၁၉၉၉) ခုနှစ်တွင် (၁၅) ပေပတ်လည် ပျဉ်ခင်း၊ ပျဉ်ကာ၊ သွပ်မိုးအဆောက်အဦးအဖြစ်ပြုပြင်ခဲ့ပါသည်။ ဆေးပေးခန်းတွင်ကုတင်၊ ဗီရိုနှင့် အခြားအထောက်အကူပစ္စည်းများ ပြည့်စုံမှုမရှိပါ။ သားဖွားဆရာမသည် ကျေးရွာတွင် အမြဲတမ်းအနေထိုင်ပါသည်။ သာမန်ရောဂါများကိုကျေးရွာတွင်ကုသလေ့ရှိပြီး ရောဂါကြီးကြီးမားမားဖြစ်ပွားပါက ရွာနှင့် (၂၆) ကီလိုမီတာကွာဝေးသော မာန်အောင်မြို့ ပြည်သူ့ဆေးရုံသို့သွားရောက်၍ဆေးကုသမှုခံယူကြပါသည်။

၂.၇.၃။ သောက်သုံးရေရရှိမှု

ဇယား(၃၃) သောက်သုံးရေရရှိမှု

ရေရရှိနိုင်မှု	အရေအတွက်	အကောင်း/အဆိုး	လက်ရှိ/လုံလောက်မှု			အခြား
			နွေ	မိုး	ဆောင်း	
ရေတွင်း	၁၀၄	ကောင်း	√	√	√	
အဝီစိတွင်း						
အဝီစိတွင်း၊ စက်တွင်း						
ကန်						
ချောင်း						
မိုးရေသိုလှောင်ကန်						
စိမ့်စမ်းရေသွယ်တန်းခြင်း						

ရည်ညွှန်း..ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှရရှိသော သတင်းအချက်အလက်များ **(၁၄–၁၆ စက်တင်ဘာလ၊ ၂၀၁၅)**

လေ့လာတွေ့ရှိချက်။ ကျေးရွာတွင် ရေတွင်းစုစုပေါင်း (၁၀၄)တွင်းအထိရှိပါသည်။ ရေတွင်းများအားလုံး တစ်နှစ်ပတ်လုံးရေရှိသောကြောင့် လူနှင့်တိရစ္ဆာန်များအတွက် လုံလောက်မှုရှိပါသည်။

၂.၇.၄။ သန့်ရှင်းရေးအခြေအနေ (အိမ်သာအမျိုးအစားနှင့် အိမ်ထောင်စုအရေ အတွက်)

ဇယား(၃၄) သန့်ရှင်းရေးအခြေအနေ

သုံးစွဲနိုင်သောအိမ်သာအမျိုးအစား	သုံးစွဲနိုင်သော အိမ်ထောင်စု	ရှင်းလင်းချက်
ယင်လုံအိမ်သာ	၃၂	တချို့အိမ်သာများမှာမကောင်း
ကျင်းအိမ်သာ	-	
တောထိုင်	၁၅၅	ခြံပုတ်၊ပင်လယ်ကမ်းစပ်
စုစုပေါင်း	**၁၈၇**	

ရည်ညွှန်း..ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှရရှိသော သတင်းအချက်အလက်များ **(၁၄–၁၆ စက်တင်ဘာလ၊ ၂၀၁၅)**

လေ့လာတွေ့ရှိချက်။ ကျေးရွာသားအများစုသည် ကျန်းမာရေးအသိပညာနည်းပါးခြင်း၊ အမှုအကျင့်ကို မပြောင်းလဲနိုင်ခြင်းတို့ကြောင့် ယင်လုံအိမ်သာအသုံးပြုသူ (၃၂) အိမ်သာရှိပါသည်။(၁၅၅) အိမ်မှာ တောထိုင်ခြင်းဖြင့်သာ ဖြေရှင်းကြပါသည်။ အချို့သောမိသားစုများသည် အိမ်သာတစ်လုံးကိုသာစုပေါင်းအသုံးပြုကြပြီး အချို့မှာတောထိုင်ခြင်းဖြင့်သာ ဖြေရှင်းကြပါသည်။ အိမ်သာကို အိမ်တိုင်းစနစ်ကျစွာအသုံးမပြုရခြင်းမှာ အလေ့အထမရှိခြင်းနှင့် ကျန်းမာရေး ဗဟုသုတအားနည်းခြင်းနှင့် ပင်လယ်နှင့် နီးကပ်လွန်းခြင်းကြောင့် ဒီရေတက်လာချိန်တွင် မစင်များ ပင်လယ်ထဲသို့ အလွယ်တကူ မျောသွားနိုင်ခြင်းတို့ကြောင့်ဖြစ်ပါသည်။ တာဂန်ကျသားဖွားဆရာမ၏ ကြီးကြပ်မှုဖြင့် အိမ်တိုင်းယင်လုံအိမ်သာအသုံးပြုရေးကို ဆောင်ရွက်နေသော်လည်း အောင်မြင်မှုအတွက်အခက်အခဲများကြုံတွေ့နေရပါသည်။

၂.၈။ လမ်းတံတားအခြေအနေ

၂.၈.၁။ ကျေးရွာ၏ လမ်းတံတားတည်ရှိမှု

ဇယား(၃၅) ကျေးရွာ၏လမ်းတံတားတည်ရှိမှုအခြေအနေ

လမ်းတံတား အမျိုးအစား	အမျိုးအစား (၁၊၂၊၃)	ကောင်း /ဆိုး	တည်ဆောက် ခဲ့သောနှစ်	ရာသီအလိုက် သုံးစွဲနိုင်မှု		လမ်းအရှည် (ကီလိုမီတာ)
				ပွင့်လင်း ရာသီ	တစ်နှစ် ပါတ်လုံး	
ရွာမှကျွန်းပတ် သို့သွားသော ကျောက်ခင်း လမ်း(၂)ကီလို မီတာ)	၁	ကောင်း	၂၀၁၄		√	ကျွန်းပတ်လမ်း (၂)ကီလိုမီတာ မှတဆင့်မာန် အောင်သို့(၂၄) ကီလိုမီတာ

၁၊ မြေသားလမ်း ၂၊ ကတ္တရာ ၃၊ ကျောက်ခင်းလမ်း

လမ်းတံတား အမျိုးအစား	အရွယ်အစား	ကောင်း/ ဆိုး	တည်ဆောက် ခဲ့သောနှစ်	အသုံးပြုနိုင်သည့်ရာသီ	
				ပွင့်လင်းရာသီ	တစ်နှစ်လုံး
ဆိပ်ခံတံတား တံတား ကြိုးတံတား ရေပြွန်	၁၀x ၄၀ x ၈ ပေ	ဆိုး	၂၀၁၃		√

ရည်ညွှန်း..ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှရရှိသော သတင်းအချက်အလက်များ **(၁၄–၁၆ စက်တင်ဘာလ၊ ၂၀၁၅)**

လေ့လာတွေ့ရှိချက်။ ရွာမှမြို့သို့ (၂၆) ကီလိုမီတာအရှည်ရှိပြီး ကျောက်ချောလမ်းဖြစ်ပါသည်။(၂၆) ကီလိုမီတာအနက်(၂)ကီလိုမီတာသည် ၂၀၁၄ခုနှစ်တွင် ကျေးလက်ဦးစီးမှဌေကျပ်သိန်း(၆၀၀)ကျော် အကုန်အကျခံ၍ ကျောက်ချောလမ်းခင်းပေးထား သောကြောင့် တစ်နှစ်ပတ်လုံး သွားလာနိုင်ပါသည်။ ကျေးရွာရှိ ရွာသူ/သားများသည် အများအားဖြင့် လိုင်းကားနှင့် မော်တော်ဆိုင်ကယ်များဖြင့် သွားလာကြပါသည်။ ကျေးရွာတွင် လိုင်းကား(၂)စီး၊ သုံးဘီးဆိုင်ကယ်(၁)စီးနှင့် မော်တော်ဆိုင်ကယ် (၆၁)စီး ရှိပြီးသောကြောင့်လမ်းပန်း ဆက်သွယ်ရေးနှင့်ပတ်သက်၍ ပြဿနာမရှိပါ။

၂.၈.၂။ ရေကြောင်းသယ်ယူပို့ဆောင်ရေး

ဇယား(၃၆) ရေကြောင်းသယ်ယူပို့ဆောင်ရေး

သယ်ယူပို့ဆောင်ရေး	အကွာအဝေး (ကီလိုမီတာ)	ယာဉ် အမျိုးအစား	ရာသီအလိုက်သုံးစွဲနိုင်မှု	
			ပွင့်လင်းရာသီ	တစ်နှစ်ပါတ်လုံး
မြစ်ကြောင်း	-	-	-	-
ပင်လယ်ရေကြောင်း	-	-	-	-

၁ – လှေ၊သမ္ဗာန်　　၂ - မော်တော်　　၃ - သင်္ဘော

ရည်ညွှန်း.. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်း အချက် အလက်များ **(၁၄–၁၆ စက်တင်ဘာလ၊ ၂၀၁၅)**

လေ့လာတွေ့ရှိချက်။ ကျေးရွာသည်ပင်လယ်နှင့်ထိစပ်နေသော်လည်း အခြားကျေးရွာများသို့ ပင်လယ်ကိုဖြတ်၍ သွားရောက်ရန်မဖြစ်နိုင်ပါ။ မာန်အောင်မြို့သို့ရောက်ရန် ကုန်းလမ်းခရီးကိုသာ အသုံးပြုပြီးအခြားမြို့များဖြစ်သော တောင်ကုတ်နှင့် ရန်းဇွဲမြို့များသို့ရောက်ရှိရန် ပင်လယ်ရေကြောင်းကို မာန်အောင်မြို့မှတဆင့် အသုံးပြုနိုင်ပါသည်။

၂.၈.၃။ သယ်ယူပို့ဆောင်ရေးယာဉ်များနှင့် ဝန်ဆောင်မှုများ

ဇယား(၃၇)　သယ်ယူပို့ဆောင်ရေးယာဉ်များ

ယာဉ်အမျိုးအစား	စက်လှေ	လှေ၊ သမ္ဗာန်	ဆိုင်ကယ် (စက်ဘီး)	မော်တော် ဆိုင်ကယ်	သုံးဘီးဆိုင်ကယ်၊ ထော်လာကျီ	ကား	မြင်းလှည်း
အရေအတွက်	၂၀		၂၈	၆၁	၁	၂	

ရည်ညွှန်း..ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှရရှိသော သတင်းအချက်အလက်များ **(၁၄–၁၆ စက်တင်ဘာလ၊ ၂၀၁၅)**

လေ့လာတွေ့ရှိချက်။ ကျေးရွာတွင် ဟွန်ဒါပဲ့ထောင်စက်လှေ (၁၂) စီး၊ (၈) ကောင်ဒီဇယ်အင်ဂျင် (၈) စီးရှိပြီး ငါးဖမ်းရန်အတွက်သာ အသုံးပြုပါသည်။ ရွာမှမြို့သို့ ရေကြောင်း သယ်ယူပို့ဆောင်ရေးမရှိသောကြောင့်လှေ၊ သမ္ဗာန်တစ်စင်းမျှမရှိပါ။ ကျေးရွာသည်ကျွန်းပတ်လမ်းနှင့်(၂)ကီလိုမီတာ အကွာတွင်တည်ရှိသောကြောင့် မာန်အောင်မြို့သို့တစ်နှစ်ပတ်လုံးသွားလာနိုင်ပြီး အများအားဖြင့် မော်တော်ဆိုင်ကယ်နှင့် လိုင်းကားများဖြင့်သွားလာကြပါသည်။ မာန်အောင်မြို့သို့ရောက်ရန် ကုန်းလမ်းခရီးကိုသာအသုံးပြုပြီး အခြားမြို့များဖြစ်သော တောင်ကုတ်နှင့် ရန်းဇွဲမြို့များသို့ရောက်ရှိရန် ပင်လယ်ရေကြောင်းကို မာန်အောင်မြို့မှတဆင့် အသုံးပြုနိုင်ပါသည်။ ကျေးရွာတွင် မော်တော် ဆိုင်ကယ် (၂၈) စီးရှိပြီး မာန်အောင်မြို့နှင့် (၂၆) ကီလိုမီတာသာ ဝေးကွာသောကြောင့် လမ်းပန်းဆက်သွယ်ရေးနှင့် ပတ်သက်၍ အတော်အသင့်အဆင်ပြေပါသည်။

၂.၉။ လျှပ်စစ်မီးရရှိမှု

ဇယား(၃၈) လျှပ်စစ်မီးရရှိမှု

အရင်းအမြစ်	အိမ်ထောင်စု	ပြုပြင်ထိန်းသိမ်းရေးစနစ်(ကောင်း/သင့်/ညံ့)	အခက်အခဲရှိ၊မရှိ
ဒီဇယ်သုံးအင်ဂျင်	၁၀၈	ညံ့(မီးကြိုးများနှင့်မီးတိုင်များစံချိန်စံညွှန်းမမှီ)	မီးတိုင်များသည်ဝါးတိုင်များဖြစ်ပြီးယာယီအတွက်သာရည်ရွယ်။

ရည်ညွှန်း...ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှရရှိသော သတင်းအချက်အလက်များ **(၁၄–၁၆ စက်တင်ဘာလ၊ ၂၀၁၅)**

လေ့လာတွေ့ရှိချက်။ ပုဂ္ဂလိကလုပ်ငန်းရှင်တစ်ဦးမှ ၁၅ ကီလို မြင်းကောင်ရေ ၂၅ ကောင်အား ရှိသော ဒီဇယ် အင်ဂျင်ဖြင့် ၂၀၁၂ ခုနှစ်မှစတင်ကာ လျှပ်စစ်မီးပေးခဲ့ရာ အသုံးပြုသူအိမ်ထောင်စု(၁၀၀)ခန့်မှ မီးသွယ်တန်း အသုံးပြုကြပါသည်။ မီးပေးဝေမှုအနေဖြင့် ညနေ ၆:၃၀ မှ ၉:၃၀ အထိ တစ်ရက်လျှင် (၃) နာရီခန့်ပေးဝေပြီး မီးအသုံးပြုခအနေဖြင့် မီးချောင်းတစ်ချောင်းသာအသုံးပြုလျှင် လစဉ် (၃၀၀၀) ကျပ်နှင့် တီဗွီကြည့်သော မိသားစုများအနေဖြင့် (၆၀၀၀)ကျပ် ပေးဆောင်ရပါသည်။ မီးတိုင်များသည် ဝါးတိုင်များဖြစ်သည့်အပြင် မီးကြိုးများသည် သံကြိုးများဖြင့်သွယ်တန်းထား သောကြောင့် ယာယီအတွက်သာအသုံးပြုရန် ရည်ရွယ်ထားပါသည်။ ထို့ပြင် ဆင်းရဲသားမိသားစုများ သည်မီးကြိုး၊ မီးချောင်းနှင့်လစဉ်ကြေးပေးဆောင်ရန်အခက်အခဲများရှိနေသောကြောင့် မီးသွယ်တန်း ယူခြင်း မရှိသေးပါ။

၂.၁၀။ ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်ဆိုင်ရာနည်းပညာ

ဇယား(၃၉) ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာအခြေအနေ

စဉ်	ဖုန်း	ရေဒီယို	တီဗွီ	အင်တာနက်	သတင်းစာ နှင့်ဂျာနယ်	အခြား
အရေ အတွက်	၂၃	၂၈	၆၇	–	–	မြန်မာ့ဆက်သွယ်ရေးဖုန်း တစ်မျိုးတည်းသာသုံး၍ရ

ရည်ညွှန်း..ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှရရှိသော သတင်းအချက်အလက်များ **(၁၄–၁၆ စက်တင်ဘာလ၊ ၂၀၁၅)**

လေ့လာတွေ့ရှိချက်။ ကျေးရွာတွင် အထိုင်ဖုန်းနှင့်လက်ကိုင်ဖုန်း စုစုပေါင်း (၂၃) လုံးရှိပြီး တယ်လီ ဖုန်း၊ ရေဒီယို၊ ရုပ်မြင်သံကြားတို့မှတဆင့် သတင်းအချက်များကို အလွယ်တကူရရှိနိုင်ပါသည်။ ကျေးရွာတွင် အင်တာနာတိုင်ထောင်၍ MPT အထိုင်ဖုန်းများကိုသာ အသုံးပြုနိုင်ကြပြီး ဖုန်းလိုင်းမိ သောနေရာအနည်းငယ်သာရှိပါသည်။ တယ်လီဖုန်းလိုင်းများ မကောင်းသောကြောင့် အင်တာနက်ကို လည်းအသုံးမပြုနိုင်ကြပါ။ ကျေးရွာတွင် တီဗီ (၂၈)လုံး ရေဒီယို (၆၇) လုံးရှိပါသည်။

၂.၁၁။ ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး

ဇယား(၄၀) ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေးအခြေအနေ

လုပ်ငန်း	ရှိ/ မရှိ	ဝန်ဆောင်မှု
အပန်းဖြေနိုင်သည့်နေရာများအား လက်လှမ်းမှီမှု	ရှိ	ကျေးရွာပိုင်ကျောင်းဝန်းဘောလုံးအားကစား ကွင်း
လူမှုရေးလုပ်ငန်းများတွင်ပါဝင်မှု	ရှိ	လူမှုရေးပွဲများတွင် ဝန်ဆောင်မှုများပေးခြင်း
ဘာသာရေးလုပ်ငန်းများတွင်ပါဝင်မှု	ရှိ	ကထိန်ပွဲ၊ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲများတွင် ဝန်ဆောင်မှုများပေးခြင်း
အားကစားပစ္စည်းများအားလက်လှမ်းမှီမှု	ရှိ	ကျောင်ဝန်းပိုင်အားကစားကွင်း၊
ဖွံ့ဖြိုးရေးလုပ်ငန်းများတွင်ပါဝင်မှု	ရှိ	ကျေးရွာအဖွဲ့အစည်းများတွင်လူငယ်အဖွဲ့တစ်ခု အဖြစ် ပါဝင်ခြင်း၊စေတနာအကျိုးဆောင်အဖြစ် ဆောင်ရွက်ခြင်း

လုပ်ငန်း	ရှိ/ မရှိ	ဝန်ဆောင်မှု
ရိုးရာယဉ်ကျေးမှုထိန်းသိမ်းရေး	ရှိ	သင်္ကြန်ပွဲ၊ညောင်ရေသွန်းပွဲတော်များတွင်တတ်ကြွစွာပါဝင်လေ့ရှိခြင်း
စာကြည့်တိုက်၊အင်တာနက်စသည်များအား လက်လှမ်းမှီမှု	မရှိ	စာကြည့်တိုက်မရှိပါ။ အင်တာနက် လက်လှမ်းမမှီပါ။

ရည်ညွှန်း.. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှရရှိသော သတင်းအချက်အလက်များ **(၁၄–၁၆ စက်တင်ဘာလ၊ ၂၀၁၅)**

လေ့လာတွေ့ရှိချက်။ ကျေးရွာတွင်းတွင် လူငယ်များအတွက်အားကစားပြုလုပ်နိုင်ရန် မူလတန်းကျောင်းတွင်းရှိ ဘောလုံးကွင်းကိုအသုံးပြုနိုင်ပါသည်။ ကျေးရွာတွင်းရှိလူငယ်၊ လူရွယ်များသည် ဝါတွင်းကာလနှင့်ဝါကျွတ်ကာလတွင် ဆွမ်းလောင်းပွဲတော်များတွင် တက်ကြွစွာ ပါဝင်ကြပါသည်။ ကျေးရွာတွင်ရိုးရာယဉ်ကျေးမှုထိန်းသိမ်းရေး အဖွဲ့ဟူ၍သီးခြားအဖွဲ့မရှိသေးပါ။ လူငယ်များအတွက် အသိပညာတိုးပွါးရေးနှင့် ဆိုင်သောစာကြည့်တိုက်၊အင်တာနက်စသည်တို့ကိုလည်း လက်လှမ်းမှီမှုမရှိကြပါ။

၂.၁၂။ ကျေးရွာတည်ငြိမ်ရေးနှင့်ဘေးကင်းလုံခြုံရေးအခြေအနေ

၂.၁၂.၁။ လုံခြုံရေးဆိုင်ရာ ဝန်ဆောင်မှုများအားလက်လှမ်းမှီမှု

ဇယား(၄၁) ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု၊ အထောက်အကူများအားလက်လှမ်းမှီမှု

ဝန်ဆောင်မှုများ	ရှိ/ မရှိ	ရှင်းလင်းချက်
ဆက်သွယ်ရေးဆိုင်ရာအဆောက်အဦးများအားလက်လှမ်းမှီမှု	ရှိ	MPT ဆက်သွယ်ရေး ဖြင့် CDMA ဖုံးများအသုံး ပြုနိုင်ပါသည်။
အာမခံလုပ်ငန်းများအား လက်လှမ်းမှီမှု	မရှိ	
လူထုအခြေပြုသဘာဝဘေးအန္တရာယ်လျှော့ချရေးအစီအစဉ်	မရှိ	တိကျသေချာသောအစီအစဉ်မရှိသေးပါ။
ရဲစခန်းများအား လက်လှမ်းမှီမှု	ရှိ	မာန်အောင်ရဲစခန်းနှင့်(၂၆)ကီလိုမီတာအကွာတွင် ရှိပြီးလိုအပ်ပါက အကူအညီရရှိနိုင်။

ရည်ညွှန်း..ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှရရှိသော သတင်းအချက်အလက်များ **(၁၄–၁၆ စက်တင်ဘာလ၊ ၂၀၁၅)**

လေ့လာတွေ့ရှိချက်။ ကျေးရွာဘေးကင်းလုံခြုံမှုအတွက် အဓိကအားဖြင့် ကျေးရွာအုပ်ချုပ်ရေးအဖွဲ့မှတာဝန်ယူပါသည်။ ထို့ပြင် စီဒီအမ်အေဖုန်းများကိုအသုံးပြု၍ မာန်အောင်မြို့ရဲစခန်းများနှင့်ချိတ်ဆက်ဆောင်ရွက်နိုင်ပါသည်။

၂.၁၂.၂။ မူခင်းဖြစ်ပွားမှု

ဇယား(၄၂) မူခင်းဖြစ်ပွားမှု ခြေအနေ

မူခင်းဖြစ်ပွားမှု	လူကုန်ကူးမှု	ခိုးမှု	မူးယစ်ဆေးသုံးစွဲမှု	အကြမ်းဖက်မှု
ပြင်းထန်/မထန်	မရှိ	မရှိ	မရှိ	မရှိ

ရည်ညွှန်း.. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ **(၁၄–၁၆ စက်တင်ဘာလ၊ ၂၀၁၅)**

လေ့လာတွေ့ရှိချက်။ ကျေးရွာတွင် မူခင်းဖြစ်ပွားမှုကြီးကြီးမားမားမရှိပါ။ ကျေးရွာတွင် ဘခုအချိန်အထိ ဘာသာရေး၊ လူမျိုးရေး အထိကရုဏ်းများ လုံးဝမရှိပါ။ ယေဘုယျအားဖြင့် ကျေးရွာသည် လုံခြုံမှုရှိ၍ အေးချမ်းတည်ငြိမ်သည်ဟုဆိုနိုင်ပါသည်။

၃။ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊ အဟန့်အတား နှင့် ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ

ဧယား(၄၃) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိုအထောက်အပံ့ဖြစ်စေသော အခြေအနေများ၊

စဉ်	ဖွံ့ဖြိုးရေးအတွက်အထောက်ပံ့ဖြစ်စေမည့် အချက်များ	ရှင်းလင်းဖော်ပြချက်
၁	နိုင်ငံတော်၏ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်	• ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည်မာန်အောင်မြို့အတွင်းရှိကျေးရွာများဖွံ့ဖြိုးရေးလုပ်ငန်းအတွက်အားသွန်ခွန်စိုက်ဆောင်ရွက်နေခြင်း
၂	စိုက်ပျိုးရေး(သီးနှံ)	• မိုးရေချိန်ကောင်းမွန်စွာရရှိပါ သည်။ • မြေဆီလွှာအသင့်အတင့်ကောင်း မွန်ပါသည်။ • လယ်ယာသုံးစက်ကိရိယာပစ္စည်းမျိုးစုံအလွယ်တကူဝယ်ယူရရှိနိုင်ပါသည်။ • TV နှင့် ရေဒီယိုများမှ ဈေးကွက်အခြေအနေသိရှိနိုင်ပါသည်။ • လုပ်သားအင်အားလုံလောက်မှုရှိပါသည်၊ • အထွက်နှုန်းကောင်းသောသီးနှံစံပြစိုက်ကွက်များအကောင်အထည်ဖော်နိုင်ပါသည်။ • စိုက်ဧကတိုးချဲ့နိုင်ပါသည်။
၃	မွေးမြူရေး	• နွား၊ ဝက်၊ ဆိတ်များရောင်းချရန် ဈေးကွက်ကောင်းမွန်ပါသည်။ • နွား၊ဝက်၊ဆိတ်၊ကြက်များကို ကျွမ်းကျင်စွာမွေးမြူနိုင်ပါသည်။ • တိရစ္ဆာန်များအတွက် အစာပေါများစွာရရှိ ပါသည်။
၄	စိုက်ပျိုး၊မွေးမြူရေး မဟုတ်သောအခြားလုပ်ငန်း များ	• ကျေးရွာသည်ပင်လယ်နှင့်တဆက်တည်းတည်ရှိသောကြောင့်ရေငန်ငါးဖမ်းလုပ်ငန်းများလုပ်နိုင် ၊ • မာန်အောင်မြို့နှင့်(၂၆)ကီလိုမီတာသာဝေးကွာသောကြောင့်ဈေးကွက်အလွယ်တကူ ရောက်ရှိနိုင်၊ • တစ်ပိုင်တစ်နိုင်ငါးဖမ်းခြင်းမှသည်စီးပွားဖြစ်လုပ်ငန်းအထိငါးဖမ်းလုပ်ငန်းလုပ်နိုင်ပြီးမာန်အောင်ရှိအဝယ်ဒိုင်များသို့အလွယ်ကူရောင်းချနိုင်၊
၅	ပညာရေး	• အလယ်တန်းနှင့်ပညာရေးအတွက်(၂)ကီလိုမီတာ ကွာဝေးသောအိုးဝကျေးရွာအလယ်တန်းကျောင်းသို့သွားရောက်ပညာသင်ကြားနိုင်၊ • မိဘအများစုပညာရေးကိုအားပေး၊
၆	ယဉ်ကျေးမှု၊လူငယ်နှင့်အားကစား	• အစိုးရအနေဖြင့်စာကြည့်တိုက်ကဲသို့သောအသိပညာတိုးပွားရေးလုပ်ငန်းများကို အားပေးနေ။ • (၂၄)နာရီလျှပ်စစ်မီး၊အားကစားအထောက်အကူပြုပစ္စည်းများပံ့ပိုးမှုရရှိစေရန်ကျေးလက်ဖွံ့ဖြိုးရေးဦးစီးဌာနအပါအဝင်အခြားလူမှု

စဉ်	ဖွံ့ဖြိုးရေးအတွက်အထောက်ပံ့ဖြစ်စေမည့် အချက်များ	ရှင်းလင်းဖော်ပြချက်
		ရေးအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်၊ • ကျေးရွာဖွံ့ဖြိုးရေးတွင် လူငယ်များတတ်ကြွ စွာပါဝင်လေ့ရှိ၊
၇	လျှပ်စစ်မီးရရှိမှု	• ကျေးလက်ဖွံ့ဖြိုးရေးဦးစီးသည်ကျေးလက်မီးလင်းရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်နေခြင်း၊ • အင်ဂျင်ဖြင့်မီးပေးနေပြီးကိုယ်ထူကိုယ်ထအစီအစဉ်ဖြင့်ကျေးရွာမီးလင်းရေး ဆောင်ရွက်နေခြင်း၊

ဇယား (၄၄) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားနှင့် ရင်ဆိုင်ကျော်လွှားရမည့်စိန်ခေါ်မှုများ

အဟန့်အတားများ၊ စိန်ခေါ်မှုများ	ရှင်းလင်းဖော်ပြချက်
၁။ ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှု	
• ကျေးရွာအတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများတွင်စီမံခန့်ခွဲမှုဆိုင်ရာ စွမ်းဆောင်ရည်များ	• အရေးကြီးသောဆုံးဖြတ်ချက်များချမှတ်ရာတွင်ကျေးရွာလူထု၏ပူးပေါင်းပါဝင်မှုအားနည်း နေခြင်း၊ • ကျေးရွာတွင်လူထုအခြေပြုအဖွဲ့များစွာရှိသော်လည်းသီးခြားစီရပ်တည်နေခြင်း • လူထုအခြေပြုအဖွဲ့အစည်းများဖွဲ့စည်းရာတွင်အမျိုးသမီးများပါဝင်မှုအရမ်းနည်းနေခြင်း၊
၂။ စိုက်ပျိုးရေး (သီးနှံ)	
• သီးနှံတိုးတက်ထုတ်လုပ်နိုင်ရေးအတွက်နည်းပညာဝန်ဆောင်မှုများအားလက်လှမ်းမီရန်လိုအပ်မှု	• မိုးရေချိန်များသည့်ဒေသဖြစ်သည့်အလျောက်စပါးခင်းများသည်မိုးတွင်းကာလတွင် ရေနက်ကွင်းများဖြစ်လေ့ရှိသည်။ ထို့အပြင်အသုံးပြုသောစပါးမျိုးများမှာလည်းဒေသစပါးမျိုးများသာဖြစ်၍ တစ်ဧကအထွက်နှုန်းမှာ တင်း ၄၀ ခန့်သာရှိပါသည်။ • ဒေသနှင့်ကိုက်ညီမည့်စပါးမျိုးကောင်းများရှိလျှင်အသုံးပြုနိုင်ရေး၊ • ဆောင်းနှင့်နွေတွင်စပါးအပြီးသီးထပ်စိုက်ပျိုးရန်ဖြစ်နိုင်ခြေရှိမှုများစမ်းသပ်ဖော်ထုတ်ကြရန်နည်းပညာဝန်ဆောင်မှုများလိုအပ်ပါမည်။
၃။ မွေးမြူရေး	
• ချေးငွေဝန်ဆောင်မှုများလက်လှမ်းမီရေး	• ဆင်းရဲသောမိသားစုများအတွက်ငါးဖမ်းလုပ်ငန်းလုပ်ကိုင်နိုင်ရန်၊တစ်နိုင်တစ်ပိုင်နွားမွေးမြူရန်နှင့်အခြားအသေးစားလုပ်ငန်းများအတွက် အရင်းအနှီးလိုအပ်ခြင်း
၄။ ရေလုပ်ငန်း	
• ကမ်းနီးကမ်းဝေးငါးဖမ်းဥပဒေလိုက်နာရေး	• ကျေးရွာတွင် ငါးဝယ်ဒိုင်ကြီးများ မရှိသေးခြင်း • ငါး၊ပုဇွန်များကုန်ချောပြုလုပ်ခြင်း နည်းပညာများအားနဲခြင်း

အဟန့်အတားများ၊ စိန်ခေါ်မှုများ	ရှင်းလင်းဖော်ပြချက်
• ငါးထုတ်လုပ်ရောင်းချမှု ဈေးကွက်ဖွံ့ဖြိုးရေး	• ကျေးရွာဝန်းကျင်တွင်စက်လှေကြီးများရပ်နားနိုင်သည့်ဆိပ်ကမ်းမရှိခြင်း၊ • ကမ်းနီးကမ်းဝေးငါးဖမ်းခြင်းဥပဒေကိုချိုးဖောက်ပြီးဂျမ်းလှေကြီးများဖြင့်ကမ်းနီးဇရိယာတွင်ငါးပုဇွန်များအလွန်အကျွံဖမ်းနေကြခြင်း
၅။ ပညာရေး	
• ကျေးရွာမူလတန်းပညာရေး	• မူလတန်းကျောင်းအဆောက်အဦးတွင်ပရိဘောဂများမပြည့်စုံခြင်း • မူလတန်းကျောင်းသား/သူဦးရေတဖြည်းဖြည်းများပြားလာခြင်း • ပေဖဝါ၊ပေဉဝရှိသောမူလတန်းကျောင်းဆောင်တစ်ဆောင်သာရှိခြင်းကြောင့် နေရာအကျယ်အဝန်း လုံလောက်မှုမရှိခြင်း၊
၆။ ကျန်းမာရေး၊ သောက်သုံးရေ	
• ယင်လုံအိမ်သာအသုံးပြုရေးနှင့်လူထုပညာပေးအစီအစဉ်များလက်လှမ်းမီရေး	• တစ်ချို့အိမ်ထောင်စုများတစ်ကိုယ်ရေ သန့်ရှင်းရေးနှင့်ဆိုင်သောအမူအကျင့်များ မပြောင်းလဲသေးခြင်း • ဆင်းရဲလွန်းသော ကြောင့်တစ်ကိုယ် ရေ သန့်ရှင်းရေးကို ဂရုမစိုက်နိုင်သော အိမ်ထောင်စုများရှိနေခြင်း • ယင်လုံအိမ်သာစနစ် ကျင့်သုံးသည့်အလေ့အကျင့် မရှိခြင်း • ကျေးရွာတွင် ဝမ်းပျက်ဝမ်းလျှောနှင့်၊သံကောင်ရောဂါများ ရံဖန်ရံခါ ဖြစ်ပွားတတ်ခြင်း
၇။လူငယ်၊ယဉ်ကျေးမှု၊အားကစား	
• လူငယ်နှင့်ခေတ်မှီနည်းပညာဗဟုသုတ	• ကျေးရွာတွင် စာကြည့်တိုက် မရှိခြင်း • တယ်လီဖုန်းလိုင်းများ မကောင်းမွန်ခြင်း • ကျေးရွာတွင်အင်တာနက်လူမှုကွန်ယက်များအသုံးမပြုနိုင်ခြင်း • ကျေးရွာအနာဂတ်အတွက်လူငယ်များအသိပညာတိုးတတ်ရန်လိုအပ်ခြင်း
၈။ လမ်းတံတား	
• ကျေးရွာတွင်းလမ်းများ • ရွာအဝင်သံကူကွန်ကရစ်တံတား • စက်လှေဆိပ်သွားလမ်း၊	• ရွာအဝင်ကွန်ကရစ်တံတားမှာကိုယ်ထူကိုယ်ထစနစ်ဖြင့်ဖြစ်သလို ဆောက်လုပ်ထားသောကြောင့် အရည်အသွေးမမှီခြင်း • ကျေးရွာအတွင်းရှိလမ်းများသွားမိုးတွင်းကာလတွင်သွားလာရ ခက်ခဲခြင်း • စက်လှေဆိပ်သို့ရောက်ရန်နေ့စဉ်နှင့်အမျှလယ်ကန်သင်းများကိုဖြတ်၍ သွားလာနေရခြင်း

အဟန့်အတားများ၊ စိန်ခေါ်မှုများ	ရှင်းလင်းဖော်ပြချက်
၉။ သဘာဝဘေးအန္တရာယ်	
• ပင်လယ်ရေလှိုင်းနှင့် ရေတားနံရံ	• ပင်လယ်လှိုင်း၏ ရိုက်ပုတ်တိုက်စားမှုကြောင့်ကျေးရွာဧရိယာကျဉ်းမြောင်းလာခြင်း • ကျေးရွာပိုင်မြေကိုအခြားတဖက်သို့ထပ်မံချဲ့ထွင်ရန်မဖြစ်နိုင်တော့ခြင်း • ရေတားနံရံတည်ဆောက်နိုင်ရန်ကျောက်ခဲများပင်လယ်ကမ်းစပ်
၁၀။ လျှပ်မီးလင်းရေး	
• (၂၄)နာရီအချိန်ပြည့်လျှပ်စစ်မီးမသုံးစွဲနိုင်ခြင်း	• မီးစက်ဖြင့်လျှပ်စစ်ဓါတ်အားဖြန့်ဖြူးရသည့်အတွက် (၂၄)နာရီအချိန်ပြည့် လျှပ်စစ်မီးမပေးနိုင်ခြင်း • အဆင်းရဲဆုံးမိသားစုများအနေဖြင့်မီးသွယ်တန်းရန်ငွေကြေးမတတ်နိုင်ခြင်း • မီးစက်မကြာခဏ ပျက်တတ်ခြင်း • ရေရှည်လျှပ်စစ်မီးလင်းရေးအတွက်နည်းပညာနှင့်စက်သုံးဆီအခက်အခဲများရှိခြင်း

၅။ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာဆန်းစစ်ခြင်းမှ ဖြေရှင်းနည်းအထိ)

ဧယား(၄၆) ကျေးရွာဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာဆန်းစစ်ခြင်းမှ ဖြေရှင်းနည်းအထိ)

ပြဿနာ	ဖြစ်ရသည့်အကြောင်းအရင်း	အထောက်အကူဖြစ်စေသည့်အချက်	အဟန့်အတား	ဖြေရှင်းနိုင်မည့်နည်းလမ်း	အဆိုပြုစီမံကိန်း
<u>စီမံအုပ်ချုပ်မှုစနစ်</u>					
• ကျေးရွာအတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများတွင်စီမံခန့်ခွဲမှုဆိုင်ရာစွမ်းဆောင်ရည်များအားနဲနေခြင်း	• ကျေးရွာ၏အရေးကြီးသောဆုံးဖြတ်ချက်များချမှတ်ရာတွင် ကျေးရွာသားများအားလုံးပူးပေါင်းပါဝင်လေ့မရှိခြင်း • ငွေကြေးစီမံခန့်ခွဲမှုနည်းပညာအားနည်းခြင်း၊ • ကျေးရွာသူ/သားများအနေဖြင့်လက်ရှိဦးဆောင်နေသူများကိုသာအားကိုးလွန်းခြင် • ရေရှည်ဖွံ့ဖြိုးရေးအတွက်ဌာနဆိုင်ရာများနှင့်ချိတ်ဆက်ဆောင်ရွက်သည့်အလေ့အ	• အစိုးရမှကျေးလက်ဖွံ့ဖြိုးရေးဦးစီးဌာနကဦးဆောင်၍ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကိုအရှိန်အဟုန်ဖြင့်ဆောင်ရွက်နေခြင်း • ကျေးရွာတွင်ဖွံ့ဖြိုးရေးကိုစိတ်ပါဝင်စားမှုနှင့်တတ်ကြွမှုရှိသောလူငယ်များရှိနေခြင်း • နယ်မြေအေးချမ်းသာယာမှုရှိခြင်း၊	• လက်ရှိကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင်အသက်ကြီးပိုင်းများကလွှမ်းမိုးလေ့ရှိခြင်း • လူငယ်များအပေါ်တွင်ယုံကြည်စွာတာဝန်ပေးသောအတွေ့အကြုံမရှိခြင်း၊ • ဌာနဆိုင်ရာများတွင်ကျေးရွာအဆင့်အဖွဲ့အစည်းများခိုင်မာတောင့်တင်းရေးအတွက်နည်းပညာများအားနဲနေသေးခြင်း၊	• ကျေးရွာဖွံ့ဖြိုးရေးကော်မတီဖွဲ့စည်းခြင်းနှင့်စွမ်းဆောင်ရည်မြင့်မားရေးအစီအစဉ်များ • ရေရှည်ဖွံ့ဖြိုးရေးအတွက်နည်းပညာပူးပေါင်းဆောင်ရွက်ရေးအစီအစဉ်များချမှတ်ဆောင်ရွက်နိုင်ခြင်း	• ကျေးရွာအတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများတွင်စီမံခန့်ခွဲမှုဆိုင်ရာစွမ်းဆောင်ရည်မြှင့်တင်ရေးအစီအစဉ် – ကျေးရွာဖွံ့ဖြိုးရေးကော်မတီဖွဲ့စည်းခြင်း – လုပ်ငန်းအကောင်အထည်ဖော်ရေးကော်မီတီဖွဲ့စည်းခြင်း – ခေါင်းဆောင်မှုအတတ်ပညာနှင့်ငွေကြေးစီမံခန့်ခွဲမှုသင်တန်း

ပြဿနာ	ဖြစ်ရသည့်အကြောင်းအရင်း	အထောက်အကူဖြစ်စေသည့်အချက်	အဟန့်အတား	ဖြေရှင်းနိုင်မည့်နည်းလမ်း	အဆိုပြုစီမံကိန်း
	ကျင့်မရှိခြင်း၊				– အဖွဲ့စည်းဆိုင်ရာ နည်းဥပဒေများ နှင့်လုပ်နည်းလုပ် ထုံးများ – ရေရှည်ဖွံ့ဖြိုးရေး အတွက်အဖွဲ့အ စည်းများနှင့်ချိတ် ဆက်၍နည်းပညာ ပူးပေါင်းဆောင် ရွက်ရေးအစီအစဉ် များ
<u>စိုက်ပျိုးရေး</u> စိုက်ပျိုးရေးအတွက် အရင်းအနှီးနှင့်နည်းပ ညာများပြည့်စုမှုမရှိခြင်း	• သီးနှံအချိန်မှီစိုက်ပျိုး ထုတ်လုပ်ရန်ရင်းနှီး ငွေ မလုံလောက်ခြင်း၊ • သီးနှံတွင်ရံဖန်ရံခါ ရောဂါများကျရောက် တတ်၍ပျက်ဆီးမှုရှိ ခြင်း • မိရိုးဖလာဒေသမျိုးကို သာစိုက်ပျိုးနေရခြင်း၊ • ဈေးကွက်မတည်ငြိမ် ခြင်း၊	• ချေးငွေနှင့် နည်းပညာ ရရှိရေးအတွက် အစိုးရ ဌာနများနှင့် ချိတ်ဆက် ဆောင်ရွက်နိုင်ခြင်း • အစိုးရတွင် ကျေး ရွာများသို့ မြစိမ်းရောင် ကဲ့ သို့သောလှည့်ပတ် ရံပုံငွေထူထောင်ပေး သော အစီအစဉ်များရှိ ခြင်း • ကျေးရွာသားများအနေ	• အစိုးရမှလယ်သမား များအား‌ချေးငွေထုတ် ချေးရာတွင်ပမာဏအ ကန့် အသတ် ဖြင့်သာ ထုတ်ချေးပေး နိုင်ခြင်း • စိုက်ပျိုးရေးပညာရှင် များ နှင့် တောင်သူများ ကြားတွင်ပွင့်လင်းမြင် သာစွာချိတ်ဆက် ဆောင်ရွက်သောအ လေ့အကျင့်မရှိသေး	• ဌာနဆိုင်ရာများ၊ ပုဂ္ဂလိကအဖွဲ့အစည်း များနှင့်ချိတ်ဆက်၍ ချေးငွေနှင့်နည်းပညာ ရရှိရေးအတွက်ချိတ် ဆက်ဆောင်ရွက်နိုင် ခြင်း • ဈေးကွက်ခိုင်မာစေ ရန်ပြည်တွင်းပြည်ပ တင်ပို့နိုင်ရေးအစီအ စဉ်များချမှတ်ဆောင်	• စိုက်ပျိုးရေးအတွက် အရင်းအနှီးနှင့်နည်း ပညာများပြည့်စုံစေ ရန်ဆောင်ရွက်ခြင်း – အထွက်နှုန်း ကောင်းသောသီးနှံ မျိုးစေ့များရရှိစေ ရန်စိုက်ပျိုးရေးပ ညာရှင်များနှင့် လက်တွဲဆောင်ရွက် ခြင်း

ပြဿနာ	ဖြစ်ရသည့်အကြောင်းအရင်း	အထောက်အကူဖြစ်စေသည့်အချက်	အဟန့်အတား	ဖြေရှင်းနိုင်မည့်နည်းလမ်း	အဆိုပြုစီမံကိန်း
	• ဒေသရာသီဥတုနှင့် ကိုက်ညီသောမျိုးကောင်းမျိုးသန့်များရရှိရန်လက်လှမ်းမမှီခြင်း၊	ဖြင့်အထွက်နှုန်းကောင်းသော သီးနှံမျိုးများစိုက်ပျိုးရန်စိတ်အားထက်သန်လွန်းခြင်း • မိုးရေချိန်လက္ခလုံလောက်စွာရ ရှိခြင်း	ခြင်း • ခိုင်မာသောဈေးကွက်မတည်တောက်နိုင်သေး ခြင်း၊ • သီးနှံစိုက်ကွင်းများတွင်ကျောက်တုံးကျောက်ခဲကြီးများရှိနေခြင်း	ရွှက်ခြင်း • စိုက်ပျိုးရေးပညာရှင်များနှင့်ရင်းနှီးပွင့်လင်းစွာတိုင်ပင်ဆွေးနွေး၍အထွက်နှုန်းကောင်းသောသီးနှံမျိုးစေ့များအစားထိုး၍ဝင်ငွေတိုးပွားစေခြင်း	– စိုက်ပျိုးရေးစံပြစိုက်ကွက်များထူထောင်ခြင်း – ချေးငွေနှင့်ကျောက်တုံးကြီးများဖယ်ထုတ်ရန်စက်ယန္တရားကြီးများ၏အကူအညီရရှိနိုင်သည့်နေရာများနှင့်ချိတ်ဆက်ဆောင်ရွက်ရေးအစီအစဉ်များ – ဈေးကွက်ခိုင်မာစေရန်ပြည်တွင်းပြည်ပနှင့်ချိတ်ဆက်ဆောင်ရွက်ခြင်း
<u>မွေးမြူရေး</u> • နွားများတွင်ကူးစက်ရောဂါများရံဖန်ရံခါကျရောက်တတ်ပြီးပျက်စီးဆုံးရှုံးမှုများခြင်း	• ကျေရွာသားများအားတိရစ္ဆာန်များကိုကာကွယ်ဆေးပြည့်မှီအောင်ထိုးနှံရန်စနစ်တကျစည်းရုံးမှုမရှိခြင်း • ကျေရွာသားများအ	• ဒေသတွင်းနွားဈေးနှုန်းများအဆမတန်ကောင်းနေခြင်း • ကျေးရွာသားအချို့သည်ကာကွယ်ဆေးထိုးနှံရန်ဆန္ဒပြင်းပြခြင်း	• ကာကွယ်ဆေးများအာနိသင်မပျယ်စေဘဲသိုလှောင်ရာတွင်အပူချိန်အကန့်အသတ်များရှိနေခြင်း • ကာကွယ်ဆေးထုတ်လုပ်သောနေရာမှ	• ကျေရွာသားများအားစနစ်တကျအမြင်ဖွင့်ခြင်းနှင့်ဒေသခံမွေးမြူရေးသင်တန်းသားမွေးထုတ်ခြင်း • တိမွေးကုဋ္ဌာနနှင့်ချိတ်ဆက်၍ကာ	• တစ်နိုင်တစ်ပိုင်နှင့်စီးပွားဖြစ်နွားမွေးမြူရေး – ကျေရွာသားများအားကာကွယ်ဆေးနှင့်ပတ်သတ်၍စနစ်တကျအ

ပြဿနာ	ဖြစ်ရသည့်အကြောင်းအရင်း	အထောက်အကူဖြစ်စေသည့်အချက်	အဟန့်အတား	ဖြေရှင်းနိုင်မည့်နည်းလမ်း	အဆိုပြုစီမံကိန်း
	နေဖြင့်ကာကွယ်ဆေးဏ၏အာနိသင်အပေါ်တွင်ယုံကြည်မှုအားနဲခြင်း • တိမွေးကုဋ္ဌာနတွင် တိရစ္ဆာန်များကူးစက်ရောဂါကာကွယ်ရေးနည်းဥပဒေအတိုင်းကျေးရွာသားများလိုက်နာအောင်ဆောင်ရွက်နိုင်ရန်နည်းစနစ်နှင့်အတွေ့အကြုံအားနဲခြင်း	• ခေတ်မှီတိရစ္ဆာန်ကာကွယ်ဆေးများကိုလေ့လာနိုင်ရန်ကျေးရွာတွင်ပညာတတ်လူငယ်များရှိခြင်း • တိမွေးကုဋ္ဌာနတွင် တိရစ္ဆာန်ကူးစက်ရောဂါကာကွယ်ဆေးများအခမဲ့ထိုးပေးသောအစီအစဉ်များရှိနေခြင်း	ကျေးရွာများအထိရောက်အောင်အဆင့်ဆင့်မိုင်ပေါင်းများစွာသယ်ယူရခြင်း • မြို့နယ်မွေးမြူရေးဌာနတွင်ဝန်ထမ်းများစွာမရှိ ခြင်း	ကွယ်ဆေးများစနစ်တကျပုံမှန်ထိုးနှံခြင်း	မြင်ဖွင့်သင်တန်းများပေးခြင်း – ဒေသခံမွေးမြူရေးသင်တန်းသားမွေးထုတ်ခြင်း – ဦးတည်အုပ်စုများသတ်မှတ်၍ကာကွယ်ဆေးပြည့်မှီအောင်ထိုးနှံရန်စနစ်တကျစည်းရုံးခြင်း – ကျွဲ၊ နွားကာကွယ်ဆေးထိုးရန်သီးခြားသတ်မှတ်အစီအစဉ်အဖြစ်ဆောင်ရွက်နိုင်ခြင်
ရေလုပ်ငန်း: • ကျေးရွာငါးလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုအားနည်းခြင်း	• ငါးဖမ်းဥပဒေမလိုက်နာမှုများကိုထိရောက်စွာအရေးယူသည့်အလေ့အထအားနည်းခြင်း၊ • ငါး၊ပုဇွန်ဖမ်းခြင်းလုပ်	• ငါး၊ပုဇွန်ဖမ်းခြင်းလုပ်ငန်းသည်ကျေးရွာ၏အဓိကအသက်မွေးဝမ်းကျောင်းဖြစ်သောကြောင့်ကျေးရွာသားများစိတ်ဝင်စားမှုရှိ	• ကိုယ်ထူကိုယ်ထဆိပ်ကမ်းတိုးချဲ့ပြုပြင်ဆောင်ရွက်ရန်အတွက်ကျေးရွာရံပုံငွေမရှိခြင်း • စက်ယန္တယားအကူအ	• ဆိပ်ကမ်းတိုးချဲ့ပြုပြင်ခြင်းအစီအစဉ် • မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနနှင့်ချိတ်ဆက်ဆောင်ရွက်ခြင် • ကမ်းနီးကမ်းဝေးငါး၊	• ငါးလုပ်ငန်းဖွံ့ဖြိုးတိုးတက်စေရန်ဆောင်ရွက်ခြင်း – စက်လှေဆိပ်ကမ်းတိုးချဲ့ပြုပြင်ခြင်းအစီအစဉ်

ပြဿနာ	ဖြစ်ရသည့်အကြောင်းအရင်း	အထောက်အကူဖြစ်စေသည့်အချက်	အဟန့်အတား	ဖြေရှင်းနိုင်မည့်နည်းလမ်း	အဆိုပြုစီမံကိန်း
	ငန်းတွင်အကျိုးအမြတ်လျော့နည်းလာခြင်း • ငါးဖမ်းလုပ်ငန်းမတိုးချဲ့နိုင်ခြင်း၊ • ငါးဖမ်းဥပဒေမလိုက်နာဘဲဂျမ်းလှေကြီးများအသုံးပြုကာငါး၊ပုဇွန်များအလွန်အကျွံဖမ်းဆီးခြင်း	ခြင်း • ဆိပ်ကမ်းတိုးချဲ့ပြုပြင်ဆောင်ရွက်နိုင်မည့်နေရာရှိခြင်း၊ • ငါးလုပ်ငန်းဦးစီးဌာနမှကမ်းနီးကမ်းဝေးငါးဖမ်းခြင်းဥပဒေပြဋ္ဌာန်းပြီးဖြစ်ခြင်း၊	ညီများရယူရန်မလွယ်ကူခြင်း၊ • ငါး၊ပုဇွန်ဖမ်းဆီးခြင်းဆိုင်ရာဥပဒေလိုက်နာမှုရှိရန်အတွက်အစိုးရဌာနများနှင့်ချိတ်ဆက်ဆောင်ရွက်မှုအားနည်းခြင်း	ပုဇွန်ဖမ်းဆီးခြင်းဆိုင်ရာဥပဒေနှင့်ပတ်သက်သည့်ဆွေးနွေးပွဲများ	– စက်လှေဆိပ်သွားလမ်းအဆင့်မြှင့်တင်ခြင်း၊ – မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနနှင့်ချိတ်ဆက်ဆောင်ရွက်ခြင်း – ကမ်းနီးကမ်းဝေးငါးဖမ်းဥပဒေလိုက်နာရေးလူထုဆွေးနွေးပွဲများ
<u>ပညာရေး</u>					
မူလတန်းပညာရေးနိမ့်ပါးနေခြင်း	• ဖဖပေ×၃၀ပေ မူလတန်းကျောင်းဆောင်တစ်ဆောင်သာရှိခြင်း • ကြောင့်စာသင်ခန်းမပြည့်စုံခြင်း • ကျေးရွာရှိမူလတန်းကျောင်းသား/သူဦးရေများပြားလာခြင်း၊ • ကျောင်းသုံးပရိဘောဂပစ္စည်းပြည့်စုံမှုမရှိခြင်း	• အစိုးရပညာရေးဌာနမှကျေးရွာစာသင်ကျောင်းများကိုပံ့ပိုးပေးသောအစီအစဉ်များရှိနေခြင်း • ကျောင်းကော်မတီဖွဲ့စည်းပြီးဖြစ်ခြင်း၊ • လက်ရှိမြစိမ်းရောင်စီမံကိန်းကျေးရွာဖြစ်နေခြင်း	• ပညာရေးဌာနသည်မြို့နယ်အတွင်း၊ကျေးရွာအားလုံးရှိကျောင်းများအားလုံးသို့လိုအပ်ချက်များပံ့ပိုးရန်ဘတ်ဂျက်အခက်အခဲရှိခြင်း • ကျောင်းကော်မတီတွင်ရံပုံငွေနည်းပါးနေခြင်း၊	• အစိုးရပညာရေးဌာနှင့်ချိတ်ဆက်ဆောင်ရွက်ခြင်း၊ • ကျောင်းကော်မတီမှဦးဆောင်၍ရံပုံငွေတိုးပွားရေးအစီအစဉ်များချမှတ်ဆောင်ရွက်နိုင်ခြင်း	• မူလတန်းပညာရေးမြင့်မားစေရေးဆောင်ရွက်ခြင်း – ကျောင်းကော်မတီမှဦးဆောင်၍ရံပုံငွေတိုးပွားရေးအစီအစဉ်များဆောင်ရွက်နိုင်ခြင်း – အစိုးရပညာရေးဌာနှင့်ချိတ်

ပြဿနာ	ဖြစ်ရသည့်အကြောင်းအရင်း	အထောက်အကူဖြစ်စေသည့်အချက်	အဟန့်အတား	ဖြေရှင်းနိုင်မည့်နည်းလမ်း	အဆိုပြုစီမံကိန်း
					ဆက်ဆောင်ရွက်ခြင်း၊ – စာသင်ကျောင်းဆောင်တိုးချဲ့ခြင်း
<u>ကျန်းမာရေးကဏ္ဍ</u> • ရွာရှိအိမ်တိုင်းတွင် ယင်လုံအိမ်သာအသုံးမပြုခြင်း	• အချို့အိမ်များတွင်ယင်လုံအိမ်သာမသုံးသောအလေ့အကျင့်မရှိခြင်း • နွေရာသီတွင်သုံးရေမလုံလောက်ခြင်း • ကျန်းမာရေးအသိပညာနည်းပါးခြင်း	• မြို့နယ်ကျန်းမာရေးဌာနသည်အိမ်တိုင်းယင်လုံအိမ်သာသုံးစွဲရေးစီမံချက်များချမှတ်ဆောင်ရွက်နေခြင်း • ကျေးလက်ဖွံ့ဖြိုးရေးဦးစီးဌါနမှကျေး ရွာဖွံ့ဖြိုးရေးလုပ်ငန်းများကိုအောက်ခြေအထိကွင်းဆင်းကာအရှိန်အဟုန်ဖြင့်ဆောင်ရွက်နေခြင်း	• ကျန်းမာရေးကဏ္ဍမြှင့်တင်ရန်သီးခြားဦးဆောင်အဖွဲ့အစည်းမရှိသေးခြင်း • တစ်ကိုယ်ရေသန့်ရှင်းရေးနှင့်ဆိုင်သောအမူအကျင့်များပြောင်းလဲရန်ခက်ခဲခြင်း • တစ်ချို့အိမ်များသည် ဆင်းရဲလွန်းသောကြောင့်တစ်ကိုယ်ရေသန့်ရှင်းရေးကိုဂရုမစိုက်နိုင်ခြင်း • ပင်လယ်ကမ်းစပ်ကျေးရွာဖြစ်သောကြောင့်ကမ်းစပ်တွင် အလွယ်တကူမစင်စွန့်လွှတ်ခြင်း	• ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးအမြင်ဖွင့်သင်တန်းများရယူခြင်း • အိမ်တိုင်းယင်လုံအိမ်သာအသုံးပြုရန် ကြိုးကြပ်ဆောင် ရွက်ရေးအဖွဲ့ဖွဲ့စည်းဆောင်ရွက်ခြင်း	• အိမ်တိုင်းယင်လုံအိမ်သာအသုံးပြုရေးအစီအစဉ်၊ – ယင်လုံအိမ်သာဆောက်လုပ်အသုံးပြုရန်ကြိုးကြပ်ရေးအဖွဲ့ ဖွဲ့စည်းခြင်း – ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးအမြင်ဖွင့်သင်တန်းများပေးခြင်း – ကျန်းမာရေးဝန်ထမ်းမှစနစ်တကျကြီးကြပ်စစ်ဆေးရေး အစီအစဉ်များ

ပြဿနာ	ဖြစ်ရသည့်အကြောင်းအရင်း	အထောက်အကူဖြစ်စေသည့်အချက်	အဟန့်အတား	ဖြေရှင်းနိုင်မည့်နည်းလမ်း	အဆိုပြုစီမံကိန်း
<u>လူငယ်၊ယဉ်ကျေးမှုနှင့် အားကစား</u> • လူငယ်များအတွက် အားကစားနှင့်ဗဟုသုတတိုးတက်ဖွံ့ဖြိုးလာစေရန်အထောက်အပံ့ကောင်း များမရှိခြင်း	• ဗဟုသုတတိုးပွားစေသောကျေရွာစာကြည့်တိုက်မရှိခြင်း • အင်တာနက်လူမှုကွန်ယက်များနှင့်အလှမ်းကွာဝေးခြင်း • တယ်လီဖုန်းလိုင်းများမကောင်းမွန်ခြင် • အားကစားပြုလုပ်နိုင်ရန်အထောက်အကူပစ္စည်းများမပြည့်စုံခြင်း • စားဝတ်နေရေးအတွက်အချိန်ပြည့်ရုန်းကန်နေရခြင်း၊	• လူငယ်များဖွံ့ဖြိုးရေးလုပ်ငန်းများတွင် တက်ကြွစွာပါဝင်လေ့ရှိခြင်း • လူငယ်အများစုစာတတ်မြောက်မှုရှိခြင်း	• ကျေးရွာတွင်လူငယ်များဗဟုသုတများဖွင့်ဖြိုးရေးအတွက်တိကျသောအစီအစဉ်များချမှတ်မထားခြင်း၊ • ဌာနဆိုင်ရာ၊အဖွဲ့အစည်းများနှင့်ချိတ်ဆက်မှုအားနည်းခြင်း	• လူငယ်များဗဟုသုတတိုးတက်ဖွံ့ဖြိုးရေးအတွက်အစီအစဉ်များချမှတ်ဆောင်ရွက်ခြင်း • အစိုးရဌာနဆိုင်ရာများနှင့်ချိတ်ဆက်ဆောင်ရွက်ခြင်း၊	• ကျေရွာစာကြည့်တိုက်အကောင်အထည်ဖော်ခြင်း – ကျေးရွာစာကြည့်တိုက်အကောင်အအထည်ဖော်ရေးကော်မီတီကိုဖွဲ့စည်းခြင်း – စာကြည့်တိုက်အဆောက်အဦအကောင်အထည်ဖော်ခြင်း – စာအုပ်စာတမ်းများပြည့်စုံစေရေးအတွက်ဌာနဆိုင်ရာများနှင့်ချိတ်ဆက်ခြင်း၊
<u>ကျေးရွာအတွင်းရှိအခြေခံအဆောက်အဦများ</u> • ကျေးရွာလမ်းတံတား	• ကျေးရွာတွင်းလမ်း	• ကျေးလက်ဦးစီးဌာနမှ	• ကျေးရွာချင်းဆက်	• ကျေးရွာအခြေခံအ	• ကျေးရွာတွင်းရှိလမ်း

ပြဿနာ	ဖြစ်ရသည့်အကြောင်းအရင်း	အထောက်အကူဖြစ်စေသည့်အချက်	အဟန့်အတား	ဖြေရှင်းနိုင်မည့်နည်းလမ်း	အဆိုပြုစီမံကိန်း
အဆောက်အဦများပြည့်စုံ မှုမရှိခြင်း၊	များမြေသားလမ်းဖြစ်၍မိုးရေတိုက်စားမှုကြောင့်မကြာခဏပျက်စီးခြင်း၊ • ရွာထိပ်ရှိ ကိုယ်ထူကိုယ်ထဆောက်လုပ်ထားသော သံကူကွန်ကရစ်တံတားအရည်အသွေး မပြည့်မီခြင်း	ကျေးရွာလမ်း၊တံတားများပုံပိုးသည့်အစီအစဉ်များရှိခြင်း၊ • လက်ရှိ မြစိမ်းရောင်စီမံကိန်းကျေးရွာဖြစ်ခြင်း	လမ်းအဆင့်မြှင့်တင်ရန်ငွေကြေး ပမာဏများစွာလိုအပ်ခြင်း • ကျေးလက်ဦးစီးဌာနမှ ကျေးရွာချင်းဆက်လမ်း၊တံတားများတည်ဆောက်ရန် ဘတ်ဂျက်အကန့်အသတ်ရှိခြင်း၊	ဆောက်အဦးကော်မတီဖွဲ့စည်းခြင်း • ကျေးရွာတွင်းလမ်းများ နှင့်ရွာချင်းဆက်လမ်းအဆင့် မြှင့်တင်ရေးအတွက်ကျေးလက်ဦးစီးဌာနနှင့် ချိတ်ဆက် ဆောင်ရွက်ခြင်း	တံတားအဆောက်အဦများအဆင့်မြှင့်တင်ခြင်း – ကျေးရွာအခြေခံအဆောက်အဦးကော်မတီ ဖွဲ့စည်းခြင်း – ကျေးလက်ဦးစီးဌာနနှင့်ချိတ်ဆက်ဆောင်ရွက်ခြင်း – ကျေးရွာတွင်းလမ်းများအဆင့်မြှင့်တင်ခြင်း – ရွာထိပ်ရှိသံကူကွန်ကရစ်တံတားအဆင့်မြှင့်တင်ခြင်း၊
<u>ကျေးရွာလျှပ်မီးလင်းရေး</u> • (၂၄)နာရီ အချိန်ပြည့်လျှပ်စစ်မီးမသုံးစွဲနိုင်ခြင်း	• မီးစက်ဖြင့်လျှပ်စစ်ဓါတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှာရေတိုအတွက်သာရည်ရွယ်ချက်ထားခြင်း၊ • မီးစက်ဖြင့်လျှပ်စစ်	• ကျေးလက်ဦးစီးဌာနမှစီမံကိန်းကျေးရွာများမီးလင်းရေးဆောင်ရွက်နေသည့်အစီအစဉ်များရှိခြင်း၊ • အိမ်ခြေ(၁၀၀)အိမ်	• ပင်မဓာတ်အားလိုင်းမှကိုယ်ထူကိုယ်ထလျှပ်စစ်မီးလင်းရေးဆောင်ရွက်ရန်အကုန်အကျများလွန်းခြင်း၊	• ၂၀၂၀ ခုနှစ်အတွင်း (၂၄)နာရီကျေးရွာမီးလင်းရေး ကော်မီတီဖွဲ့စည်းခြင်း • ကျေးလက်ဖွင့်ဖြိုးရေးဦးစီးဌာနနှင့်	• (၂၄)နာရီအချိန်ပြည့်လျှပ်စစ်မီးရရှိရေးဆောင်ရွက်ခြင်း – ကျေးရွာမီးလင်းရေးကော်မီတီဖွဲ့စည်းခြင်း

ပြဿနာ	ဖြစ်ရသည့်အကြောင်းအရင်း	အထောက်အကူဖြစ်စေသည့်အချက်	အဟန့်အတား	ဖြေရှင်းနိုင်မည့်နည်းလမ်း	အဆိုပြုစီမံကိန်း
	ခါတ်အားဖြန့်ဖြူးရသည့်အတွက်(၂၄)နာရီအချိန်ပြည့်မီးပေးနိုင်ရန်အကန့်အသတ်များစွာရှိခြင်း	သည်မီးကြိုးများ၊မီးချောင်းများဝယ်ယူပြီးဖြစ်ခြင်း • မာန်အောင်မြို့နှင့်(၂၄)ကီလိုမီတာသာဝေးကွာ ခြင်း • လက်ရှိမြစိမ်းရောင်စီမံကိန်းကျေးရွာဖြစ်နေခြင်း	• ကျေးလက်ဦးစီးဌာနမှစီမံကိန်းကျေးရွာများအားလုံးမီးလင်းရေးဆောင်ရွက်ရန် ဘတ်ဂျက်များစွာလိုခြင်း၊	ချိတ်ဆက်ဆောင်နိုင်ခြင်း၊ • ကျေးရွာမှထည့်ဝင်ရမည့်ပစ္စည်း၊ငွေကြေးများအတွက်အစီအစဉ်များချမှတ်ဆောင်ရွက်ခြင်း	– ကျေးလက်ဖွင့်ဖြိုးရေးဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း၊ – (၂၄)နာရီမီးလင်းရေးအကောင်အထည် ဖော်ခြင်း

ရည်ညွှန်းချက်များ

၁။ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ကျေးလက်ဒေသဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲခြင်း လမ်းညွှန်စာအုပ်၊ ၂၀၁၅၊ မေ၊

၂။ မာန်အောင်မြို့နယ်၊ ဇီးတောကျေးရွာတွင် ၂၀၁၅ စက်တင်ဘာလတွင် ကျင်းပခဲ့သော ကျေးရွာအခြေ အနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းလုပ်ငန်းမှ မှတ်စုများ၊

၃။ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၏ ကျေးရွာဆိုင်ရာ ရည်ညွှန်းမှတ်တမ်းစာအုပ်၊

အပိုင်း (ခ) စီမံကိန်းဆိုင်ရာ အချက်အလက်

စီမံချက်အဆိုပြုလွှာ (သို့) စီမံကိန်းအကြောင်းအရာ (Project profile)

ကျေးရွာ -	
ကျေးရွာအုပ်စု -	
မြို့နယ် -	
တိုင်းဒေသကြီး / ပြည်နယ် -	
စီမံကိန်းအမည် -	
စီမံကိန်းဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ	
စီမံကိန်းရည်ရွယ်ချက်(လက်ရှိအခြေအနေအား ပိုကောင်းအောင်ဆောင်ရွက်လိုသည့် ဆန္ဒဖော်ပြရန်)	
မျှော်မှန်းအကျိုးရလဒ် (လက်ငင်းရည်ရွယ်ချက် ရောက်ရှိပြီးနောက် ထပ်ဆင့်ရရှိလာမည့် အကျိုးကျေးဇူး များ)	
စီမံကိန်းဆိုင်ရာ အချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ ဘယ်လောက် ပမာဏလုပ်ရမည်)	
စီမံကိန်း ကုန်ကျစရိတ်ထည့်ဝင်မှု	
ခန့်မှန်းကုန်ကျစရိတ် (ကျပ်)	ထည့်ဝင်မည့် အစီအစဉ်
• .....(ငွေသား) • .....(ငွေသား) • .....(ပစ္စည်း/လုပ်အား) •	• ကျေးလက်ဦးစီး • ကျေးရွာ • ကျေးရွာ •

အကျိုးခံစားသူဦးရေ	လူဦးရေ			ဆင်းရဲချမ်းသာမှု အဆင့်အတန်း (အိမ်ခြေ)				
	ကျား	မ	ပေါင်း	၁	၂	၃	၄	ပေါင်း
ကျေးရွာအဆင့်								
အကျိုးခံစားမည့် ဦးရေ								
မှတ်ချက်။ ချောင်လည်အဆင့် –၁၊ အလယ်အလတ်အဆင့် – ၂၊ ဆင်းရဲ – ၃၊ အလွန်ဆင်းရဲ – ၄								

စီမံချက် အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

(၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း (များ)၊ အကောင်ထည်ဖော်မည့်စနစ် (ကော်မတီကိုယ်တိုင်၊ ကန်ထရိုက်ငှား)
(၂) စီမံကိန်းစတင်မည့် အချိန် ခန့်မှန်း
(၃) စီမံကိန်းပြီးစီးမည့်အချိန်
(၄) ကျေးရွာထည့်ဝင်မှု ရရှိအောင် ဆောင်ရွက်မည့် အစီအစဉ်
(၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ